# စုလှပြေ

## အရှင်သိုးဝင်းကို လွမ်းပါတယ်

# ဇလှဖြူ

## အရင်ဆုံးမင်းကိုလွမ်းပါတယ်

(ပထမတွဲ)

ပြည်လုံးကျွတ်ဖြန့်ချိရေး

မြားနတ်မောင်
စာပေ
အမှတ် ၂၇၊ သင်္ဂဟာလမ်း
ကျောက်မြောင်း။
ဖုန်း-၅၄၃၀၁၈

စာမူခွင့်ပြုချက် အမှတ် ..... ၇၉၁/၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၆၇၈/၂၀၀

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၃ ၊ [redacted] ဩဂုတ်လ

အုပ်ရေ
၁၀၀၀-အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
e-host Digital Media Group
ph : 525305 ၊ 537006

စီစဉ်သူ
ကိုရန်နိုင်ဝင်း

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေတိုက် (၀၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဦးစိုးမြင့်(၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအာ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆ ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေးရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသောဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့် ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေး။

# စုလှဖြူ

## အရင်ဆိုးမင်းကိုလွမ်းပါတယ်

# အပိုင်း(တစ်)

# အခန်း(၁)

သူမတို့အိမ်နှင့် မနီးမဝေးရှိ ဘုရားကျောင်းတည်ရှိနေသည့် လမ်းဘက်သို့ ကားကိုချိုးကွေ့လိုက်ပြီးနောက် ဖြည်းဖြည်း မောင်းလာခဲ့သည်။

သူ့ရှေ့မှ မြင်ကွင်းတစ်ခုကြောင့် ကားကို ဘရိတ်အုပ်ပြီး ထိုးရပ်လိုက်သည်။

သူ၏ Honda Odyssey ကားလေးတုံ့ခနဲ ရပ်သွားသည်။

ခရစ်ယာန် ဘုရားကျောင်းဘေးမှာ ရောမ ညောင်ပင်ကြီးပြီး ဘုရားကျောင်းဝင်းထဲတွင် ထင်းရှူးပင်မြင့်ကြီးများ အုံ့ဆိုင်းနေကြသည်။

မြားနတ်မောင်စာပေ

ထိုထင်းရှူးပင်မြင့်ကြီးများနှင့် မလှမ်းမကမ်းတွင် တရုတ်စံကားပင်ကြီးတစ်ပင်ရှိပြီး ထိုစံကားပန်းပင်ကြီးအောက်ရှိ အုတ်ခုံလေးပေါ်မှာ မိန်းကလေးတစ်ယောက်ထိုင်နေသည်။

ဆွေရှန်းရီ. . ။

သူရင်ခုန်ခြင်းများစွာဖြင့် သူမကို ငေးကြည့်နေမိသည်။

သူမသည် ရှည်လျားနက်မှောင်သော ပိတုံးရောင်ကေသာများကို ဖြန့်ချထားပြီး စံကားပန်းကုံးလေးကို ဆံကေသာထိပ်တွင် ပန်ဆင်ထားသည်။

သူမနှင့် မလှမ်းမကမ်းမှာ တုံ့ခနဲ ရပ်သွားသော သူ၏ Honda Odyssey ကားလေးကို သူမ သတိထားမိပုံမရ။

သူမမျက်ဝန်းများက မြက်ခင်းပြင်ပေါ် ကြွေကျနေသည့် စံကားပန်းပွင့်များကိုသာ စူးစိုက်နေသည်။

သူမကို သူငေးကြည့်နေမိသည်။

ဆွေရှန်းရီဆိုသည့် တမ်းတခေါ်သံများ ရင်ထဲမှာ ပဲ့တင်ထပ်နေသော်လည်း သူဟာ ဆွေရှန်းရီမဟုတ်ဘူးဆိုတာ သူအသေအချာသိနေပါသည်။

မိန်းကလေးရယ်. . . ဆွေရှန်းရီရဲ့ ဖြစ်လိုက်ပါတော့ကွယ်။

တမ်းတလွန်းရသည့် ဝေဒနာများကြောင့် သူ့မျက်လုံးတွေ ရီဝေလာသည်။



သူမသည် အနက်ရောင်ထဘီ၊ အနက်ရောင်တွင်းဆက်များကို တွဲဝတ်ထားပြီး ငိုင်တွေစွာ ထိုင်နေရာမှာ ရုတ်တရက် လှည့်ကြည့်လိုက်သောကြောင့် သူနှင့်မျက်မှန်းတန်းမိသွားသည်။

သူရင်ခုန်သွားမိသည်။

သူမနှင့် အကြည့်ချင်းဆုံ၍ ပိုပြီး ရင်ခုန်နေမိခြင်းပါ။

သူမသည် ဆွေရှန်းရီနှင့် အလွန်တူသော မိန်းကလေးတစ်ယောက်ရယ်ပါ။

သူမနှင့် ပတ်သက်ခဲ့သည့် အတိတ်ကို မေ့နိုင်စွမ်းမရှိတဲ့ သူ့အဖို့ သည်မိန်းကလေးနှင့်တွေ့ဆုံရခြင်းဟာ သူ့ဘဝထဲသို့ ဆွေရှန်းရီ နောက်တစ်ယောက် ပြန်ရောက်လာလေသလား. . .

သူမက ငိုင်တွေစွာ ဆက်လက်ထိုင်နေဆဲပင်။

သူကားပေါ်မှ ဆင်းလာခဲ့သည်။

ပြီးတော့ ဘုရားကျောင်းထဲသို့ ဝင်လာခဲ့သည်။

ဆွေရှန်းရီ. . .

ဆွေရှန်းရီ. . .

မင်းနဲ့သိပ်တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရမြင်ရလိမ့်မယ်လို့ ကိုကို ဘယ်လိုမှ ထင်မထားခဲ့မိဘူး. . .

အခုတော့ မင်းနဲ့သိပ်တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ရပြီ. . .

မင်းကို သိပ်ချစ်တဲ့ ကိုကို့အတွက် ဘုရားသခင်က ဖန်ဆင်း ပေးလိုက်တာများလား. . .

သူသည် ဘုရားဝတ်ပြုပြီးချိန်တွင် ဘုရားကျောင်းထဲမှ သွက်လက်စွာထွက်လာခဲ့သည်။

သူမ ထိုင်နေသော အုတ်ခုံလေးကို လှမ်းကြည့်လိုက်တော့ သူမကို မတွေ့ရတော့ပေ။

သူမ ပြန်သွားပြီ အထင်နှင့် သူ့ရင်ထဲမှာ ဟာသွားသည်။

သူ ကားပေါ်တက်၍ စက်နှိုးလိုက်၏။

ထိုစဉ် စံကားပင်ကြီးအကွယ်မှ ထွက်လာသည့်သူမကို တွေ့လိုက်ရသည်။

သူမ စံကားပန်းကောက်နေခြင်းပါလား. . .

သူမကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ကားကို မောင်းထွက်လာခဲ့မိသည်။

သည်ထက်ပိုပြီး သူမကိုကြည့်မနေသင့်တော့မှန်း နားလည်လိုက်ပါသည်။

ထို့ကြောင့် ကားကို မောင်းထွက်ခဲ့ရခြင်းဖြစ်သည်။

ဆွေရှန်းရီ. . .

သူ၏ အချစ်ဦးမိန်းကလေး. .

ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ အချိန်လေးတွေကို ဘယ်လိုမှ မေ့မရနိုင်ပါဘူးကွယ်. . .



ကိုကိုနဲ့အဝေးဆုံး ကမ္ဘာတစ်ခုကို မင်းထွက်ခွာသွားတာ [သ]ုံးနှစ်နီးပါး ကြာခဲ့ပြီ. .

ဒါပေမယ့် ယနေ့ထက်တိုင် မင်းကို တစ်ရက်မှ မေ့လို့ မရသေးဘူး။

ချစ်ဦးသူရဲ့ ရုပ်သွင်၊ အရိပ်ဏ္ဌာန်တွေက ကိုတို့ရင်မှာ ထာဝရရှိနေဆဲပါ အချစ်ဦးရယ်. . .

ဘုရားကျောင်းရှေ့ အုတ်ခုံပေါ်မှ မိန်းကလေးကြောင့် သူ့ရင်ထဲမှ အတိတ်တို့ အရိပ်ထင်လာရပြန်သည် မဟုတ်ပါလား. .

စံကားပန်းကုံးလေးပန်ပြီး တစ်စုံတစ်ယောက်ကို မျှော်နေတဲ့ သူမရဲ့ ရုပ်သွင်ပုံစံလေးဟာ သနားစရာ၊ စိတ်ဝင်စားစရာရယ်ပါ. . .

ဆွေရှန်းရီနှင့် တူလှသည့် သူမကို နောက်ထပ် တွေ့ဆုံနိုင်ရန် သူဆုတောင်းနေမိသည်။

သူကလေးနှင့် ပြန်ဆုံပါရစေ. . .

* * * * * * * * * * *

## အခန်း(၂)

ဘုရားရှိခိုးကျောင်းတက်သည့် တနင်္ဂနွေနေ့လေးတွင် သူရောက်လာခဲ့ပြန်သည်။

သူသည် ဘုရားကျောင်းရှိရာသို့ စောစောပင် ထွက်လာခဲ့၏။

ဆွေရှန်းရီ ကိုယ်ပွားလေးကို မြင်ချင်သည့်စိတ်ကြောင့် သူရင်ခုန်နေမိသည်။

ဘုရားကျောင်းအနီးသို့ ရောက်လာသည်နှင့် သူမကို လှမ်းကြည့်လိုက်မိသည်။

လွန်ခဲ့သည့် တနင်္ဂနွေနေ့က သူမကို တွေ့ခဲ့ရသည့် အုတ်ခုံပေါ်မှာပင် ထိုင်လျက် တွေ့လိုက်ရပြန်သည်။

မြားနတ်မောင်စာပေ

ဟိုတစ်နေ့ကလိုပင် သူမသည်ဖြောင့်စင်းသော ဆံပင်နက်နက်များကို ကျောပေါ်သို့ ဖြန့်ချထားပြီး စံကားပန်းကုံးတစ်ခုကို ကေသာထက်မှာ ဝိုက်၍ ပန်ဆင်ထားသည်။

နက်ပြာရောင် ပြောင်စကတ်ရှည်နှင့် ခါးရှည်အင်္ကျီတို့ကို တွဲဝတ်ထားပြီး စလစ်ပါအဖြူရောင်ကို စီးထားသည်။

သူမသည် ဘုရားကျောင်းရှေ့ရှိ ကတ္တရာလမ်းဖြူးဖြူးကို လှမ်းကြည့်နေသည်။

တစ်ယောက်ယောက်ကို မျှော်နေတာ သေချာပါသည်။

သူသည် ကားကို ခပ်ဖြည်းဖြည်း မောင်းလာခဲ့ရင်း သူမနှင့် ခပ်လှမ်းလှမ်းတွင် ရပ်လိုက်၏။

သူမက သူ့ကိုလှည့်မကြည့်။

သူမအကြည့်များက ကတ္တရာလမ်းဖြူးဖြူးဆီသို့သာ ဖြစ်သည်။

သူသည် ကားပေါ်မှာပင်ထိုင်နေပြီး သူမကိုစိတ်ဝင်တစား ငေးကြည့်နေမိသည်။

ဘုရားဝတ်ပြုဆုတောင်းမေတ္တာပို့ရန် တဖွဲဖွဲရောက်လာကြသည့် လူတွေနှင့်အတူ ဘုရားကျောင်းထဲသို့ သူဝင်လာခဲ့သည်။

Church ထဲဝင်လာခဲ့ပြီး ဘုရားဝတ်ပြုကြသည်။

ပြီးတော့ Churchထဲ မှပြန်ထွက်လာခဲ့သည်။





သူမရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

ဆွေရှန်းရီ၏ ကိုယ်ပွားလေးကို အုတ်ခုံပေါ်တွင် ထိုင်နေလျက်တွေ့နေရဆဲပင် ဖြစ်သည်။

သူကားပေါ်တက်၍ ပြန်ထိုင်နေရင်း သူမကို ငေးကြည့်နေမိသည်။

သူမမျက်နှာပေါ်တွင် ခံစားချက်တစ်ခုရှိနေသည်။

သူမစောင့်နေတာ သူမရဲ့ချစ်ဦးသူ ကောင်လေးတစ်ယောက်ကိုများလား. . .

အထီးကျန်သူမကို မိတ်ဆွေဖွဲ့ချင်နေမိ၏။

သူမက ကြည့်ရလေ ဆွေရှန်းရီနှင့် တူလေပင်။

သူမကို စိတ်ဝင်စားမိသလို ဂရုဏာဖြစ်နေမိ၏။

သူမစောင့်မျှော်နေတဲ့ သူမရဲ့ချစ်သူမြန်မြန်ရောက်လာပါစေဟု သူမအတွက်ဆုတောင်းနေမိသည်။

* * * * * * * * * * *

## အခန်း (၃)

စတုတ္ထမြောက် တနင်္ဂနွေနေ့တွင်တော့ သူသည် တူမ ဝမ်းကွဲနှစ်ယောက်ဖြစ်သည့် ဂျူလီနှင့် မော်လီတို့ကို သူနှင့်အတူ ခေါ်ဆောင်လာခဲ့သည်။

ကားမောင်းလာရင်း သူမတို့နှစ်ယောက်ကို အကျိုးအကြောင်းပြောပြနေမိ၏။

"တကယ်ပြောတာပါ . . . အဲ့ဒီမိန်းကလေးဟာ သေဆုံးသွားခဲ့ပြီဖြစ်တဲ့ ငါ့ရဲ့ချစ်ဦးသူ ဆွေရှန်းရီနဲ့ သိပ်တူတယ်၊ ဆွေရှန်းရီရဲ့ ကိုယ်ပွားလေးဆိုရင် မမှားဘူး"

"အဲဒီတော့ ဂျူလီတို့က ဘာလုပ်ပေးရမှာလဲ"

"မော်လီက အောင်သွယ်လုပ်ရတာ ဝါသနာတယ် . . ခစ် . . ခစ်"

ပြားနတ်မောင်စာပေ

သူ့တူမနှစ်ယောက်က အသွက်ကလေးတွေမို့ သူ့ကို ပြန်နောက်နေကြသည်။

"ငါက သူ့ကို သိပ်စိပ်ဝင်စားတာပဲ၊ သူ့အကြောင်း မေး ကြည့်ချင်တယ်၊ ဒါပေမယ့် မမေးရဲဘူး၊ ဒါကြောင့် တူမချောတွေကို ခေါ်လာရတာပေါ့"

"အန်ကယ်လ် လှိုင်းထိပ်ဦးကလဲ ဒီအသက်ဒီအရွယ် ရောက်နေပြီ၊ မိန်းမပိုးတတ်သေးဘူးလား"

မော်လီ့စကားကြောင့် လှိုင်ထိပ်ဦး ရှက်ကိုးရှက်ကန်းဖြစ်ပြီ သူ့မျက်နှာကြီး တစ်ခုလုံး နီအမ်းထူမြန်းသွားလေသည်။

"ငါ့အကြောင်းလဲ နင်တို့အသိသားပဲမဟုတ်လား၊ ဆွေရှန်း ဆုံးသွားပြီးကတည်းက ဘယ်မိန်းကလေးနဲ့မှ ရောရော ဝင်ဝ မနေခဲ့ဘူးလေ၊ ဆွေရှန်းရဲ့ မရှိတော့တဲ့နောက် အသက် မရှင်ချင်တော့လောက်အောင် နှလုံးသားသေဆုံးခဲ့တဲ့ ငါဟာ ဆွေရှန်းရဲ့ ကိုယ်ပွားလေးကိုတွေ့မှပဲ ပြန်ပြီး ဘဝရှင်သ လာခဲ့ရတယ်"

သူ့စကားကြောင့် မော်လီနှင့် ဂျူလီတို့သဘောကျသလို ရယ်မောလိုက်ကြသည်။

"အမလေး. . . အန်ကယ်လှိုင်းထိပ်ဦးက အဘိုးကြီးပေမယ့် ကဗျာဆန်လိုက်တာနော်"

မြားနတ်မောင်စာပေ



"ဟုတ်ပါရဲ့ နှလုံးသားအကြောင်းတွေကို ရေးဖွဲ့ခံစား တတ်တဲ့ စာရေးစရာလုပ်ပါလား၊ ဖတ်တဲ့သူတွေတစ်ခါတည်း ကြွေသွားမယ်"

သူ့တူမနှစ်ယောက်နောက်နေသောကြောင့် သူစိတ်တို နေမိသည်။

"နင်တို့ကလဲ နောက်နေကြပြန်ပြီ၊ ငါ့ကိုလဲ အဘိုးကြီးတဲ့ ခုမှငါ့အသက်က သုံးဆယ်ကျော်ရုံရှိသေးတယ်"

"အန်ကယ် လှိုင်းထိပ်ဦးကလဲ စိတ်မဆိုးပါနဲ့၊ ဂျူလီတို့က အခုမှနှစ်ဆယ်ဆိုတော့ အန်ကယ်လ်ကို အဘိုးကြီးတစ်ယောက် လို မြင်တာမဆန်းပါဘူး"

"တော်ကြစမ်း. . ဟိုမှာ ဘုရားကျောင်းရှေ့ရောက် တော့မယ်"

ဘုရားကျောင်းအနီးရောက်တော့ သူကားကို ရပ် လိုက်သည်။

သည်ကနေ့တော့ သူမကို စံကားပင်အောက်မှာတွေ့ရ သည်။

သူမသည် စံကားပန်းများကို စိတ်ဝင်တစားကောက် လျက်ရှိ၏။

"အန်ကယ်လ် ကောင်မလေးကို ပြပါဦး၊ ဘယ်သူလဲလို့" ဂျူလီက မေးလိုက်သည်။

မြားနတ်မောင်စာပေ

သူမရပ်နေသည့်နေရာသို့ မော်လီကလှမ်းကြည့်ပြီး။

"ဟို ဆံပင်အရှည်ကြီးနဲ့ မိန်းကလေးလား" ဟု မေးလိုက်သည်။

"ဟုတ်တယ် . . သူကလေးပဲ"

ဂျူလီနှင့် မော်လီတို့နှစ်ဦး၏ မျက်လုံးများ သူမထံသို့ စူးစူးစိုက်စိုက်ကျရောက်သွားသည်။

သူမကို ကြည့်ပြီး နှစ်ယောက်လုံး မျက်လုံးတွေပြူးကျယ်သွားကြသည်။

"ဟယ် . . ဟုတ်ပါရဲ့၊ ဆွေရှုန်းရီနဲ့ တူလိုက်တာ"

"ဟုတ်တယ်နော် . . ဆံပင်တွေလဲ အတူတူပဲ၊ သူက ဆွေရှုန်းရီထက်ပိုပြီးအရပ်နည်းနည်းမြင့်တယ်၊ မသိမသာ ကလေးပါ"

သူတို့သုံးယောက်သားကားပေါ်မှ ဆင်းလာခဲ့ကြပြီး ဘုရာကျောင်းဝင်းထဲ ဝင်လာခဲ့ကြသည်။

ဘုရားရှိခိုးကျောင်းပြီးချိန်မှပင် သူတို့သုံးဦးထွက်လာခဲ့ကြသည်။

"ဇာတ်လမ်း စရတော့မလား အန်ကယ်လ်"

ဂျူလီက သူ့မျက်နှာကို ကြည့်ပြီး မေးလိုက်သည်။

"အိုကေ . . ဒါပေမယ့် အန်ကယ်မှာထားသလို





မသိမသာ မေးနော်၊ လွန်ခဲ့တဲ့ ရက်တွေက သူ့ကို နင်တို့ကိုယ်တိုင် မြင်ခဲ့သလို မေးပါ"

"စိတ်ချ . . အန်ကယ်လ် . . စိတ်ချ၊ ဂျူလီတို့ ဒီလောက် မအပါဘူး အန်ကယ်လ်ရဲ့"

ဂျူလီတို့ညီအစ်မနှစ်ဦး ထိုမိန်းကလေးရှိရာလျှောက်သွားကြစဉ် သူကမယောင်မလည် လိုက်လာခဲ့ပြီး ဘောလုံးပစ်နေသည့် ကလေးများအနီးတွင် ရပ်နေလိုက်သည်။

ဂျူလီနှင့် မော်လီက သူမအနီးရောက်တော့ . . .

"ဒီမှာ မမ"ဟု ခေါ်လိုက်ကြသည်။

ဂျူလီတို့နှစ်ယောက်ကို သူမအံ့သြစွာ လှည့်ကြည့်လိုက်၏။ ပြီးတော့ မေးလိုက်သည်။

"မမကို ခေါ်တာလား"

သူမက ဂျူလီတို့ထက် သုံးနှစ်ခန့်ကြီးမည်ဟု ခန့်မှန်းရပြီး စကားပြောရာတွင် သူမကိုသူမ မမဟုသုံးနှုန်းလေသည်။

"ဟုတ်တယ် ၊မမကိုခေါ်တာပါ"

"မမကိုသိနေလို့လား"

သူမမျက်နှာလေးက ညိုးနေသော်လည်း အသံက ကြည်လင်ပြတ်သားပြီး ဆွဲဆောင်မှုအင်အားတစ်ခု ပါသည်ဟု

ထင်မိသည်။

လှိုင်းထိပ်ဦး နားစွင့်နေမိသည်။

"မမကို မသိပါဘူး။ ဒါပေမယ့် ပြောပြချင်တာလေးတွေ ရှိလို့ပါ၊ ပြီးတော့ သိချင်တာလေးတွေ မေးချင်လို့ပါ"

သူမက အံ့ဩနားမလည်စွာငေးကြည့်နေမိသည်။ ပြီးတော့ ခေါင်းညိတ်လိုက်၏။

"ညီမလေးတို့နဲ့ သိကျွမ်းတဲ့မိတ်ဆွေမမတစ်ယောက်နဲ့ ဒီကမမနဲ့ သိပ်တူတာပဲ၊ ဒါကြောင့် မမကို စိတ်ဝင်စားလို့ မိတ်လာဆက်တာပါ၊ မမနာမည် ဘယ်သူလဲဟင်"

"ခင်ယွန်းဖြူပါ"

"ဟယ်. . နာမည်လေးကလှလိုက်တာ၊ လူကလဲ သိပ်လှတာပဲ၊ မမက ဘယ်မှာနေတာလဲ ဟင်"

ထိုမေးခွန်းကိုတော့ သူမမပြန်ဖြေပါ။

မော်လီက သူမကို အကဲခတ်ကြည့်နေရာမှ. .

"မမကို ဒီစကားပင်အောက်မှာ တွေ့တွေ့နေရတာ တစ်လလောက်ရှိပြီနော်"

"ဟုတ်လား"

သူမအံ့ဩသလို ပြန်မေးလိုက်သည်။

"ဟုတ်တယ် မမ၊ ဘယ်သူ့ကို လာစောင့်နေတာလဲဟင်"

မြားနတ်မောင်စာပေ



မော်လီ့အမေးကြောင့် သူမအံ့အားသင့်သွားသည်။

စပ်စုနိုင်ရန်ကောဆိုသည့် မျက်ဝန်းများဖြင့် မော်လီကို ကြည့်လိုက်ပြီးနောက် အဖြေပေးရန်ခက်နေပုံရလေသည်။

"စိတ်မရှိပါနဲ့နော် မမ၊ မော်လီတို့က စိတ်ဝင်စားလို့ မေးမိတာပါ"

"မမ သူငယ်ချင်းကိုပါ"

"ဒီလောက်ရက်တွေအကြာကြီး ႐ုလာစောင့်နေရတာ မလာဘူးလား မမ"

မမျှော်လင့်သည့်အမေးကြောင့် သူမမျက်နှာတစ်ခုလုံး ညိုမြန်းသွားပြီး ရှက်ရွံ့သည့် အမူအယာဖြင့် လှည့်ထွက်သွားသည်။

အထက်တန်းကျကျဝတ်စားပြင်ဆင်ထားသည့် မော်လီတို့ ညီအစ်မနှစ်ဦးကို ဘဝင်မတွေ့လှသော်လည်း မိန်းကလေးချင်းမို့ အားနာနေမိသည်။

သူမလှည့်ထွက်သွားသောကြောင့် စပ်စပ်စုစုမေးမိသည့် အဖြစ်အတွက် သူမတို့နောင်တရသွားပုံဖြင့် ချာခနဲ လှည့်ထွက်လာကြသည်။

ကားအနီးရောက်တော့ သူမတို့နှစ်ဦးနှင့် လှိုင်းထိပ်ဦးတို့ ပြန်ဆုံမိကြသည်။

မြားနတ်မောင်စာပေ

“ကဲ . . . အန်ကယ်လ်၊ မြင်တဲ့ကြားတဲ့ အတိုင်းပဲ၊ ချစ်မမက မေးခွန်းတွေများလွန်းလို့ စိတ်ဆိုးပြီး လှည့်ထွက်သွားပြီ”ဟု ဂျူလီက ပြောလိုက်သည်။

“လူတစ်ယောက်ရဲ့ အကြောင်းကို ဒီလောက်စပ်စပ်စုစု မေးရတာ အားနာစရာကောင်းပါတယ်၊ သူလဲ ဘယ်ဖြေချင်ပါ့မလဲ အန်ကယ်လ်ရယ်”

မော်လီပြောတာ မှန်သည်။

သူမအကြောင်း စပ်စပ်စုစုမေးမိသည့်အတွက် အားတုံ့ အားနာဖြစ်နေမိသည် မဟုတ်ပါလား. .

“သူ့နာမည်က ခင်ယွန်းဖြူတဲ့၊ နာမည်လေးက ကဗျာ ဆန်လိုက်တာ”

ဂျူလီ ချီးမွမ်းလိုက်သည်။

သူက မျက်မှောင်ကုတ်သွားပြီး ဝမ်းသာအားရ အမူ အရာဖြင့်. . .

“ခင်ယွန်းဖြူ တဲ့လား၊ နာမည်က လူလိုပဲ သိပ်လှတယ်၊ ငါနားစွင့်နေမိပေမယ့် သူ့အသံကတိုးတိုးလေးမို့ နာမည် ပြောတာသေသေချာချာ မကြားလိုက်ဘူး”

“ခုကြားရပြီ မဟုတ်လား အန်ကယ်လ်ရာ၊ အကဲ ပိုမနေပါနဲ့”





“အကဲ မပိုပါဘူး”

“အန်ကယ်လ်ကြည့်ရတာ အသည်းတုန်နေပုံရတယ်၊ ဘယ်လိုလဲ အန်ကယ်လ်၊ အဲ့ဒီမမကို အန်ကယ်လ် တကယ်ပဲ ချစ်တော့မှာလား”

ဂျူလီနှင့် မော်လီတို့ တစ်ယောက်တစ်လှည့်ပြောနေ မေးနေကြသည်။

သူတောက်ပစွာ ပြုံးလိုက်မိသည်။

သူ့မျက်နှာကို ကြည့်ပြီး တူမချောနှစ်ယောက် ထူးထူး ဆန်းဆန်း အံ့သြနေမိကြသည်။

သူ့မျက်နှာပေါ်တွင် ထိုအပြုံးမျိုးမမြင်ရတာကာလ အတော်ကြာခဲ့ပြီဖြစ်သည်။

“သူ့ကိုမြင်မြင်ချင်းချင်း စိတ်ဝင်စားနေမိတယ်၊ သူဟာ ဆွေ့ရှန်းရိ ကိုယ်ပွားလေးအဖြစ်နဲ့ ငါ့ရှေ့ကိုပြန်ရောက်လာခဲ့တယ်လေ ဒါဟာ ဘုရားသခင်ပေးတဲ့ ဆုလာဘ်တစ်ခုပဲ”

“ဒါဖြင့် သူနဲ့နီးစပ်အောင် ကြိုးစားပေါ့ အန်ကယ်လ်ရဲ့”

“သူနဲ့ ငါနီးစပ်အောင် ကြိုးစားမှာပါ၊ သူ့ကိုမြင်ရမှ ငါ့နှလုံးသားတွေ ပြန်လည်ရှင်သန်လာခဲ့တယ်”

လာမည့် တနင်္ဂနွေနေ့တွင် Church သို့သွားရင်း သူမကို တွေ့ဆုံရဦးမည် မဟုတ်ပါလား. . . .

သူမ၏ ပုံရိပ်လေးများက သူ့မျက်ဝန်းတွေထဲမှ ဖျောက်ဖျက်၍မရနိုင်အောင်ပင် စိုးမိုးထင်ဟပ်နေလေသည်။

* * * * * * * * * * *

## အခန်း(၄)

ပဥ္စမမြောက် တနင်္ဂနွေနေ့။

ထိုနေ့နံနက်စောစောပင် Church အနီးသို့သူရောက် ...လာခဲ့ပြီး စံကားပင်ကြီးအောက်တွင် စံကားပန်းများ ကောက်၍ ...န်းကုံးတစ်ခုသီနေမိသည်။

သူမရောက်လာချိန်တွင် သူမထိုင်နေကျ အုတ်ခုံလေးပေါ်၌ ...ထိုင်နေသည့် သူစိမ်းယောကျ်ားတစ်ဦးကို တွေ့လိုက်ရ ...သောကြောင့် အံ့သြသွားမိသည်။

သူမစံကားပင်ကြီးကိုကွယ်၍ တစ်ယောက်တည်း ...ပ်နေသည်။

သူကအရဲစွန့်ပြီး သူမရှေ့မှာလာရပ်လိုက်၏။

ပြီးတော့ မဝံ့မရဲပြုံးပြလိုက်သည်။

"ဒီမှာ. . မင်းအတွက် ပန်းကုံးလေး၊ ကိုယ့်လက်ဆောင်ပါ"

သူပေးသည့် ပန်းကုံးကို သူမကမယူဘဲ ခေါင်းခါယမ်းလိုက်သည်။

"ဒါနဲ့ တစ်ယောက်ယောက်ကို စောင့်နေတုန်းပဲလား"

သူက သူမမျက်နှာကို စူးစိုက်ကြည့်ပြီးမေးလိုက်သည်။

သူမမျက်နှာအနည်းငယ် တင်းသွားပြီး သူ့အနီးမှ လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ခဏနေပါဦး မိန်းကလေး၊ ကိုယ့်အတွက် စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ဒီကနေ့ မနက်စောစောကိုယ်ရောက်လာခဲ့ပြီး မင်းအတွက် ပန်းကုံးလေးသီထားခဲ့တာပါ။ ကိုယ့်ကို စိတ်မဆိုးဘူး မဟုတ်လား"

"ရှင်က ကျွန်မကို စောင့်ကြည့်နေတာလား၊ ဘာကိစ္စစောင့်ကြည့်နေတာလဲ"

"ကိုယ်အမှန်အတိုင်းပြောရင် မင်းခွင့်လွှတ်မှာလား"

"ခွင့်လွှတ်သင့်ရင် ခွင့်လွှတ်မှာပေါ့"

"မင်းကို ကိုယ် စိတ်ဝင်စားနေမိတယ် ၊ ဒါကြောင့်စောင့်ကြည့်နေမိတာ"

"ရှင်က စာရေးဆရာလား၊ ဇာတ်လမ်းတွေရှာရင်းကျွန်မကို တွေ့ပြီး စိတ်ဝင်တစားစောင့်ကြည့်နေတယ် ဆိုပါတော့"

မြားနတ်မောင်စာပေ



"ကိုယ်က စာရေးဆရာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် Publisher တစ်ယောက်တော့ ဟုတ်ပါတယ်၊ မင်းဇာတ်လမ်းလေးက ကောင်းမယ်ဆိုရင်တော့ မင်းကိုယ်တိုင်ပဲ ရေးပါလား၊ ကိုယ်ထုတ်ပေးမယ်လေ"

သူ့စကားကြောင့် သူမမသိမသာ မဲ့ပြုံးပြုံးလိုက်သည်။

သူမအကြောင်းကို စိတ်ဝင်တစားမေးလာသူ၊ စိတ်ဝင်တစားစောင့်ကြည့်နေသူက သူမ၏မိတ်ဆွေလည်း မဟုတ်၊ သူမနှင့်အသိကျွမ်းဖူးသော ယောကျ်ားတစ်ဦးဖြစ်နေသည်။

ထို့ကြောင့် ထိုလူကို အကဲခတ်ကြည့်နေမိသည်။

သူသည် အညိုရောင် ဘက်ဂီဘောင်းဘီ၊ အပြာနုရောင်ပိုးရှပ်လက်တိုကို ဝတ်ဆင်ထားပြီး ဟပ်ဖ်အညိုကို စီးထားသည်။

သူ့ရုပ်ရည်က အသားလတ်လတ်၊ အရပ်မြင့်မြင့်နှင့်ခန့်ညားရှုကြည့်ကောင်းသည်။

မျက်ခုံးတုတ်တုတ်၊မျက်လုံးညိုညို၊ နှာတံပေါ်ပြီးနှုတ်ခမ်းတွေပိရိသည်။

ထိုလူကို စိတ်ထဲမှာ ထူးဆန်းတာတော့ အမှန်ပင်။

"ဆောရီးနော် မိန်းကလေး၊ စပ်စပ်စုစုမေးမိတဲ့ကိုယ့်ကိုခွင့်လွှတ်ပါ"

မြားနတ်မောင်စာပေ

"ကျွန်မအကြောင်းက သိပ်ပြီး စိတ်ဝင်စားစရာ မကောင်းပါဘူး၊ ကျွန်မအနေနဲ့ လျှို့ဝှက်ထားစရာလဲ မလိုဘူး ထင်တယ်၊ ရှင်စိတ်ဝင်စားတယ် သိချင်တယ်ဆိုရင်တော့ ကျွန်မပြောပြပါ့မယ်"

"မင်းအကြောင်းကို ကိုယ်စိတ်ဝင်စားပါတယ်၊ ဖြစ်နိုင်ရင် ကိုယ့်ကိုပြောပြပါလား"

သူမအတန်ကြာ စဉ်းစားနေ၏။ ပြီးမှ . .

"ကျွန်မပါးစပ်ကပြောတာထက် ကျွန်မရဲ့ဒိုင်ယာရီလေးကို ဖတ်ကြည့်ရင်ပိုပြီးပြည့်စုံမယ်ထင်ပါတယ်"

"အိုကေ. . မင်းပြောတာ ကိုယ်သဘောပေါက်ပါတယ်၊ ဒါဆို ကိုယ်တို့ထပ်ပြီး ဆုံကြသေးတာပေါ့၊ ကမ်းမင်းဆန်းဒေးမှာ ကိုယ်လာစောင့်နေမယ်လေ"

"အိုကေ"

"ကောင်းပြီ. . ဒါဖြင့် ကိုယ်သွားဦးမယ်"

သူမကို နှုတ်ဆက်ပြီး ကားပေါ်တက်၍ မောင်းထွက်ခဲ့လေသည်။

သူ့ကားကို မျက်စိတဆုံးငေးမောကြည့်ရင်း သူမ ငိုင်တွေစွာ ကျန်ရစ်ခဲ့သည်။

မြားနတ်မောင်စာပေ



ထိုလူ့ကို မြင်မြင်ချင်းဘာကြောင့်များ ရင်ဖွင့်ချင်နေရပါလိမ့်. . .

ထိုလူ၏တည်ငြိမ်သည့် အကြင်နာမျက်ဝန်းများကြောင့် မိတ်ဆွေဖြစ်သွားခဲ့ရခြင်းများလား. . .

ဘာဘဲဖြစ်ဖြစ် သူမ၏အထီးကျန်နေ့ရက်များနှင့် အထီးကျန်ကမ္ဘာလေးအတွင်းသို့ ဝင်ရောက်လာခဲ့သည့် သူ့ကို သူမစိတ်ထဲမှာ ထူးဆန်းစွာစိတ်ဝင်စားနေမိသည်။

* * * * * * * * * *

မြားနတ်မောင်စာပေ

# အပိုင်း (၂)

## အခန်း(၁)

မိုးရွာထဲမှာ သူမအေးအေးဆေးဆေးလမ်းလျှောက်နေပုံက
တ်ဝန်းကျင်ကို မေ့နေပုံရသည်။

သူလျှောက်နေတာ လမ်းအလယ်မှာလျှောက်နေခြင်း
ဖြစ်သောကြောင့် ကားတွေတစ်စီးပြီးတစ်စီး ဟွန်းတီးသွားကြသည်။

သို့သော် သူမကားဟွန်းသံများကို မကြားသလိုကားတစ်စီး
ကိုမျှမရှောင်မိ။

အပြာရောင် ပတ်ပလစ်ကာ ကားတစ်စီးကို မောင်းလာသည့်
လူတစ်ယောက်က ကားကိုကွေ့ပြီး ကျော်တက်လိုက်သည်။

မြားနတ်မောင်စာပေ

ပြီးတော့ ကားမှန်မှတဆင့် သူမကို ကြည့်နေသည်။

သူမမိုးရေထဲမှာ ခေါင်းငိုက်စိုက်ချပြီး လျှောက်နေခြင်းပါ။

သူမ ထီးမဆောင်းသောကြောင့်တစ်ကိုယ်လုံးစိုရွှဲနေပြီ။

သူမ ဝတ်ဆင်ထားသည့် အဝတ်တွေက ထူသောကြောင့် မိုးရေတွေစိုနေသော်လည်း ဣန္ဒြေပျက်လောက်အောင် အကြည့်ရမဆိုးလှပေ။

သူမဝတ်ထားတာ အနက်ရောင်စကတ်ရှည်၊ စပို့ရှပ်မီးခိုးရောင် ခပ်ပွပွ ဖြစ်၏။

သူမကိုယ်နေဟန်ထားက သွယ်လျသည်။

ပတ်ပလစ်ကာကားလေး သူမဘေးတွင်ရပ်သွားပြီး သူမကိုလှည့်ကြည့်လိုက်၏။

သည်မိန်းကလေးကို မြင်ဖူးသလိုလိုပါပဲ. .

သူမကလည်း သူ့ကို မြင်ဖူးသည်။

ခင်ယွန်းဖြူ ထိုလူ့ကိုကြည့်ပြီး တွေးနေ၏

သည်လူ ကျောင်းဆရာတစ်ယောက်များလား. . .

သူမငေးကြည့်နေစဉ်မှာပင် အဆောင်တစ်ခုရှေ့ရောက်တော့ သူကကားကို ချိုးကွေ့ဝင်သွားသည်။

ထိုလူက သူမအကြောင်းကိုတွေးနေသည်။





သည်မိန်းကလေးကလည်း ထီးဆောင်းရမှာဖြင့်ရင်လည်း မိုးစဲမှပြန်ရောပေါ့. . .

သူကိုယ်သူမှ မသနား၊ ရုပ်ရှင်ရိုက်နေသလား အောင့်မေ့ရတယ်. .

ခင်ယွန်းဖြူက နောက်ဆုံးနှစ်သင်္ချာကျောင်းသူဖြစ်ပြီး ကျောင်းပြီးချိန်၌ အတန်းမှပြန်လာခဲ့ခြင်းရယ်ပါ။

"ဟော့. . ယွန်းဖြူ"

သူမကို ခေါ်သံကြောင့် နောက်သို့လှည့်ကြည့်လိုက်သည်။

သူငယ်ချင်းကြည်ကြည်နှင့် စံပယ်ကို တွေ့လိုက်ရသည်။

"နင်တစ်ယောက်တည်း ထီးမဆောင်းဘဲ ဘာဖြစ်လို့ပြန်သွားတာလဲဟာ"

"ဟုတ်ပါရဲ့၊ ထီးမပါဘာမပါနဲ့ နင့်တစ်ကိုယ်လုံးလဲ စိုရွှဲနေပြီ"

"သိန်းမောင်က ငါ့ကို ရွှတ်နောက်နောက်လုပ်လို့ ငါစိတ်ဆိုးပြီးထွက်လာတာဟ"

"သိန်းမောင်ကိုများ နင်ကရူစိုက်လို့၊ ကဲ. . လာလာ၊ ငါ့ထီးအောက်ကိုဝင်စမ်း ရွှေယောက်မရယ်"

စံပယ်က သူမအားထီးမိုးပေးရင်း ပြောလိုက်သည်။

"ရွှေယောက်မ . . . နင့်အတွက် ငါ့အစ်ကိုက ချောကလက်တွေ ဝယ်ပေးလိုက်တယ်"

ကြည်ကြည်နောက်လိုက်သောကြောင့် ခင်ယွန်းဖြူ နှုတ်ခမ်းစူသွား၏။

"မိုးထဲ လေထဲ ဘတ်စ်ကားစီးရမှာ စိတ်ပျက်စရာပဲ"

"စိတ်ပျက်မနေနဲ့၊ ဒါနေ့စဉ်အလုပ်တစ်ခုပဲ"

သူမတို့သုံးယောက် ဘတ်စ်ကားဂိတ်အနီးလာရပ်လိုက်ကြပြီး ကားစောင့်နေကြသည်။

ခဏကြာတော့ ဘတ်စ်ကားတစ်စီးရောက်လာ၏။

ကားပေါ်သို့ သူတို့သုံးဦးတိုးကြိတ်၍တက်လိုက်ပြီး လိုက်ပါသွား၏။

* * * * * * * * * * *



## အခန်း(၂)

နောက်တစ်နေ့နံနက်

သူမတို့သုံးယောက် အတန်းထဲဝင်လာခဲ့ကြသည်။

အတန်းထဲရောက်တော့ ချယ်ရီက သူတို့ကိုလှည့်ကြည့်ပြီး . "ဆရာ ဦးကိုကိုလေးပြောင်းသွားပြီတဲ့၊ သူ့အစား ဆရာမအသစ်လာလိမ့်မယ်"ဟု ပြောလိုက်လေသည်။

"ဆရာ လာမှာပါ"ဟု ခင်နိုင်ထွန်းက ပြောလေသည်။

"သဘောကောင်းကောင်းနဲ့ ဆရာချောချောလေး လာပါစေ "ဟု ကြည်ကြည်ကနောက်နေသည်။

ငါးမိနစ်ခန့်ကြာတော့ အတန်းထဲကိုဒေါ်ကြည်ကြည်ဦး ဝင်လာသည်။

ဆရာမနှစ်ကြိမ်ဆက်ပြီး သင်သောအခါအတန်း ခေတ္တ နားသည်မို့ သူမတို့အုပ်စု အတန်းထဲမှ ထွက်လာခဲ့ကြသည်။

ခင်ယွန်းဖြူ အတန်းအားသည်နှင့် စာကြည့်တိုက်ဘက် ပြေးတော့၏။

"တို့တော့ ဒီနေ့ စာကြည့်တိုက်မလိုက်ချင်ဘူး၊ ဒီနားမှာပဲ နေခဲ့မယ်"

ခင်ယွန်းဖြူနှင့် ကြည်ကြည်တို့နှစ်ဦးက စာကြည့်တိုက်ဘက် ထွက်လာကြပြီး စံပယ်နှင့် ချယ်ရီတို့က ကျန်ရစ်ခဲ့ကြသည်။

စာကြည့်တိုက်မှ ပြန်လာတော့ စိန်ပန်းပင်ကြီးတစ်ပင် အောက်ရှိ အုတ်ခုံလေးပေါ်တွင် ထိုင်နေမိကြသည်။

ခင်ယွန်းဖြူက လွန်ခဲ့သည့် နှစ်ကမှမော်လမြိုင်တက္ကသိုလ် သို့ပြောင်းလာခဲ့ခြင်းရယ်ပါ။

ငုပင်နှင့် စိန်ပန်းပင်များအုပ်ဆိုင်းလျက်ရှိသည့် မော်လမြိုင် တက္ကသိုလ်တွင် သူမပျော်ရွှင်နေမိသည်။

မြေပြင်ပေါ်သို့ ကြွေကျလျက်ရှိသည့် စိန်ပန်းပွင့်နီများကို တစ်ပွင့်ချင်းကောက်ယူပြီး အန္တေးအကျီရင်ဘတ်မှာ ကပ်လိုက် သည်။





ထိုစဉ် သူမရှေ့သို့ဖြတ်လျှောက်လာသော လူတစ်ယောက် ကိုမမျှော်လင့်ပဲ တွေ့လိုက်ရသည်။

"ဟင်"

သူပါလား. . .

မနေ့က မိုးရေထဲမှာ သူမတစ်ယောက်တည်းလျှောက်လာ နေစဉ် သူမဘေးမှ ကားဖြတ်မောင်းသွားပြီး သူမကို စူးစူးစိုက်စိုက် ကြည့်သွားခဲ့သည့် ထိုလူ့ကိုတွေ့လိုက်ရခြင်းပါ။

သူက သူမတို့ရှေ့မှ ဖြတ်လျှောက်သွားပြီး ကန်တီး(န်)တွေ ဘက်ရောက်တော့ ပျောက်ကွယ်သွားသည်။

သူမစူးစူးစိုက်စိုက်ကြည့်နေသောကြောင့် ကြည်ကြည်က သူမလက်မောင်းကို ကိုင်လှုပ်ပြီး မေးလိုက်သည်။

"ဘယ်သူလဲ ခင်ယွန်းဖြူ ၊အဲ့ဒီလူကို နင်သိသလား"

"တို့ရှေ့က ဖြတ်လျှောက်သွားတဲ့ လူပေါ့၊ မနေ့ကငါ့ကို စူးစူးစိုက်စိုက်ကြည့်သွားခဲ့တယ်"

"မျက်စိပါလို့ ကြည့်တာပဲ၊ ဒါဆန်းသလား"

"ငါ့စိတ်ထဲမှာ နည်းနည်းထူးဆန်းနေသလိုပဲ"

"သူက နင့်ကိုစိတ်ဝင်စားနေတယ် ထင်လို့လား"

" အို. . . ဘယ်သိမလဲ"

"ကဲ. . လာ၊ အတန်းထဲ သွားကြစို့"ဟု ကြည်ကြည်က ပြောလိုက်သည်။

"ဟဲ့. . နေပါဦး၊ ငါ့လက်ကိုင်ပဝါ ကျခဲ့ပြီ"

"နင်ကလဲ မေ့တတ်လိုက်တာ ၊ ဘယ်နေရာမှ ကျခဲ့သလဲ၊ မှတ်မိသလား"

စာကြည့်တိုက်ဘက် ခြေလှမ်းကျဲဖြင့် အပြေးအလွှား ပြန်လာခဲ့ပြီး လက်ကိုင်ပဝါကိုရှာနေမိသည်။

"ဒါလေးလား. . . အဝါနုရောင်လေးလေ"

ကြည်ကြည်က သူမရှာတွေ့ခဲ့သည့် အဝါနုရောင် လက်ကိုင်ပဝါလေးကိုထောင်ပြလိုက်သည်။

"ဟုတ်တယ်၊ အဲ့ဒါငါ့လက်ကိုင်ပဝါပဲ"

"ကဲ. . မြန်မြန်လာဟာ၊ အတန်းနောက်ကျတော့မယ်"

ကြည်ကြည်က သူမလက်ကိုဆွဲ၍ပြေးလာခဲ့ကြသည်။

ကန်တီး(န်)နားရောက်တော့ ခင်ယွန်းဖြူမျက်စိတွေက ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်မို့ ကြည်ကြည်က မေးလိုက်သည်။

"ဘယ်သူကို ရှာနေပြန်ပြီလဲ"

မြားနတ်မောင်စာပေ



"ခုနက လူလေ"

"ရောဂါပဲ. . နင်ဘယ်တုန်းက ဒီလိုဖြစ်ဖူးလို့လဲ၊ မိန်းမနော်၊ ငါနင့်အမေနဲ့ တိုင်ရမလား" ဟု ဟောက်လိုက်၏။

အသားညိုညို၊အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်နှင့် အတော်ချောမောခန့်ညားသည့် သူ့ရုပ်သွင်ကို သူမ၏မျက်လုံးများ ထဲမှ ဖျောက်မရနိုင်ပါ။

သူ့ကို သူမဘယ်မှာမြင်ဖူးခဲ့ပါလိမ့်. . .

ဒါမှမဟုတ် နိုင်ငံခြားမင်းသားတစ်ယောက်ယောက်နဲ့ တူတာများလား. . .

အတန်းထဲရောက်တော့ ဆရာစကားပြောနေ၏။

ဆရာ့ကို အားနာနာနှင့်ရှေ့ပေါက်မှ မဝင်ရဲ၊ စာသင်ခန်း နောက်ဖက်ပေါက်မှ ဝင်လာခဲ့မိ၏။

နောက်ဆုံးခုံမှာ ဝင်ထိုင်လိုက်ကြပြီး လွယ်အိတ်ထဲမှ စာအုပ်ကို ယူထုတ်လိုက်သည်။

"စာအုပ် အပိုပါခဲ့လား"

ဘေးခုံမှ ခပ်တိုးတိုးကပ်မေးလိုက်သည့် အသံကြောင့် လှည့်ကြည့်လိုက်မိသည်။

"ဟင်. . ."

သူမမယုံနိုင်လောက်အောင် အံ့သြနေမိသည်။

မြားနတ်မောင်စာပေ

"စာအုပ်အပိုပါခဲ့ရင် တစ်အုပ်လောက်ငှားပါလား"

သူမ စိတ်ဝင်စားနေမိသည့် ထိုလူရွယ်နှင့်ပြန်တွေ့လိုက်ရသောကြောင့် ရင်ခုန်လှုပ်ရှားနေမိသည်။

ကြည်ကြည်က ထိုလူဘက်လှည့်ကြည့်လိုက်ပြီး. . .

"ပါလာခဲ့တယ်၊ ဒါပေမယ့် ခုံနံပါတ်တပ်ပြီးသား ရှင့်ကိုပေးဖို့မဖြစ်တော့ဘူး"

သူမကာ ကြားမှအားတုံ့အားနာ မနေသာတော့ပဲ. . .

"ကျွန်မမှာ စာအုပ်အပိုပါခဲ့ပါတယ်"ဟု ပြောလိုက်ပြီး အပိုပါလာခဲ့သည့်စာအုပ်တစ်အုပ်ကို သူ့ထံလှမ်းပေးလိုက်စဉ်. .

"နောက်ဆုံးခုံက ကျောင်းသူနှင့်ကျောင်းသားထရပ်ကြပါ"

"ဟင်"

အတန်းရှေ့ရှိ ဆရာ့အသံဟိန်းဟိန်းကြီးကြောင့် ရင်ထဲဆတ်ခနဲခုန်သွားပြီး ကမန်းကတန်း ထရပ်လိုက်မိသည်။

သူမရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး ခေါင်းထဲရီဝေဝေဖြစ်သွားမိသည်မဟုတ်ပါလား. . .

သူစာသင်ချိန်မှာ စကားပြောနေမိသောကြောင့် သူမတို့နှစ်ဦးအား ဆရာကဒဏ်ပေးခဲ့ခြင်းဖြစ်သည်။

သူနှင့်အတူ နှစ်ယောက်တွဲထရပ်ရသည့်အဖြစ်ကြောင့်

မြားနတ်မောင်စာပေ



သူမရှက်ရွံ့ထိတ်လန့်ပြီး မျက်နှာတစ်ခုလုံးထူပူနီမြန်းနေသည်။

"အတန်းထဲကို နောက်ကျမှဝင်လာတာက ပထမအပြစ်၊ စာထဲကို စိတ်မဝင်စားပဲ စကားပြောနေတာက ဒုတိယအပြစ် မင်းတို့အပြစ်တွေကို မင်းတို့သိကြရဲ့လား"

ဆရာအသံက အောင်မြင်ခံ့ညားသလို မာန်ပါသည်။

ဆရာက အပြစ်တွေကိုပြောနေသည်မို့ အသက်ရှူဖို့ပင်မေ့နေမိသည်။

"ဒီအတိုင်းပဲ ရပ်နေကြပါ"

ဆရာဦးကိုကိုလေးပြောင်းသွား၍ အစားရောက်လာသည့်ဆရာပဲဖြစ်လိမ့်မည်။

ဆရာက သူတို့နှစ်ယောက်ကို မျက်နှာလွှဲလိုက်ပြီးနောက်စာဆက်သင်နေသည်။

တစ်ခါမှ သည်အဖြစ်မျိုးနှင့်ရင်မဆိုင်ခဲ့ရဖူးသောကြောင့် ကတုန်ကယင်ဖြစ်ပြီး သူမမျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေရစ်ဝိုင်းနေမိသည်။

သူကသူနှင့်အတူ မတ်တပ်ရပ်လျက် ဒဏ်ပေးခံနေရသည့်သူမကို အားတုံ့အားနာလှည့်ကြည့်တတ်သည်။

စာသင်ချိန်တစ်ချိန်ပြည့်သွားမှပင် အတန်းထဲမှ ဆရာထွက်သွားလေသည်။

မြားနတ်မောင်စာပေ

သည်တော့မှပင် ရှက်ရှက်ဖြင့် ထိုင်လိုက်ရတော့၏။

သူမခုံပေါ်မျက်နှာမှောက်ချလိုက်ပြီး ကြိတ်၍ငိုနေမိသည်။

ထိုစဉ်ခပ်နောက်နောက် ကျောင်းသားတစ်ယောက်က. . .

"ဆရာအသစ်ပညာပေးသွားလို့ ဟိုကောင်မလေး ငိုသွားပြီ၊ ဟေ့. . . ဘယ်သူက Sit down လို့ပြောသလဲ" ဟု နောက်လိုက်သောကြောင့် ဝါးခနဲပွဲကျသွားလေသည်။

"ကျွန်တော့်အတွက်နဲ့ အခုလိုဒဏ်ပေးခံရတာ စိတ်မကောင်းပါဘူး"

သူက သူမကြားသာသည့် အသံဖြင့်ခပ်တိုးတိုးပြော လိုက်သည်။

ကြည်ကြည်က သူ့ကို မျက်နှာတင်းတင်းဖြင့် ကြည့်လိုက် ပြီး. . .

"ရှင့်ကြောင့် ခုလိုဖြစ်ရတာ ရှင်စာအုပ်မငှားရင် အခုလို ဖြစ်မှာ မဟုတ်ဘူး"

သူမထိုင်ရာမှ ထရပ်လိုက်ပြီး အတန်းထဲမှထွက်လာ ခဲ့မိသည်။

သူမနောက်မှ ကြည်ကြည်လိုက်လာခဲ့သည်။



စာကြည့်တိုက်ဘက်ထွက်လာခဲ့ကြပြီး စိန်ပန်းပင်ကြီး အောက်တွင် ထိုင်နေမိကြသည်။

ဆယ်မိနစ်ခန့်ကြာတော့ သူမတို့အနီးသို့ သူရောက်လာ လေသည်။

"ဒီမှာ. . . ခင်ယွန်းဖြူ ကျကျန်ခဲ့တဲ့ လက်ကိုင်ပဝါလေး ကျွန်တော်ကောက်လာခဲ့တယ်"

ထုံးစံအတိုင်း သူမကျကျန်ခဲ့သည့် လက်ကိုင်ပုဝါလေးကို သူကောက်ကိုင်လာပြီး ပေးလိုက်ခြင်းဖြစ်သည်။

သူမလှမ်းယူပြီး သူ့မျက်နှာကိုမကြည့်ဘဲ မျက်နှာ လွှဲထားမိသည်။

"ကျွန်တော့်ကို စိတ်ဆိုးနေသလား ခင်ယွန်းဖြူ"

"ဘာအတွက် စိတ်ဆိုးရမှာလဲ"

"ကျွန်တော်စာအုပ်ငှားမိလို့ ဆရာကစကားပြောနေ ကြတယ်ထင်ပြီး မတ်တပ်ရပ်ခိုင်းတာပါ၊ ခုလိုဖြစ်ရတဲ့အတွက် ကျွန်တော်နည်းနည်းမှ စိတ်မကောင်းပါဘူး ခင်ယွန်းဖြူ"

"ရှင့်အပေါ် နည်းနည်းလေးမှ စိတ်မဆိုးမိပါဘူး" ဟု သူမ ပြန်ပြောလိုက်မိသည်။

"ကျွန်တော့်နာမည် လရောင်ဆမ်းပါ၊ မုဒုံမှာ နေပါတယ်"

"ဟုတ်ကဲ့"

"ခင်ယွန်းဖြူက ဘယ်မှာနေသလဲ"

"အထက်လမ်းမကြီးမှာပါ၊ Church တစ်ခုရှိတယ်လေ၊ အဲ့ဒီ Church နဲ့မနီးမဝေးက အနီရောင်တစ်ထပ်တိုက်လေးဟာ ကျွန်မတို့အိမ်ပါပဲ"

"ဟုတ်ကဲ့. . . ခုလိုသိခွင့်ရတဲ့အတွက် ပြည့်စုံသွားပါပြီ"

"ရှင် ကျွန်မနာမည်ကို သိနေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

"ရှင့်ကို ကျွန်မက အတန်းထဲကမှန်းမသိဘူး"

"ခင်ယွန်းဖြူတို့က အတန်းရှေ့မှာအမြဲလိုလိုထိုင်ကြတာလေ၊ ဒီကနေ့မှ နောက်ကျပြီး နောက်ရောက်လာလို့ ကျွန်တော့်ကိုတွေ့ကြတာမဟုတ်လား၊ ကျွန်တော်ကတော့ ခင်ယွန်းဖြူတို့အားလုံးကို သိနေပါတယ်"

သည်တော့မှပင် နားလည်ရတော့သည်။

"အတန်းထဲမသွားတော့ဘူးလား ခင်ယွန်းဖြူ"

"ကျွန်မဒီကနေ့ ပြန်တော့မယ်၊ ခေါင်းထဲမှာ မူးနောက်နောက်နဲ့ နေမကောင်းချင်ဘူး"

"ဒါဖြင့် အတန်းပျက်မှာပေါ့"

"နောက်နေ့မှ စာတွေပြန်ကူးတော့မယ်"



စကားဆုံးသည်နှင့် သူမထိုင်ရာမှ ထရပ်လိုက်ပြီး ဘတ်စ်ကားဂိတ်ရှိရာသို့ လျှောက်လာခဲ့သည်။

သူကနောက်မှလိုက်လာခဲ့ပြီး. . .

"ခင်ယွန်းဖြူ. . . ကျွန်တော့်ကားနဲ့လိုက်ပို့ပေးပါရစေလား၊ ကျွန်တော်က မုဒ္ဒံကလာတာဆိုတော့ ကားယူလာခဲ့တယ်"

သူမဘာမှမပြောတော့ဘဲ ထိုးဆိုက်လာသည့် ရိမ်းဂျားကားတစ်စီးပေါ်သို့ တိုးတက်ခဲ့လေသည်။

* * * * * * * * * *

## အခန်း (၃)

ခင်ယွန်းဖြူသည် ဆရာစာသင်တာကိုငေးကြည့်ရင်း ငြိမ်သက်စွာနားထောင်နေ၏။

" ဟော့ . . . ယွန်းဖြူ လက်ချာကူးလေ"

သူမလက်မောင်းတစ်ဖက်ကို ကိုင်လှုပ်ရင်း သတိပေးလိုက်မှပင် လက်ချာလိုက်ရန်သတိရတော့၏။

" ဆရာကိုပဲ ငေးမနေနဲ့၊ ဆရာမျက်နှာမှာစာမရှိဘူး "

" တိုးတိုးပြောစမ်းပါဟာ . . . ဆရာစာသင်နေတာကို ငါနားထောင်နေတာပါ "

မြားနတ်မောင်စာစဉ်

ဆရာ့စာသင်ချိန်ကုန်သွားသောအခါ အတန်းတစ်ချို နားလေသည်။

" စာကြည့်တိုက်သွားရအောင် "

" ကြည်ကြည် ပြောလိုက်သည်။

သူမခေါင်းညိတ်လိုက်ပြီး စာကြည့်တိုက်ရှိရာသို့ထွက်လာ ခဲ့ကြ၏။

" ခင်ယွန်းဖြူ "

ခေါ်သံနှင့်အတူ သူမတို့အနီးသို့ သူရောက်လာသည်။

သူက ခပ်ဖွဲ့ဖွဲ့ရွာနေသော မိုးရေထဲတွင် အနက်ရော ခေါက်ထီးကြီးကိုဆောင်းထားသည်။

" ထီးမဆောင်းဘူးလား ခင်ယွန်းဖြူ မိုးခပ်ဖွဲ့ဖွဲ့ရွာ နေတယ်လေ "

သူ့စိုးရိမ်ပူပန်စွာမေးပုံကို ကြည့်ပြီး ခင်ယွန်းဖြူတို့ နှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက် မိကြသည်။

" ကျွန်မတို့က ထီးဆောင်းတာဝါသနာမပါဘူး " ဟုပြော လိုက်သည်။

မိန်းကလေးတွေဖြစ်ပြီး ထီးမဆောင်းတော့ ဘယ်ကောင်း ပါ့မလဲ၊ မိုးဖွဲလေးတွေ ခေါင်းပေါ်ကျတော့ မိုးသန်းဖြစ်တတ်တယ်"



သူ့စကားကြောင့် ဒေါဖောင်းသွားကြသည်။

ကြည်ကြည်က စိတ်ဆိုးသွားသည့် အမူအရာဖြင့် . . .

" ဘာမိုးသန်းလဲ . . . ရှင့်ခေါင်းမှာသာ မိုးသန်းတွေ ရှိနေတာ၊ ကျွန်မတို့ခေါင်းမှာ ဘာမိုးသန်းမှမရှိဘူး၊ ရှန်ပူ အကောင်းစားနဲ့ လျှော်ထားတာ၊ နားလည်လား "

" နားလည်ပါပြီဗျာ . . . နားလည်ပါပြီ " ဟု ခပ်ပြုံးပြုံး အမူအရာဖြင့် ပြောလိုက်သည်။

သူမတို့က ရှေ့မှသူကနောက်မှ လျှောက်လာခဲ့ကြရင်း သူမတို့နှစ်ဦးကို သူကမသိမသာထီးမိုးပေးလိုက်သည်။

စာကြည့်တိုက်ရှေ့ရောက်တော့ သူမတို့ နှစ်ဦးရှေ့မှ တက်လာခဲ့ကြသည်။

သူကနောက်မှလိုက်တက်ခဲ့ပြီး သူ့ထီးကိုရေစစ်၍ ထောင်ထားပစ်ခဲ့ပြီး အငှားကောင်တာရှိရာလျှောက်သွားသည်။

သူမတို့နှစ်ဦးစာအုပ်တွေရွေးရင်း အချိန်အတော် ကုန်သွား၏။

သူက စာအုပ်တစ်အုပ်ကိုငှားပြီး မယောင်မလည်ဖြင့်ပြန် ထွက်သွားသည်။

သူမတို့နှစ်ဦးထွက်လာချိန်တွင် ထောင်ထားသည့် သူ့ထီးကြီးကို တွေ့လိုက်ကြရသည်။

" ဟိုလူထီးကျန်ရစ်ခဲ့ပြီ၊ ယူသွားပေးရမလား " ဟု ကြည်ကြည်က ပြောလိုက်သည်။

" အမလေး . . . ကိုယ့်ဘာသာထီးဆောင်းရမှာတောင် ဒီလောက်ပျင်းလှတာ၊ သူ့ရဲ့ထီးရိုးရှည်ကြီးကိုကိုင်သွားရမှာ စိတ်ပျက်စရာပဲ" ဟု ခင်ယွန်းဖြူပြောလိုက်သည်။

သူမတို့ ခြေလှမ်းဆယ်လှမ်းပင်မပြည့်ခင်မှာ မိုးက ဝုန်းခနဲ ရွာချလိုက်သောကြောင့် စာကြည့်တိုက်ထဲပြန်ပြေးဝင်ခဲ့ပြီး သူ့ခေါက်ထီးကြီးကို ဆွဲယူလိုက်ကြသည်။

" အတော်ပဲဟေ့ . . . မိုးရွာလာပြီ၊ ဒီထီးကောက်ကြီးက အသုံးဝင်နေပြီလေ၊ ဒါကြီးဆောင်းပြီး အတန်းထဲပြန်မယ်" ဟု ခင်ယွန်းဖြူက ပြောလိုက်သသည်။

" ထီးကြီးကလေးလိုက်တာဟာ၊ တောသားတွေဆောင်းတဲ့ ထီးကြီးလိုပဲ "

" ဘယ်ကလာ တောသားတွေဆောင်းတဲ့ထီးလဲ၊ တောသားတွေက ခေတ်မီနေပြီဟဲ့၊ ဒါ့ငါ့အဘိုးဆောင်းတဲ့ ထီးနဲ့ တူတယ်" ဟု ကြည်ကြည်က ပြောလိုက်သည်။

" ကြည်ကြည် . . . ထီးကြီးကို နင်ကိုင်ပေးပါလား၊ လေးလိုက်တာ "

" နင့် ဘာသာကိုင်၊ ဒီထီးကြီးကိုင်ရမှာ ငါတော့ရှက်တယ်"



" နင်ကလဲ၊ တစ်ကိုယ်ကောင်းမဆန်ချင်စမ်းပါနဲ့ဟာ၊ ငါစိတ်ပေါက်ပေါက်နဲ့ ထီးကြီးလွှင့်ပစ်ခဲ့ရမလား "

" ရှင်ကလဲ သူများထီးကိုလွှင့်ပစ်ခဲ့လို့ရမလားလို့၊ ကဲပါ . . . နှစ်ယောက် အတူကိုင်ပြီးဆောင်းကြစို့ "

မိုးရွာထဲမှာ သူ့ထီးမည်းကြီးကိုဆောင်းပြီး အတန်းရှေ့ ရောက်လာကြသည့် သူမတို့နှစ်ယောက်ကို သူက ခပ်ပြုံးပြုံး အမူအရာဖြင့် ကြည့်နေလေသည်။

" ဒီမှာ ရှင့်ထီးကြီးကျန်ခဲ့လို့ ကျွန်မတို့ ဆောင်းလာခဲ့တယ် " ကြည်ကြည်က သူ့ထီးကြီးကို လှမ်းပေးရင်းပြောလိုက်သည်။

" ထီးဆောင်းရမှာပျင်းတယ်ဆို . . . ဟဲ . . . ဟဲ "

" ရှင်နော်နောက်မနေနဲ့၊ ကျွန်မတို့ကထီးဆောင်းချင်လို့ ယူလာကြတာမဟုတ်ဘူး၊ ရှင် ကျန်ခဲ့လို့ယူလာခဲ့ကြတာ နားလည်လား "

" နားလည်ပါပြီဗျာ . . . နားလည်ပါပြီ "

သူကသဘောကျသလို ရယ်မောရင်း အတန်းထဲသို့ ဝင်သွားတော့၏။

* * * * * * * * * *

## အခန်း (၄)

နောက်တစ်နေ့မှစ၍ ခင်ယွန်းဖြူစာကြည့်တိုက်သို့ မှန်မှန်ရောက်လေသည်။

စာကြည့်တိုက်တွင် သူနှင့်မကြာခဏဆုံတွေ့ရတတ်သည်။

သူနှင့် ဆုံဖန်များလာတော့ တဖြည်းဖြည်းရှင်းနှီးလာခဲ့ကြသည်။

" ဒီကနေ့ ခင်ယွန်းဖြူ တစ်ယောက်တည်းလား၊ အဖော်တွေကော "

" မပါခဲ့ဘူး "

မြားနတ်မောင်စာပေ

" ဘာစာအုပ်ရှာနေတာလဲ "

" အိုလီဗာတွစ်(ထ်) "

" ခင်ယွန်းဖြူက စာအတော်ဖတ်ပါလား၊ အဲဒီစာအုပ်ကျွန်တော်ကူရှာပေးမယ်လေ "

စာအုပ်ကရုတ်တရက်ရှာမရ။

" သူများငှားသွားတယ်ထင်ပါရဲ့ "

ခင်ယွန်းဖြူ ပြောပြီးလက်လျှော့လိုက်သည်။

" ဒါဖြင့်ဘာစာအုပ်ရှာဦးမှာလဲပြော "

သူမ မပြောတတ်သလို စဉ်းစားနေသည်။

" ဒေါ်ခင်နှင်းယုစာအုပ်ဖတ်မလား၊ လမင်းကြီးသာစမ်းပါတို့ ၊ မွေး ၊ မိုးကျော်သူ "

" ဒေါ်ခင်နှင်းယုရဲ့ စာအုပ်အတော်များများဖတ်ပြီးပြီ၊ ဦးလတ်ရဲ့ရွှေပြည်စိုးကို ငှားချင်တယ် "

သူကဘာမှမပြောတော့ဘဲ သူရှာချင်သည့် စာအုပ်တစ်အုပ်ကိုရှာပြီး သူမအားပေးလိုက်သည်။

" ကဲ . . . ဒီစာအုပ်ယူသွားပါ၊ မိန်းကလေးတွေ အတွက်ဖတ်သင့်တဲ့ စာအုပ်ပဲ "

သူငှားပေးသည့် စာအုပ်က ဂျာနယ်ကျော်မမလေး၏ " သူမ " ဖြစ်သည်။





စာကြည့်တိုက်ထဲမှ အပြန်တွင် လှေကားထစ်တွေကို အဆင်း မိုးရွာပြီးစရေတွေ စိုရွှဲနေသောကြောင့် ခြေချော်ပြီး ယိုင်ခနဲလဲကျသွား မတတ်ဖြစ်သွားရသည်။

" ဖြည်းဖြည်း ခင်ယွန်းဖြူ . . . ဖြည်းဖြည်း "

သူမကိုယ်လေးကို သူလှမ်းထိန်းထားပေးလိုက်သည်မို့ ပက်လက်လဲကျလုဆဲဆဲမှ သက်သာရာရသွားသည်။

သူမရှက်ရှက်ဖြင့် ထူထူပူပူဖြစ်သွားမိသည်။

အဲဒီနေ့က စာသင်ခန်းထဲရောက်တော့ သူ့ဘက်လှည့်မကြည့်မိအောင်မျက်နှာလွှဲနေမိ၏။

နောက်နေ့မှစပြီး စာကြည့်တိုက်ကိုမသွားဖြစ်တော့ပေ။

" ဘာဖြစ်နေတာလဲ ဟာ "

" ဘာမှမဖြစ်ပါဘူး "

" ဒီနေ့တို့ စာကြည့်တိုက်ဘက်သွားတော့ လရောင်ဆမ်းနဲ့တွေ့ခဲ့တယ်၊ သူက ခင်ယွန်းဖြူမပါဘူးလား လို့မေးတယ် "

သူမကို သတိတရမေးသည်ဆို၍ ရင်ထဲမှာကျေနပ်သွားမိသည်။

" နင်ဘယ်လိုဖြစ်နေတာလဲ ဝိုင်တိုင်တိုင်နဲ့ "

" ဘာမှမဖြစ်ပါဘူး၊ တစ်ခုတော့ရှိတယ်၊ မာမီက ငါ့ကိုသူဌေးတစ်ယောက်နဲ့ စေ့စပ်ပေးချင်တယ်တဲ့ "

" ဘာ "

" မာမီက နားလည်ရခက်တယ်၊ အဲ့ဒီသူဌေးကမာမို့ မိတ်ဆွေ ဒေါ်စိန်ပုရဲ့ မောင်လေ၊ နှစ်ခါလောက်လာလည်ပြီး ငါ့ကို မြင်ဖူးသွားတာနဲ့ သဘောကျပြီး ကမ်းလှမ်းလာကြတာတဲ့ "

" နင် စိတ်မဝင်စားရင်ငြင်းလိုက်ပေါ့ "

" ငြင်းပြီးပြီ . . . ဒါပေမယ့် မာမီက ဒီအကြောင်းကိုပဲ တစ်ခါတလဲလဲပြောနေလို့ "

" သူ့ကိုကော နင်စိတ်ဝင်စားနေသလား "

" လရောင်ဆမ်းကိုလား "

" ဟုတ်တယ် . . . လရောင်ဆမ်းကိုပြောနေတာ "

" အင်း . . . မပြောတတ်ဘူး၊ စိတ်ဝင်စားနေမိတယ် ထင်တာပဲ "

" သူက မုဒ်ုကတဲ့ "

" သိပြီးပြီလေ "

" သူ့လက်ထဲမှာ ပန်းစည်းတစ်စည်းနဲ့ သိလား၊ စာကြည့်တိုက်ရှေ့က စိန်ပန်းပင်ကြီးအောက်မှာ နှင်းဆီပန်းစည်း တစ်စည်းနဲ့ သူရပ်နေတာတွေ့ခဲ့တယ် "

ကြည်ကြည် စကားကြောင့် သူမမျက်မှောင်ကုတ် သွားသည်။





နှင်းဆီပန်စည်းနဲ့ဆိုတော့ ဘယ်သူ့ကိုများပေးဖို့ပါလိမ့် တုတွေးနေမိသည်။

" တို့က သူ့လက်ထဲကပန်းစည်းကိုကြည့်တော့ လွယ်အိတ် ထဲကိုထည့်ပြီးဖွက်လိုက်တယ်၊ ဒီလူကြည့်ရတာ အူကြောင်ကြောင် နဲ့ တစ်မျိုးတော့တစ်မျိုးပဲ "

သူမဘာမှမပြောဘဲ သူ့အကြောင်းကို စဉ်းစားပြီး ငြိမ်နေမိသည်။

* * * * * * * * * *

# အခန်း (၅)

လရောင်ဆမ်းခြံထဲဆင်း၍ နှင်းဆီပန်းခူးနေသည်။

သူမကို ပေးရန်ပန်းခူးနေခြင်းဖြစ်၏။

နှင်းဆီနက်နှင့် အဖြူရောင်နှင်းဆီပွင့်များကို၊ ပလက်စတစ် အိတ်လှလှထဲ ထည့်ပြီး အဝါရောင်ဖဲကြိုးလေးဖြင့် စည်းလိုက်သည်။

အတန်းထဲရောက်တော့ သူမကို မသိမသာ အကဲခတ်ကြည့်နေမိသည်။

မြားနတ်မောင်စာစဉ်

နက်မှောင်ရှည်လျားသော ဆံပင်များကို အဝါနုရော
လက်ကိုင်ပဝါလေးဖြင့် စည်းထားသည့်သူမကို ကျောဘက်မှ
မြင်နေရသည်။

သူမကို နှင်းဆီပွင့်များပေးပြီး သူမ၏ဆံကေသာများကို
နှစ်ပတ်လျှိုထုံးဖွဲ့ခိုင်းမည် ပြီးတော့ နှင်းဆီပွင့်များ ပန်ခိုင်းရလျှ
ဘယ်လောက်ပျော်စရာကောင်းလိမ့်မလဲ . . .

သူ့အတွေးနှင့် သူတစ်ယောက်တည်းပြုံးနေမိသည်။

ဆရာသင်နေသည့် စာကိုလုံးဝစိတ်မဝင်စားတော့ပေ။

ထိုစဉ်အတန်းရှေ့ရှိ ဆရာက သူ့ကိုလှမ်းကြည့်ပြီး
မေးလိုက်၏။

" ဟိုအင်္ကျီအဖြူနဲ့ကျောင်းသား စာထဲစိတ်မဝင်စားဘူးလား
ဘာလို့တစ်ယောက်တည်း ပြုံးနေတာလဲ "

ဆရာအသံကြားမှပင် သူသတိပြန်ဝင်လာပြီး အူလည်
လည်မျက်နှာဖြင့် ဆရာ့ကိုကြည့်လိုက်မိသည်။

ဆရာက လေသံတင်းတင်းဖြင့် . . .

"ဆရာကရှေ့ကနေအားကြိုးမာန်တက်နဲ့ စာသင်
နေတယ်၊ မင်းတို့ကတွေးချင်ရာတွေးပြီး ပြုံးချင်ရာပြုံးမနေကြနဲ့
စာထဲကို စိတ်ဝင်စားပါ၊ ဒါပဲ "





အတန်းလွှတ်ချိန်စာကြည့်တိုက်အနီးသို့ သွားပြီး သူမကို
စောင့်နေမိသည်။

သူမတစ်ယောက်တည်းလျှောက်လာတာမြင်တော့
ဝမ်းသာပျော်ရွှင်သွားမိသည်။

" တစ်ယောက်တည်းလား ခင်ယွန်းဖြူ "

" တစ်ယောက်တည်းပါပဲ၊ ကြည်ကြည်နဲ့ စံပယ်တို့
နှစ်ယောက်က ကန်တီး(န်)ဘက်သွား တြတယ် "

" ဒီနေရာလေးမှာ ကျွန်တော်နေ့တိုင်း စောင့်နေခဲ့မိတယ်
ခင်ယွန်းဖြူ "

" ဘယ်သူ့ကိုစောင့်တာလဲ . . . ကျွန်မကိုလား "

" ဟုတ်တယ် . . . ခင်ယွန်းဖြူကိုစောင့်တာ "

" စာအုပ်ငှားမလို့လား ကိုလရောင် "

" မဟုတ်ဘူး၊ ဒါလေးပေးချင်လို့ "

သူကပြောပြောဆိုဆိုလွယ်အိတ်ထဲမှ နှင်းဆီပန်းစည်းကို
ဆွဲထုတ်လိုက်ပြီး သူမကို ပေးလိုက်သည်။

" ခင်ယွန်းဖြူ အတွက်ပါ "

သူမက သူ့လက်ထဲမှ နှင်းဆီပန်းစည်းကို လှမ်းကြည့်ပြီး
အံ့အားသင့်နေသည်။

" ဘာလုပ်ဖို့လဲ ကိုလရောင် "

" ဟို . . . ဟို . . . ခင်ယွန်းဖြူ ပန်ဖို့ပါ "

သူ့အမူအရာက အနည်းငယ် ကတုန်ကယင်ဖြစ်နေ၏။

ခင်ယွန်းဖြူက သူ့ကိုငေးကြည့်နေရာမှ ပြုံးသည်။

" ကျွန်မက နာမည်ကြီးအဆိုတော်လဲ မဟုတ်ဘူး၊ မယ်ဗမာ လဲမဟုတ်ဘူး၊ ဘာဖြစ်လို့ ပန်းပေးရတာလဲ "

သူ့မျက်နှာနီမြန်းသွားသည်။

ငါးပွင့်တည်းပါသည့် ပန်းစည်းလေးကို လှမ်းယူနိုးဖြင့် သူမျှော်လင့်တကြီးကြီးကြည့်နေရာမှ မျက်နှာလွှဲပစ်လိုက်သည်။

သည်တော့မှ သူမရယ်မောလိုက်ပြီး သူ့လက်ထဲမှ ပန်းစည်းကိုယူလိုက်၏။

" ရှင်ပေးတဲ့ နှင်းဆီပန်းတွေကသိပ်လှတာပဲ၊ ဘယ်က ဝယ်လာတာလဲဟင် "

" ဝယ်လာတာ မဟုတ်ဘူး၊ ခူးလာခဲ့တာ "

" ဒါဖြင့် ရှင်ကိုယ်တိုင်စိုက်ထားတာပေါ့ "

" ဟုတ်တယ်၊ ကျွန်တော့်မှာ အလွန်ကြီးတဲ့ နှင်းဆီခြံကြီး ရှိတယ်၊ ကျွန်တော်ကိုယ်တိုင်ပြုစုပျိုးထောင်ထားတာ၊ အဲဒီ ပန်းဥယျာဉ်ကြီးထဲကို ခင်ယွန်းဖြူအလည်လိုက်ခဲ့မလား "

" ကြုံတဲ့ တစ်နေ့တော့လိုက်ခဲ့မယ်လေ၊ ဒါပေမယ့် ကျွန်မ တစ်ယောက်တည်းတော့ မဟုတ်ဘူးနော်၊ ကျွန်မသူငယ်ချင်း စံပယ်တို့ကိုပါခေါ်ချင်တယ် "





" ကောင်းပါပြီ၊ ခင်ယွန်းဖြူတို့သူငယ်ချင်းတစ်စုလုံးကို ...ွန်တော်ခေါ်သွားပါမယ် "

နှင်းဆီပန်းစည်းပေးခဲ့ပြီးနောက်တစ်နေ့မှစ၍ စာကြည့် ...ိုက်အနီးမှာ သူမနှင့် မဆုံဖြစ်ကြပေ။

သည်လိုနှင့် ဆယ်ရက်ကျော်ကျော်ကြာခဲ့၏။

ဆယ်ရက်ကျော်ကာလကို တစ်ကမ္ဘာလောက် ထင်နေ ...သည်။

တစ်နေ့ကန်တီး(န်)ထဲမှာ စံပယ်၊ ကြည်ကြည်တို့ ...်ယောက်နှင့် ဆုံမိ၍မေးကြည့်မိသည်။

" ခင်ယွန်းဖြူကို မမြင်တာကြာပြီ "

" ခင်ယွန်းဖြူရဲ့ အမေ သိပ်နေမကောင်းလို့ သူကျောင်း ...တက်ဘူး "

သူ့ရင်ထဲမှာ ပိုပြီးဟာသွားမိသည်။

ဘယ်နေ့များမှ ကျောင်းပြန်တက်မှာလဲ . . . ဟုမေးချင် ...ာ်လည်း မမေးဖြစ်ခဲ့ပေ။

နောက်တစ်နေ့မှာတော့ ခင်ယွန်းဖြူကို ပြန်တွေ့ရသည်။

ဘတ်စ်ကားဂိတ်တွင်တွေ့ရခြင်းဖြစ်၏။

ဘတ်စ်ကားဂိတ်တွင် သူရပ်စောင့်နေစဉ် ခင်ယွန်းဖြူက ...ားပေါ်မှဆင်းလာ၏။

" ခင်ယွန်းဖြူ "

သူ့အသံကြားတော့သူမ လှည့်ကြည့်လိုက်၏။

" ဒီနေ့ ကျောင်းပြန်တက်ပြီလား "

" ဟုတ်ကဲ့ . . . ကိုလရောင် "

" မိုးဖွဲဖွဲရွာနေပြီ၊ ထီးမဆောင်းဘူးလား "

" ကျွန်မ ထီးမေ့လာခဲ့တယ် "

" ဒါဖြင့် ခင်ယွန်းဖြူကို ထီးဆောင်းပေးမယ်နော် "

သူက ခင်ယွန်းဖြူကို ထီးမိုးပေးလိုက်သည်။

သူ့ထီးကြီးအောက်မှာ သူနှင့် ယှဉ်တွဲပြီးလျှောက်လာခဲ့ရသောကြောင့် သူမလိပ်ပြာမလုံသလိုဖြစ်နေမိသည်။

" ခင်ယွန်းဖြူရဲ့ မေမေ နေကောင်းသွားပြီလား "

" ဟုတ်ကဲ့ . . . သက်သာသွားပါပြီ "

" ခင်ယွန်းဖြူကိုနေ့တိုင်း ကျွန်တော်မျှော်နေမိတယ် "

" ဟုတ်ကဲ့ "

" ခင်ယွန်းဖြူ စာအုပ်တွေပေးလေ လက်ချာတွေ ကျွန်တော်ကူးပေးမယ် "

" ကိစ္စမရှိဘူး ရပါတယ် "



" ကျွန်တော် ကူညီပါရစေ "

" ဒီလောက်တောင် ကူညီချင်နေရင်လဲ စာအုပ်အားလုံး ရှင့်ကိုပေးလိုက်မယ်၊ ညနေမှယူပေါ့ "

" ဝမ်းသာလိုက်တာ ခင်ယွန်းဖြူရယ် "

" ရှင်ပင်ပန်းမယ့် အလုပ်ကို ဝမ်းသာနေသလား "

" ခင်ယွန်းဖြူကို ကူညီခွင့်ရလို့ ဝမ်းသာတာပါ "

ထိုနေ့ညနေကျောင်းမှပြန်လာချိန်တွင် သူကူးရန် စာအုပ်များ ပေးလိုက်မိသည်။

ဘတ်စ်ကားစောင့်နေကြရင်း စံပယ်က ခင်ယွန်းဖြူ . . . ဆန်းဒေးတိုင်းနင် Church တက်ဖြစ်တယ် မဟုတ်လား"

"လွန်ခဲ့တဲ့တစ်ပတ်က မတက်ဖြစ်ဘူး၊ မာမီနေမကောင်းလို့ ကျွန်မကမာမီနဲ့အတူ Church သွားနေကျလေ "

" လာမယ့် ဆန်းဒေးမှာနင်နဲ့ ငါအတူသွားကြရအောင်" ဟု စံပယ်ကပြောလိုက်သည်။

သူမတို့နှစ်ယောက်လုံး ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသောကြောင့် ဘုရားရှိခိုးကျောင်းသို့ သွားကြသည့် အကြောင်းကို သူ မမျှော်လင့်ဘဲ သိခွင့်ရခဲ့သည်မဟုတ်ပါလား. . .

" ဘယ်ချာ့(ချ်)လဲ " ဟု သူကမေးတော့ သူမတို့တက်နေကျ ချာ့(ချ်)ကိုပြောပြလိုက်ကြသည်။

လာမည့်တနင်္ဂနွေနေ့တွင် ထိုဘုရားရှိခိုးကျောင်းရှေ့၌ သူမတို့နှစ်ဦးအား သွားစောင့်ပြီးတွေ့ဆုံရန် သူဆုံးဖြတ်ချက် ချလိုက်မိသည်။

* * * * * * * * * *



အခန်း (၆)

ထိုတနင်္ဂနွေနေ့လေးတွင် သူမတို့နှစ်ဦး ဘုရားကျောင်း ရှေ့သို့ ရောက်လာသည့်အချိန်တွင် သူမတို့နှစ်ဦးအားစောင့် နေသည့်အချိန်တွင် သူ့ကိုတွေ့လိုက်ကြရသည်။

ဘုရားကျောင်းအနီးရှိ တရုတ်စံကားပင်ကြီးအောက်မှ ခုံတန်းလေးပေါ်တွင် တစ်ယောက်တည်း ထိုင်ပြီး စာအုပ် တစ်အုပ်ကို ဖတ်ချင်ဟန်ဆောင်နေသည့် လရောင်ဆမ်းကို တွေ့လိုက်ကြရသောကြောင့် အံ့ဩသွားမိကြသည်။

သူမတို့နှစ်ဦးစံကားပင်အောက် ရောက်တော့ ခင်ယွန်းဖြူက စံကားပွင့်တစ်ပွင့်ကို ကောက်ယူပြီး နမ်းရှိုက်လိုက်သည်။

သည်တော့မှပင် သူလှမ်းပြီးနှုတ်ဆက်လိုက်သည်။

" ခင်ယွန်းဖြူ Church လာတက်တာလား "

" ဩော် . . . ဟုတ်တယ်၊ ရှင်ကော Church တက်မလို့လား "

" ကျွန်တော်က ခရစ်ယာန်တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီနေရာလေးကိုတော့၊ မကြာခဏရောက်တယ်"

" ဟုတ်လား "

သူ့ကို အကဲခတ်ကြည့်ပြီး သူမတို့နှစ်ယောက်လုံး မေးလိုက်ကြသည်။

" ဟုတ်တယ် . . . ကျွန်တော်က တနင်္ဂနွေနေ့ မနက်တိုင်း မော်လမြိုင်မြို့ထဲကိုရောက်တယ်လေ၊ ပြီးတော့ ဒီနေရာမှာ စာလာဖတ်လေ့ရှိတယ် "

စံပယ်ကသူ့မျက်နှာကို အဓိပ္ပါယ်ပါပါကြည့်လိုက်ပြီးနောက် . .

" ရှင်ပေါ်မနေပါနဲ့၊ အရင်တုန်းကရှင့်ကို ဒီနေရာမှာ တစ်ခါမှ မမြင်ဖူးဘူး၊ အခုမှရှင့်ကို မြင်ရတာ " ဟုပြောလိုက်သည်။

သူက စံပယ်ကိုဘာမှ ပြန်မပြောဘဲ စံကားပွင့်လေးတွေကို ကုန်းကောက်လိုက်သည်။





ပြီးတော့ ခင်ယွန်းဖြူ ကိုပေးလိုက်သည်။

" ခင်ယွန်းဖြူ စကားပန်းကြိုက်တယ်နော် "

" ဆိုပါတော့၊ ဒီပန်းလေးတွေကို နှစ်သက်လို့ ဘုရားကျောင်းရှေ့ရောက်တိုင်း ကောက်ခဲ့မိတယ် "

" နှင်းဆီပန်းနဲ့ ဘယ်ပန်းကိုပိုကြိုက်လဲ "

" စံကားပန်းပိုကြိုက်တာပေါ့ "

" ဒါဖြင့် ခင်ယွန်းဖြူအတွက် တရုတ်စံကားပန်းပင်တစ်ပင် ကျွန်တော်လာစိုက်ပေးမယ်လေ "

" ကောင်းသားပဲ၊ ရှင်ကဥယျာဉ်မှူးဆိုတော့ အပင်စိုက်တာ ဝါသနာပါမှာပါ "

"ခင်ယွန်းဖြူ လိပ်စာပြောပြလေ၊ ကျွန်တော်လာခဲ့မှာပေါ့"

" ဒီနေရာလေးမှာပဲ အမြဲဆုံမယ်လေ၊ ကျွန်မတို့ခြံထဲ လိုက်ပြီး ပန်းပင်စိုက်ပေးဖို့ဆိုတာတော့ မာမီ့ခွင့်ပြုချက်အရင်ယူ ဦးမှာ "

" ကဲ . . . စကားတွေသည်လောက်ရှည်မနေနဲ့ ယွန်းဖြူ ဘုရားကျောင်းထဲသွားကြစို့ "

" ကျွန်မတို့ Church ထဲဝင်ပြီး ဘုရားဝတ်ပြုလိုက်ဦးမယ် နော် ကိုလရောင် "

" အိုကေ ... အိုကေ၊ ကျွန်တော် ဒီစကားပင်ကြ
အောက်မှာပဲရှိနေမှာပါ "

ခင်ယွန်းဖြူက ခပ်ပြုံးပြုံးအမူအရာဖြင့် ရှေ့မှထွက်သွ
သည်။ စံပယ်က သိပါတယ်နော်ဆိုသည့် အမူအရာမျိုးဖြ
သူ့ကိုခပ်ထေ့ထေ့ကြည့်သွားသည်။

စကားပန်းများကောက်လျက် သူတစ်ယောက်တည်
ကျန်ရစ်ခဲ့လေသည်။

ဘုရားကျောင်းထဲမှ သူမတို့ထွက်လာချိန်အထ
သူတစ်ယောက်တည်းစောင့်နေမိသည်။

" ဟော ... ရှင်ခုချိန်အထိ မပြန်သေးဘူးလ
ကိုလရောင် "

" ပြန်တော့မှာပါ၊ ဗြော် ... ဒီမှာ ခင်ယွန်းဖြူ အတွ
ပန်းတွေ ကျွန်တော်ကောက်ထားတယ် "

သူလက်ကိုင်ပဝါဖြင့် ထုပ်ထားသည့် တရုတ်စကားပ
များကို လှမ်းပေးလိုက်သောကြောင့် ခင်ယွန်းဖြူမငြင်းမိ
လှမ်းယူလိုက်မိသည်။

စံပယ်က ပြုံးစိစိအမူအရာဖြင့် ...

" ရှင်ကလက်ကိုင်ပဝါပါပေးတာလား " ဟုမေးလိုက်သည်



" လက်ကိုင်ပဝါပါယူသွားပါ၊ ပန်းတွေထည့်ဖို့ အိတ်မပါလာခဲ့ဘူး" ဟု သူက ပြောလိုက်သည်။

" ကိစ္စမရှိဘူး ... ကျွန်မစလင်းဘတ်ထဲ ဒီပန်းတွေထည့်သွားမယ်"

သူမက စလင်းဘက်ဖွင့်ပြီး သူကောက်ထားသည့် ပန်းများကို ထည့်လိုက်သည်။

" ကဲ ... ကျွန်မတို့ပြန်ပြီနော်၊ ရှင်မပြန်သေးဘူးလား" ဟု ယွန်းဖြူက စိတ်ဝင်စားသလိုမေးလိုက်၏။

" ကျွန်တော် မပြန်သေးဘူး "

" ဟင် ... ဘာဖြစ်လို့လဲ "

" မိန်းကလေးတစ်ယောက်ကို စောင့်နေတာ "

သူ့စကားကြောင့် သူမတို့ နှစ်ယောက်လုံး အံ့ဩသွားကြသည်။

" အံမယ် ... ရှင်က ဂဲလ်ဖရန့်တွေဘာတွေနဲ့လား၊ ရှင့်ကြည့်တော့ ရိုးပုံရိုးရဲ့နဲ့ "

" သူကကျွန်တော့်ကို စောင့်ခိုင်းထားလို့ပါ "

သူတမင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

" ဒါဖြင့်လဲစောင့်နေပေါ့ရှင် "

သူမစိတ်ဆိုးသွားမှန်း သူနားလည်ပါသည်။

သူမကိုတမင်စိတ်စမ်းလိုက်ခြင်းပါ။

သူထင်သည့်အတိုင်းပင် သူမက သိသိသာသာ မျက်နှာပျက်သွားပြီး အရှိက်ကို အထိုးခံလိုက်ရသူတစ်ယောက်ပမာ မျက်နှာတစ်ခုလုံးဖြူဖွေးသွားသည်။

ချာခနဲလှည့်ထွက်သွားသည့် သူမနောက်သို့ အပြေး လိုက်လာခဲ့ပြီး . . .

" အို . . . ဘာလို့စိတ်ဝင်စားရမှာလဲ၊ ရှင့်ဘာသာ ဘယ်သူကို စောင့်စောင့်ကျွန်မနဲ့ ဘာဆိုင်လဲ "

သူမဘုကျကျပြန်ပြောလိုက်သည်။

" ကျွန်တော်စောင့်နေတဲ့ မိန်းကလေးရဲ့ နာမည်က ခင်ယွန်းဖြူတဲ့ "

" ရှင်နော် . . . မနောက်နဲ့ "

သူမမျက်နှာတစ်ခုလုံး ဝင်းလက်သွားပြီး သူပခုံးကိုလှမ်း၍ ထုလိုက်သည်။

" တကယ်ပြောတာပါ၊ ခင်ယွန်းဖြူကို ကျွန်တော်ညနေ အထိစောင့်နေမယ် "

" ရှင်စောင့်နေတော့ ကျွန်မက ဘာလုပ်ရမှာလဲ "

" ကျွန်တော့်အနားကိုလာခဲ့ပေါ့ "

" ဘာကိစ္စလာရမှာလဲ၊ ရှင်နော် ပါးကွဲသွားချင်သလား "



" ဟာ . . . မလုပ်ပါနဲ့၊ ပန်းကောက်ဖို့ ကျွန်တော့်နားကို လာဖို့ပြောတာပါ "

" ပန်းကောက်တာများ ရှင်ရှိမှလား "

သူမတို့နှစ်ဦးပြောနေပုံကို စံပယ်ကရပ်ကြည့်နေရာမှ . . .

" အဟင်း . . . အဟင်း ရှင်တို့ နှစ်ဦးကိုကြည့်ရတာ ရည်းစား တစ်ဝမ်းကွဲတွေကြည့်နေရသလိုပဲ" ဟုပြောလိုက်သည်။

" စံပယ်နော် . . . နင်နဲ့ကိုညွှန့်ဝင်းသာ ရည်းစား တစ်ဝမ်းကွဲတွေ၊ ကိုယ့်မှာရည်းစားရှိတိုင်း သူများကိုမပြောရဘူး"

" ကဲ . . . လာ သွားကြစို့ "

" ကျွန်တော် ညနေမှောင်တဲ့အထိစောင့်နေမယ်၊ ခင်ယွန်းဖြူ ပန်းကောက်ချင်ရင်လာခဲ့ပေါ့ "

သူမ ဘာမှမပြောဘဲ စံပယ်နှင့် အတူပြန်လာခဲ့လေသည်။

**********

## အခန်း (၇)

ထိုနေ့ညနေခင်း အချိန်အထိ သူတစ်ယောက်တည်း ကားပင်ကြီးအောက်တွင် ထိုင်နေမိသည်။

သူ့ဗိုက်ထဲမှ တဂွီဂွီမြည်လောက်အောင်ဆာလောင် က်သိပ်နေသော်လည်း မပြန်ဖြစ်ဘဲ ဖွဲကောင်းကောင်းဖြင့် ကင့်နေမိခြင်းပါ။

အလှဆုံးစံကားပန်းတစ်ပွင့်ကို ကောက်ယူပြီး ပွင့်ဖတ် စ်ခုချင်းပေါ်မှာ " ချစ်သော ခင်ယွန်းဖြူ " ဟု စာလုံးတစ်လုံးစီ ဘာလ်ပင်ဖြင့်ရေးနေမိသည်။

မြားနတ်မောင်စာပေ

ကံကောင်းထောက်မ၍ မျှားနောက်တစ်ခါက် သူမ ရောက်လာပါက သူမကို ဤပန်းပွင့်လေး လက်ဆောင်ပေးပြီး ဆံကေသာမှာ ပန်ခိုင်းမည်ဟု တစ်ယောက်တည်း စဉ်းစား နေမိ၏။

" ကလင် . . . ကလင် "

စက်ဘီး တစ်စီးခေါင်းလောင်းသံကြောင့် သူဝမ်းသာ အားရ လှည့်ကြည့်လိုက်မိသည်။

သူထင်ထားခဲ့မိသည့်အတိုင်း ခင်ယွန်းဖြူရယ်ပါ . . .

သူမ ခရမ်းနုရောင် စက်ဘီးလေးကိုနင်း၍ သူ့ရှေ့မှ ဖြတ်သွားသည်။

သူ့ကိုမမြင်သလိုလုပ်သွားသောကြောင့် သူစိတ်ပျက် သွားမိသည်။

တော်တော်ဆိုးတဲ့ ခင်ယွန်းဖြူ . .

လှည့်ကြည့်သွားဖော်တောင်မရဘူး . .

ခင်ယွန်းဖြူက ခပ်လှမ်းလှမ်းကို စက်ဘီးနင်းသွားပြီးမှ သူရှိရာသို့ပြန်လှည့်လာသည်။

ပြီးတော့ သူ့ရှေ့တွင် စက်ဘီးကိုရပ်လိုက်၏။

" ဘယ်လိုလဲ ကိုလရောင်ဆမ်း "

" ဘာမေးတာလဲ ခင်ယွန်းဖြူ "



"ဒီသစ်ပင်အောက်မှာ ရှင်တစ်နေ့လုံးဘာလုပ်နေတာလဲ"

သူက ခင်ယွန်းဖြူကို မြတ်နိုးမှုများစွာပါသည့် မျက်ဝန်း များဖြင့် စူးစူးစိုက်စိုက်ကြည့်နေပြီးမှ တည်ငြိမ်သည့် အသံဖြင့် ပြောလိုက်သည်။

" ကျွန်တော်သိပ်ချစ်တဲ့ မိန်းကလေး တစ်ယောက်ကို ပန်းပွင့်လေးတစ်ပွင့် ပေးချင်လို့စောင့်နေတာပါ "

" ရှင်ဟာအရူးပဲ "

" ခင်ယွန်းဖြူရဲ့ ချိုးကျူးသံက ကျွန်တော့်နှလုံးသားကို နာကျင်စေပါတယ် "

" ရှင့်ကို ကျွန်မသဘောမကျဘူး"

" သေချင်လိုက်တာဗျာ "

" ဟုတ်တယ် . . . ကျွန်မက မိန်းကလေးပေမယ့် မာယာ မများတတ်ဘူး၊ မာယာများတဲ့ ယောကျ်ားမျိုးကိုမြင်ရင်လဲ မုန်းတယ် "

" ကျွန် . . . ကျွန်တော် ဘာတွေများမာယာများမိလို့လဲ ခင်ယွန်းဖြူရယ် "

"ရှင်အမျိုးမျိုးသွယ်ဝိုက်ပြီးပြောနေမှန်း ကျွန်မနားလည် တယ်သိလား၊ အခုဒီကို လာခဲ့တာရှင့်ကို ရန်တွေ့ချင်လို့"

" ရန်မတွေ့ချင်ပါနဲ့တော့ . . . ဟောဒီပန်းပွင့်လေးကို ခင်ယွန်းဖြူ ယူသွားပါ၊ အဲဒီပန်းကလေးကစကားပြောပါလိမ့်မယ်"

ခင်ယွန်းဖြူစက်ဘီးရှေ့ရှိ ခြင်းတောင်းလေးထဲသို့ စံကားပန်းပွင့်လေးကို ထည့်ပေးလိုက်သည်။

" ရှင်ပြန်ပါတော့၊ ရှင့်ကို ကျွန်မမုန်းမိလိမ့်မယ် သိလား "

စကားဆုံးသည်နှင့် ခင်ယွန်းဖြူ စက်ဘီးနင်း၍ ထွက်ခွာသွားတော့၏။

သည်တော့မှပင် သူတစ်ယောက်တည်းကျေကျေနပ်နပ် ပြုံးနေမိပြီး ကားဂိတ်ရှိရာသို့ ထွက်လာခဲ့သည်။

ထိုနေ့ညမှုဒုံသို့ မပြန်ဖြစ်တော့ဘဲ သူငယ်ချင်း အောင်ဦး၏ အိမ်တွင် ညအိပ်လိုက်ရသည် မဟုတ်ပါလား . .

* * * * * * * * * * *

## အခန်း (၈)

ခင်ယွန်းဖြူသည် သူမတို့ခြံထဲရောက်သည်နှင့် စက်ဘီးကို ရပ်လိုက်ပြီး ခြင်းလေးထဲမှ စံကားပွင့်လေးကိုယူပြီး ကြည့်လိုက်သည်။

ပွင့်ဖတ်ငါးခုပေါ်တွင် အနက်ရောင်ဘောလ်ပင်ဖြင့် ရေးထားသည့်စာလုံးငါးလုံးကို သူမဖတ်ကြည့်လိုက်မိသည်။

" ချစ်သော ခင်ယွန်းဖြူ " ဆိုသည့် စာလုံးလေးများကို တွေ့လိုက်ရသောကြောင့် ရင်ခုန်သွားမိ၏။

သူကလဲ ချစ်တယ်ဆိုတဲ့ စကားကိုပြောဖို့များ ကဗျာဆ
နေလိုက်တာ . . .

ပွင့်ဖတ်ငါးလွှာသာပါတဲ့ တရုတ်စကားပွင့်လေးပေါ်မှ
စာရေးပြီးပေးရတယ်လို့ . . .

အင်းလေ. . . ငါကလဲ သူရှိနေမှန်းသိလို့ မနေနိုင်
မထိုင်နိုင် စက်ဘီးနဲ့ ပတ်ပြီးသွားကြည့်ခဲ့မိတယ်လေ . . .

ခုမှတွေးပြီးဘာလိုလိုနှင့် ရှက်နေမိသည်။

သူရှိနေတဲ့နေရာကို ရှိနေမှန်းသိလျက်နှင့် နောက်
တစ်ခေါက် ပြန်သွားမိတာ သူမရဲ့ မတည်ငြိမ်သော လှုပ်ရှားခြင်
တစ်ခုပါပဲ . . .

ကျွန်တော်သိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို
ပန်းပွင့်လေးတစ်ပွင့် ပေးချင်လို့စောင့်နေတာပါ . . .

ပန်းပွင့်လေးကို ငုံ့ကြည့်နေမိရင်း သူ့စကားသံတွေကို
ပြန်လည်ကြားယောင်နေမိသည်။

တကယ်တော့သူ့ကို သူမစိတ်ဝင်စားနေမိသည်။

ထိုနေ့က သူနှင့်တွေ့ဆုံခဲ့ရသည့် အကြောင်းများကို
သူမ၏ ဒိုင်ယာရီထဲတွင် ရေးမှတ်ထားမိသည်။

* * * * * * * * * *

အခန်း (၉)

နောက်တစ်နေ့ကျောင်းကိုရောက်တော့ ကျောင်းရှေ့
ကားဂိတ်တွင် သူစောင့်နေသည်။

ရိန်းဂျားကားကြီးပေါ်မှ သူမ ဆင်းလာတာကို မြင်လိုက်
သည်နှင့် သူဝမ်းသာပျော်ရွှင်သွားသည့် အမူအရာနှင့် သူမ
ဘနားသို့ရောက်လာသည်။

သူ့ကိုမြင်တော့သူမရှက်ရွံ့ရွံ့ အမူအရာလေးဖြင့်
ပြောင်ထွက်လာခဲ့မိ၏။

သူမကရှေ့မှသူကနောက်မှ ကသုတ်ကရက်လျှောက် ကြရာ သူမဖိနပ်တစ်ဖက်ကို နောက်မှနေ၍ သူတက် လိုက်မိသည်။

သူမရှေ့သို့ဟပ်ထိုးလဲကျမလိုဖြစ်သွားပြီး ဖိနပ်တစ် ပြတ်သွားသည်။

" ဟင် . . . ရှင်ကလဲ "

ဖိနပ်ပြတ်သွားသောကြောင့် သူမဘာလုပ်ရမှ မသိဘဲသူ့ကို ထုချင်ရိုက်ချင်စိတ်တွေပေါ်နေမိသည်။

" ရှင့်ကြောင့် . . . သိလား၊ ဖိနပ်ကိုရှင်တက်နင်းလိုက် ပြတ်သွားတာ "

ဖိနပ်တစ်ဖက်ကိုသူမဆုပ်ကိုင်ပြီးပြောနေသည်။

" တော်တော်အသုံးမကျတဲ့ ကျွန်တော်ပါလား "

" ကျွန်မတော့ သေတောင်သေလိုက်ချင်တယ်၊ ဖိ အပြတ်ကြီးနဲ့ အတန်းထဲကိုဘယ်လိုသွားရမလဲ"

" ကိစ္စမရှိဘူး၊ မင်းဖိနပ်ကို ကျွန်တော်ပြန်ပြင်ပေးမ ကျွန်တော့်ကွန်ပါဘူးထဲမှာ ပင်အပ်ပါပါတယ် "

သူက သူမလက်ထဲမှ ဖိနပ်ကိုယူပြီး ခပ်လှမ်းလှမ်းရှိ အုတ်ခုံတစ်ခုပေါ်တွင်ဖိနပ်ကိုပြင်နေသည်။





သူမစိတ်ညစ်နေသည့် အမူအရာဖြင့် သူ့အနီးမှာရပ်ပြီး င့်နေရ၏။

သူက ပြတ်သွားသည့် ဖိနပ်သဲကြိုးကို ပင်အပ်ဖြင့်ထိုးပြီး ပ်ရပ်ရပ်ဖြစ်အောင် ပြင်ပေးလိုက်သည်။

" ဒီတစ်နေ့အတွက်တော့ ကောင်းကောင်းစီးလို့ရပါပြီ၊ ဖြန်တော့စိတ်မချရဘူး "

" ဖိနပ်ကိုယူ၍စီးကြည့်နေရင်း ၊ သူ့ကို သူမမျက်စောင်း ိုက်သည်။

" ကဲ . . . ကျွန်တော်တို့အတန်းထဲသွားကြစို့ "

သူတို့နှစ်ဦးကိုကြည့်ပြီး ခပ်လှမ်းလှမ်းမှနှစ်ယောက်က းတကြားနောက်လိုက်ကြသည်။

" ဖိနပ်ဇာတ်လမ်းနော် ဖိနပ်ဇာတ်လမ်း၊ တို့ငယ်ငယ်တုန်းက ရှိတဲ့ ဂျပန်ရုပ်ရှင်တစ်ကားရှိတယ်၊ Take me away တဲ့၊ ကနေဇာတ်လမ်းစတာလေ "

" ငါတော့ပြောတောင်မပြောချင်ပါဘူး၊ လရောင်ဆမ်းဆိုတဲ့ ါကကြည်ညိုနေမိတာ၊ လက်စသတ်တော့ သူက ဖိနပ်ချုပ် းဖြစ်နေတာကိုး၊ အိမ်ရှေ့ရောက်မှသူ့ကို ကောင်းကောင်းရန်တွေ ိုက်ဦးမယ် "

ထိုမိန်းကလေးသည် မုဒုံသူနှင့် သဇင်ဖြစ်၏။

သူမက အဆောင်တွင်နေထိုင်သူဖြစ်ပြီး တစ်ပတ်တစ်
မှသာ မုဒုံသို့ ပြန်လေသည်။

လရောင်ဆမ်းက မုဒုံမှ ကိုယ်ပိုင်ပတ်ပလစ်ကာ ကား
မောင်းပြီး နေ့ချင်းပြန်ကျောင်းတက်သည်။

တစ်ခါတစ်ရံမှသာ မော်လမြိုင်ရှိ သူငယ်ချင်းများအိမ်တွ
အိပ်လေ့ရှိသည်။

ထို့ကြောင့် လရောင်ဆမ်းနှင့် သဇင်တို့နှစ်ဦး အချင်းချ
သိကျွမ်းနေကြသည်။

" လရောင်ဆမ်း တွဲသွားတဲ့ မိန်းကလေးကို နင်သိလာ
နှင်းသဇင် "

" သိတယ် Maths Queen မဟုတ်လား၊ သူ
သိပ်ချောတော့ ကျောင်းမှာသူ့ကိုသိတဲ့လူအတော်များတယ်"
သစ်သစ်အမေးကို နှင်းသဇင်ဖြေလိုက်သည်။

" လရောင်ဆမ်းကို ရှင်စိတ်ဝင်စားနေမှန်း ကျွန်မရိပ်
ပါတယ် နှင်းသဇင် "

" ဟဲ့ . . . တိုးတိုးပြောစမ်းပါ၊ နင်ဟာလေအရပ်ရှည်
သလောက် အသံပြတယ် "



" ကျွန်မသိချင်တာက အခုသူမှာမိန်းကလေး သူငယ်ချင်း
နေပြီဆိုတော့ ရှင်ဘယ်လိုလုပ်မလဲ "

" အို . . . ဒီအကြောင်းတွေ နောက်မှပြောစမ်းပါ၊
ခုတွေးဖို့မအားဘူး"

ထိုသို့ပြောလိုက်သော်လည်း သူမ၏ ရင်ထဲတွင်
ယွန်းဖြူအပေါ် အငြိုးအတေးကြီးစွာ တေးမှတ်ထားလိုက်မိသည်
ဟုတ်ပါလား . . .

* * * * * * * * * *

## အခန်း (၁၀)

သူမသည်အတော်ညဥ့်နက်ချိန်အထိ မအိပ်ဘဲ ပန်းထိုးခွတစ်ခုနှင့် အလုပ်ရှုပ်လျက်ရှိနေ၏။

သူမကိုယ်တိုင် ပိုးချည်များဖြင့်အဖြူရောင်လက်ကိုင်ပုဝါတစ်ခုပေါ်တွင် ပန်းထိုးနေခြင်းဖြစ်သည်။

စံကားပွင့်နှစ်ပွင့်ပေါ်တွင် ငှက်ကလေးနှစ်ကောင်ကူယှဉ်တွဲနေကြသည့် ပုံဖြစ်သည်။

မနက်ဖြန်ဘုရားရှိခိုးကျောင်းနားက တရုတ်စံကားပင်ကြီးအောက်မှာ သူရှိနေမှာသေချာတယ်. . .

မြားနတ်မောင်စာပေ

သည်နေရာလေးမှာ တနင်္ဂနွေနေ့တိုင်း သူလာစောင့်နေတတ်တာ တနင်္ဂနွေပေါင်း အတော်ကြာခဲ့ပြီ။

သူမသည်သူ့အတွက် ရည်ရွယ်ပြီးပန်းထိုးနေသည့် လက်ကိုင်ပဝါလေးကို အပြီးသတ်အောင်ကြိုးစားပြီး ထိုးလိုက်သည်။

အတော်ညဉ့်နက်ချိန်ရောက်မှပင် ပန်းထိုး၍ပြီးသွား၏။

လက်ကိုင်ပဝါထောင့်စွန်းတွင် သူမ၏နာမည်အတိုကောက် P ဟုထိုးနေချိန်တွင် အခန်းထဲသို့ မာမီပင်လာသည်။

မာမီသည် အသက်လေးဆယ်ခန့်သာရှိသေးပြီး ရုတ်တရက်ကြည့်လိုက်လျှင် သုံးဆယ့်ငါးနှစ်ခန့်သာရှိသေးသည် ဟု ထင်မှတ်ရ၏။

" ညဆယ့်နှစ်နာရီထိုးနေပြီ ခုချိန်အထိ မအိပ်သေးဘူးလား ယွန်းဖြူ "

" မအိပ်ရသေးဘူး မာမီ "

" ပန်းထိုးတာကလဲ ဝါသနာပါတာကလဲလွန်ပါရော၊ ပြစမ်း . . . ဘာပုံလေးလဲ "

မာမီက သူမ လက်ကိုင်ပဝါလေးကို ဖြန့်ကြည့်ပြီးချီးမွမ်းလိုက်သည်။



" ဟယ် . . . အတော်လှတာပဲ၊ ဒီလက်ကိုင်ပဝါက ဘယ်သူ့ကို ပေးဖို့လဲပြောစမ်း "

" သမီး ကိုယ်တိုင်သုံးမှာပါ မာမီ "

မာမီက မယုံသင်္ကာသံသယမျက်လုံးများဖြင့် သူမကို အကဲခတ်ကြည့်နေသည်။

" သမီးကို မာမီပြောထားတဲ့ ကိစ္စ သမီးခေါင်းထဲမှာ အမြဲထည့်ပြီးစဉ်းစားရမယ်နော် "

" ဘာကိစ္စလဲ မာမီ "

" သမီးကလဲ မသိဟန်ဆောင်မနေစမ်းပါနဲ့ မောင်ဇော်မှိုင်းနဲ့ သဘောတူထားတဲ့ ကိစ္စလေ "

သူမ မသိမသာ နှာခေါင်းရှုံ့လိုက်ပြီး . . .

" ယွန်းဖြူ ငယ်ပါသေးတယ် မာမီရယ်၊ အပျိုလုပ်လို့တောင် မဝသေးဘူး" ဟု ပြောလိုက်သည်။

" အပျိုလုပ်လို့မဝသေးဘူးဆိုတာ သမီးစကားနော်၊ ပြီးမှ ဆိုင်းမဆင့်ဘုံမဆင့် ချစ်သူနောက်လိုက်ပြေးသွားတာမျိုး မာမီ မလိုချင်ဘူး"

" မာမီကလဲ ယွန်းဖြူကိုဒီလောက်တောင် စိတ်မချဘူးလား" ဟုစောဒကတက်လိုက်မိသော်လည်း တကယ်တမ်း

ကျတော့ မာမီပြောသလိုပင် သူမရင်ထဲမှာ အခြားတစ်ယောက်က ရှိနေလေပြီ ”

“ ညဥ့်နက်နေပြီသမီး၊ အိပ်တော့ မနက်ဖြန် တနင်္ဂနွေနေ့ မာမီလဲ ချာ့(ချ်) သွားရမယ် ”

မာမီကောင်းမွန်စွာ ကျန်းမာလာပြီမို့ ချာ့(ချ်) သွားရန် ပြောနေခြင်းပါ။

မနက်ဖြန်မာမီပါလိုက်မည်ဆို၍ သူမရင်ထဲစိုးထိတ်ကြောက်ရွံ့နေမိသည်။

မာမီကစိတ်ကြီးသူမို့ သူမနှင့်သူ့အကြောင်းကိုသာ ရိပ်မိသွားပါက စိတ်ဆိုး၍ဆုံးနိုင်မည်မထင်။

မာမီအခန်းထဲမှ ထွက်သွားမှပင် သူမတစ်ယောက်တည်း သက်ပြင်း ရှိုက်နေမိသည်။

မနက်ဖြန် မာမီပါလိုက်ခဲ့မယ်ဆိုတော့ သူနဲ့တွေ့ရင် စကားပြောခွင့်ရမှာ မဟုတ်ဘူး . . .

ပြီးတော့လက်ကိုင်ပဝါလေး ပေးဖြစ်မှာမဟုတ်ဘူး။

မနက်ဖြန်သူ့ကိုသည်လက်ကိုင်ပဝါလေးပေးချင် လွန်းလို့ ငါ့မှာဖြင့် ကြိုးစားပြီးပန်းထိုးလိုက်ရတာ . . .

ခုတော့ စိတ်မကောင်းစရာပါလား . . .



လက်ကိုင်ပဝါလေးကိုသူမ၏ စလင်းဘက်ထဲထည့်ထားလိုက်မိသည်။

နက်ဖြန်ကျွန်မတို့ နှစ်ယောက်အတွက် ကံကောင်းပါစေလို့ ဆုတောင်းပါတယ် ကိုလရောင်ရယ် . . .

ထိုစဉ် တယ်လီဖုန်းမြည်လာ၏။

ဖုန်းခွက်ကို ကောက်ကိုင်လိုက်တော့ စံပယ်အသံကို ကြားလိုက်ရသည်။

“ ဟော့ . . . ယွန်းဖြူ နက်ဖြန် Church သွားမယ် မဟုတ်လား ”

“ သွားမယ် ”

“ ကျွန်မလဲ ရှင်နဲ့ အတူလိုက်ခဲ့မယ် ”

“ အိုကေ ”

“ ဒါနဲ့ ရှင်ကောင်လေးရော၊ ဟိုစံကားပင်အောက်မှာ ထိုင်စောင့်နေမယ်မဟုတ်လား”

“ သူရှိနေမှာသေချာတယ်”

“ သူ့ကို ရှင်လက်ခံလိုက်ပြီလား ”

“ ဟင့်အင်း . . . စကားတွေသိပ်ရှုပ်မနေနဲ့ စံပယ်၊ ကျွန်မစိတ်ညစ်နေတယ် သိလား”

“ ဘာတွေများ စိတ်ညစ်နေလို့လဲ ”

" နက်ဖြန်မာမီလဲ ချာ့(ချ်) ကိုလိုက်မယ်၊ ဒါကြောင့် သူနဲ့ကျွန်မစကားပြောခွင့် ရချင်မှရမှာ "

စံကားပင်ကြီးအောက်မှာ သူထိုင်စောင့်နေမှာတော့ သေချာပါတယ် "

" ဘာပဲဖြစ်ဖြစ် နက်ဖြန် မာမီမရိပ်မိအောင်နေရဦးမှာပဲ"

" ရှင့်ရဲ့ လရောင်ဆမ်းက နာမည်တစ်မျိုးပဲနော်၊ လရောင်ဆမ်းဆိုတဲ့အတိုင်း ရှင့်အပေါ်မှာ မေတ္တာတွေ ဆမ်းထားရင် ရှင်တော့ အေးချမ်းဦးမှာပဲ "

စံပယ်စကားကြောင့် သူမနှစ်ခြိုက်စွာပြုံးလိုက်သည်။

" ကျွန်မလဲဒါကိုပဲမျှော်လင့်နေမိတာ၊ သူ့မေတ္တာဟာ လရောင်ဆမ်းထားသလိုအေးမြတဲ့ မေတ္တာမျိုးဖြစ်ပါစေလို့ ဆုတောင်းနေမိတာပဲ၊ သူက အစွဲအလမ်းလဲကြီးတဲ့သူပဲလေ"

သူမစကားဆုံးသည်နှင့် ဖုန်းချလိုက်သည်။

* * * * * * * * * *

## အခန်း (၁၁)

သည်နေ့ သူဘုရားကျောင်းရှေ့ စံကားပင်အောက်သို့ ခပ်စောစောပင်ရောက်နေခဲ့သည်။

သူမ ဘုရားကျောင်းသို့လာတိုင်း စံကားပွင့်လေးများ ကောက်ယူတတ်သောကြောင့် တမင်လာစောင့်နေခြင်းပါ။ သူမ၏စက်ဘီးလေးကို လှမ်းမြင်လိုက်သည်နှင့် သူရင်ခုန်သွားမိသည်။

သူမ စက်ဘီးသူ့ရှေ့မှဖြတ်သွားသောအခါ ခင်ယွန်းဖြူက သူ့ကိုအသာလှည့်ကြည့်သွားသည်။

သူနှုတ်ဆက်ရန်ပြေးထွက်လာပြီးမှ နှုတ်မဆက်မိတော့ဘဲ သူ့ခြေလှမ်းတွေကိုရပ်တန့်လိုက်၏။

သူမ၏စက်ဘီးနောက်တွင် သူမိခင်ပါလာသောကြော
ရယ်ပါ။

သူမမိခင်က မျက်နှာထားအတော်တင်းသည်။

စံကားပင်အောက်တွင် မယောင်မလည်ရပ်နေသည့်သူ
မသိမသာအကဲခတ်သွားသည်။

သူမစက်ဘီးလေး ဘုရားကျောင်းရှေ့မှာရပ်လိုက်ပြ
စက်ဘီးပေါ်မှဆင်း၍ ဘုရားကျောင်းထဲဝင်သွားကြသည်။

သူလှမ်းကြည့်နေရာမှ ရင်ထဲမှာ ဟာသွားသည်။

ဩော် . . . သူမမေမေပါလာခဲ့တာကိုး . . .

ညှိုးငယ်နေသည့် မျက်နှာဖြင့် ခုံတန်းလေးပေ
ထိုင်လိုက်သည်။

ခဏကြာတော့ စံပယ်ရောက်လာ၏။

စံပယ်က မိန်းမစီး Honda လေးဖြင့် ရောက်လာခြင်းပ

သူ့ကိုမြင်တော့ Honda ကိုသူ့အနီးမှာ လာရပ်လိုက်
နှုတ်ဆက်သည်။

" ရှင်တစ်ယောက်တည်းလာစောင့်နေတာ ကြာပြီလာ

" ကျွန်တော်ရောက်နေတာကြာပါပြီ "

" ခင်ယွန်းဖြူကော . . . ရောက်လာပြီ မဟုတ်လား





" ဟုတ်ပါတယ် . . . ဒါပေမယ့် သူ့အမေပါလာလို့
စကားပြောခွင့်မရဘူး "

" ရှင့်ကြည့်ရတာ ကြက်နာကြီးလည်လိမ်ထားသလိုပဲ၊
စကားမပြောရတာနဲ့ သည်လောက်မဖြစ်ပါနဲ့"

စံပယ်စကားကြောင့် သူမချိသွားဖြုရယ်လိုက်မိသည်။

" ကျွန်တော် ဒီပန်းလေးတွေကောက်ထားတယ်၊ သူ့ကို
ပေးခွင့်ရပါ့မလား မသိဘူး၊ ဒီပန်းလေးတွေကို သူ့ကို ပေးပေး
ပါလား "

" ရှင်ကလဲ . . . ရှင်ဘာသာကိုယ်တိုင်ပေးပေါ့၊
ယွန်းဖြူကို ခေါ်ပြီး ကျွန်မသည်နေရာကို ပြန်လာခဲ့မယ်လေ"

" ကျေးဇူးပဲဗျာ၊ ကျွန်တော်သူနဲ့ သိပ်တွေ့ချင်တယ် "

စံပယ်က ဘုရားကျောင်းထဲဝင်သွားသည်။

စံပယ် Church ထဲရောက်တော့ ဘုရားဝတ်ပြုရန်နှင့်
ဆုတောင်းမေတ္တာပို့ရန် တဖွဲဖွဲရောက်လာကြသည့် လူတွေထဲမှ
ခင်ယွန်းဖြူကိုတွေ့လိုက်ရသည်။

သူမအနီးသို့စံပယ်ကပ်လာခဲ့ပြီး လေသံတိုးတိုးဖြင့်
ပြောလိုက်၏။

" ယွန်းဖြူ . . . အပြင်ခဏပြန်ထွက်ရအောင် "

ယွန်းဖြူက မာမီ့ဘက် မသိမသာလှည့်ကြည့်ပြီး အကဲခတ်လိုက်သည်။

မာမီကသူ့မိတ်ဆွေတစ်ယောက်နှင့် စကားပြောနေသည်၊

ဘုရားဝတ်ပြုရန်အချိန် အနည်းငယ်လိုသေးသဖြင့် စောင့်ဆိုင်းနေကြရင်း စကားပြောနေကြခြင်းပါ။

" ခဏလေးလိုက်ခဲ့ပါလား ယွန်းဖြူ "

ယွန်းဖြူခေါင်းညိတ်လိုက်ပြီး . . .

" မာမီ . . . သမီး အပြင်ခဏထွက်ဦးမယ် "ဟု မဝံ့မရဲ ပြောလိုက်၏။

" ဘာဖြစ်လို့ အပြင်ထွက်မှာလဲ ယွန်းဖြူ "

"ခေါင်းနည်းနည်းမူးလို့ အပြင်ထွက်ပြီး လေတိုက်ခံမလို့ပါ မာမီ "

မာမီက သူမ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

သို့သော် ဘာမှမပြောပေ။

စံပယ်နှင့် အတူသူမခပ်သွက်သွက်ထွက်လာခဲ့၏။

ဘုရားကျောင်းရှေ့ရောက်တော့ ခုံတန်းလေးပေါ်တွင် ထိုင်နေသည့်သူ့ကိုတွေ့လိုက်ရ၏။

"ကိုလရောင်"





သူ့ငိုင်တွေနေရာမှ မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

" ခင်ယွန်းဖြူ "

" ဆောရီးပဲ ကိုလရောင်၊ ခုနကမာမီပါလာလို့ နှုတ်မဆက် ဘူး "

" ကိစ္စမရှိပါဘူး ခင်ယွန်းဖြူရယ်၊ ဒီမှာ . . . ကျွန်တော် ဘာက်ထားပေးတဲ့ ပန်းတွေယူသွားပေးရင်ကျေနပ်ပါပြီ"

သူမက ထုံးစံအတိုင်းစလင်းဘက်ကို ဖွင့်၍ သူကောက်ထား ည့်ပန်းများကို ထည့်လိုက်သည်။

သူမ စလင်းဘက်ထဲမှ လက်ကိုင်ပဝါလေးကိုယူထုတ် ိုက်ပြီး သူ့ကိုပေးလိုက်သည်။

" ဒီမှာ . . . ရှင့်အတွက် လက်ဆောင်၊ ကျွန်မကိုယ်တိုင် း်ထိုးထားတာ"

" ကျေးဇူးတင်ပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့ ျွန်တော့်မွေးနေ့လေ "

သူကပျော်ရွှင်ကြည်နူးနေသည့် အသံဖြင့်ပြောလိုက်သည်။

" ဩော် . . . ဟုတ်လား၊ ဒီလိုမှန်းသိရင် ထိုက်တန်တဲ့ က်ဆောင်ပစ္စည်းတစ်ခုခု ကျွန်မပေးမှာပေါ့ "

" ဘာလက်ဆောင်မှမလိုတော့ပါဘူး၊ ခင်ယွန်းဖြူကိုယ်တိုင် ပင်ပန်းခံပြီးပန်းထိုးထားတဲ့ ဒီလက်ကိုင်ပဝါလေးကို က်ဆောင်ပေးလို့ ကျေနပ်ပါပြီ"

ယွန်းဖြူက မာမီ့ဘက် မသိမသာလှည့်ကြည့်ပြီး အကဲခတ်လိုက်သည်။

မာမီကသူ့မိတ်ဆွေတစ်ယောက်နှင့် စကားပြောနေသည်၊

ဘုရားဝတ်ပြုရန်အချိန်အနည်းငယ်လိုသေးသဖြင့် စောင့်ဆိုင်းနေကြရင်း စကားပြောနေကြခြင်းပါ။

" ခဏလေးလိုက်ခဲ့ပါလား ယွန်းဖြူ "

ယွန်းဖြူခေါင်းညိတ်လိုက်ပြီး . . .

" မာမီ . . . သမီး အပြင်ခဏထွက်ဦးမယ် "ဟု မဝံ့မရဲ ပြောလိုက်၏။

" ဘာဖြစ်လို့ အပြင်ထွက်မှာလဲ ယွန်းဖြူ "

" ခေါင်းနည်းနည်းမူးလို့ အပြင်ထွက်ပြီး လေတိုက်ခံမလို့ပါ မာမီ "

မာမီက သူမ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

သို့သော် ဘာမှမပြောပေ။

စံပယ်နှင့် အတူသူမခပ်သွက်သွက်ထွက်လာခဲ့၏။

ဘုရားကျောင်းရှေ့ရောက်တော့ ခုံတန်းလေးပေါ်တွင် ထိုင်နေသည့်သူ့ကိုတွေ့လိုက်ရ၏။

"ကိုလရောင်"





သူငိုင်တွေနေရာမှ မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

" ခင်ယွန်းဖြူ "

" ဆောရီးပဲ ကိုလရောင်၊ ခုနကမာမီပါလာလို့ နှုတ်မဆက် ဘူး "

" ကိစ္စမရှိပါဘူး ခင်ယွန်းဖြူရယ်၊ ဒီမှာ . . . ကျွန်တော် ာက်ထားပေးတဲ့ ပန်းတွေယူသွားပေးရင်ကျေနပ်ပါပြီ"

သူမက ထုံးစံအတိုင်းစလင်းဘက်ကို ဖွင့်၍ သူကောက်ထား ည့်ပန်းများကို ထည့်လိုက်သည်။

သူမ စလင်းဘက်ထဲမှ လက်ကိုင်ပဝါလေးကိုယူထုတ် လိုက်ပြီး သူ့ကိုပေးလိုက်သည်။

" ဒီမှာ . . . ရှင့်အတွက် လက်ဆောင်၊ ကျွန်မကိုယ်တိုင် န်းထိုးထားတာ"

" ကျေးဇူးတင်ပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့ ကျွန်တော့်မွေးနေ့လေ "

သူကပျော်ရွှင်ကြည်နူးနေသည့် အသံဖြင့်ပြောလိုက်သည်။

" ဩော် . . . ဟုတ်လား၊ ဒီလိုမှန်းသိရင် ထိုက်တန်တဲ့ လက်ဆောင်ပစ္စည်းတစ်ခုခု ကျွန်မပေးမှာပေါ့ "

" ဘာလက်ဆောင်မှမလိုတော့ပါဘူး၊ ခင်ယွန်းဖြူကိုယ်တိုင် အပင်ပန်းခံပြီးပန်းထိုးထားတဲ့ ဒီလက်ကိုင်ပဝါလေးကို လက်ဆောင်ပေးလို့ ကျေနပ်ပါပြီ"

" ကဲ . . . ယွန်းဖြူ သွားကြစို့ " ဟုစံပယ်ကသ
ပေးလိုက်သည်။

" ဟုတ်တယ် . . . မာမီရိပ်မိရင် ပြဿန
တက်လိမ့်မယ်၊ သွားဦးမယ်နော်" ဟုပြောပြီး ခင်ယွန်းဖြ
တို့နှစ်ယောက် လှည့်ထွက်လာခဲ့ကြ၏။

သူတို့သုံးယောက်အား ဘုရားကျောင်း၏ တစ်ခုသော
ပြတင်းပေါက်မှနေ၍ မာမီတိတ်တခိုးချောင်းကြည့်နေခဲ့ကြ
သည်ကို သူတို့တစ်ယောက်မှ မရိပ်မိခဲ့ကြပေ။

မာမီကတစ်ဦးတည်းသော သမီးလေးကို သူမသဘော
တူသည့် သူဌေးသားနှင့် လက်ထပ်ပေးရန်ရည်ရွယ်ထားသူမို့
အရိပ်အခြည် မပြတ် စောင့်ကြည့်နေခြင်းပါ။

ဘုရားကျောင်းကိုလာကတည်းက သူမတို့စက်ဘီးအား
သည်ကောင်လေး စူးစူးစိုက်စိုက်ကြည့်နေတာကို တွေ့ခဲ့ရသည်
မဟုတ်ပါလား . . .

သမီးရဲ့ချစ်သူ ဒါမှမဟုတ် စံပယ်ချစ်သူများလား . . .

မာမီဒေါ်ပုလဲတွေးနေရင်း နေရာမှက္ကန္ဒြေမပျက် လာပြ
ထိုင်လိုက်သည်။

သူမတို့နှစ်ဦးကတော့ မာမီဒေါ်ပုလဲစောင့်ကြည့်နေခဲ့သည်
အဖြစ်ကိုလုံးဝမရိပ်မိခဲ့ကြပေ။



ဘုရားဝတ်ပြုအပြီး Church ထဲမှ ထွက်လာကြသော
ဒါမာမီနှင့်အတူ စက်ဘီးဖြင့်ပြန်လာခဲ့ကြရင်း သူ့ကို
မ်းကြည့်၍ မသိမသာပြုံးပြခဲ့မိသည်။

ထိုနေ့ညနေတွင် လရောင်ဆမ်း စံကားပင်အောက်မှာ
နေသလားဆိုသည့်အတွေးဖြင့်သူမ ဘုရားကျောင်း အနီးသို့
န်ရောက်လာခဲ့သည်။

သူ့ကိုမတွေ့ရတော့ပေ။

သူမရင်ထဲမှာဟာပြီး ပြန်လာခဲ့မိ၏။

**********

# အခန်း (၁၂)

နောက်ဆုံးနှစ်အတန်းတင်စာမေးပွဲများပြီးသွားကြသောကြောင့် ကျောင်းတွင်သူမတို့ အချင်းချင်းထပ်မံတွေ့ဆုံရန်မလွယ်တော့ပေ။

ထို့ကြောင့် တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းလေးမှာပင်တွေ့ဆုံကြရသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက်စကားပြောခွင့်မရကြပေ။

သူမ၏ မာမီကိုယ်တိုင်ပါလာတတ်သည်မို့ စကားပြောခွင့်မရခြင်းပါ။

ပြားနတ်မောင်စာသ

" ကျွန်တော် သူကိုတွေ့ချင်တယ် မစံပယ်၊ ကူညီပါဦး "

သူ့ကို မှန်မှန်လာနှုတ်ဆက်လေ့ရှိသည့် စံပယ်ကို အကူအညီတောင်းမိသည်။

" ကိုယ်ချင်းစာပါတယ် ကိုလရောင်၊ တကယ်တော့ ရှင်တို့နှစ်ယောက်တွေ့ချင်ရင် အလွယ်ကလေးပါ "

စံပယ်စကားကြောင့် သူအံ့သြဝမ်းသာသွား၏။

" ဒါဖြင့် ကူညီပါဦး မစံပယ်ရယ်၊ ယွန်းဖြူနဲ့တွေ့ဆုံနိုင်ဖို့ ကျွန်တော်ဘာလုပ်ရမလဲ ဟင် "

" ဒါလား . . . လွယ်လွယ်လေးပါ၊ ယွန်းဖြူရဲ့မာမီ ဒေါ်ပုလဲက ဆန်းဒေးတစ်ရက်ပဲ Church ကိုလာတာလေ၊ ကျန်တဲ့နေ့တွေ ဒီစံကားပင်ကြီးအောက်မှာ ရှင်တို့နှစ်ယောက် ဆုံနိုင်ကြတာပဲ မဟုတ်လား "

" အို . . . သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ မစံပယ်ရယ် "

စံပယ်အကူအညီဖြင့်ပင် သူတို့နှစ်ဦးတွေ့ဆုံခွင့်ရခဲ့ကြသည်။

ဘုရားကျောင်းအနီးရှိ စံကားပင်ကြီးအောက်မှာ ညနေခင်း လေးတွေတိုင်း သူတို့နှစ်ဦးတွေ့ဆုံခဲ့ကြသည်။

ဆောင်းဦးပေါက်လာပြီမို့ ညနေခင်းအချိန်များတွင် မြူနှင်းတို့ဝေနေတတ်သည်။

မြားနတ်မောင်စာပေ



" ခင်ယွန်းဖြူအတွက် ကျွန်တော် ဆွယ်တာလေးတစ်ထည်
ယ်လာခဲ့တယ်၊ အနက်ရောင်ဆိုတော့ ကြိုက်မှ ကြိုက်ရဲ့လား၊
တော်ရဲ့လားလို့ဝတ်ကြည့်စမ်းပါဦး "

" အနက်ရောင်ဆိုတော့ ပိုပြီးလှတာပေါ့၊ ပြီးတော့ ကျွန်မနဲ့
တော်မှာပါ "

" ကျွန်တော့်ကို ဝတ်ပြပါလား ခင်ယွန်းဖြူ "

သူမက အနက်ရောင်ဆွယ်တာ အင်္ကျီလေးကို ဝတ်ပြ
လိုက်သည်။

" ယွန်းဖြူနဲ့ သိပ်လိုက်တာပဲ "

သူကယွန်းဖြူကိုကြည့်ပြီးပြောလိုက်သည်။

" ရှင့်ကိုကျေးဇူးတင်ပါတယ် "

" ကျေးဇူးတင်ဖို့မလိုပါဘူး ယွန်းဖြူ ကျွန်တော်တို့က သူစိမ်းတွေမှမဟုတ်တော့တာ "

သူ့စကားကြောင့် ယွန်းဖြူမျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားပြီး . . .

" သူစိမ်းတွေမဟုတ်တော့ဘူး ဟုတ်လား "

" ဟုတ်တယ် . . . ကျွန်တော်နဲ့ယွန်းဖြူ သူစိမ်းတွေ မဟုတ်တော့ဘူး "

" သူစိမ်းတွေမဟုတ်ရင်ဘာလဲ "

မြားနတ်မောင်စာပေ

" ချစ်သူတွေလေ"

သူ့စကားကြောင့် သူမရှက်သွေးဖြာပြီး ထူထူပူပူဖြစ်သွားသည်။

" ရှင့်ကိုဘယ်သူကချစ်တယ်ပြောလို့လဲ၊ သွားစမ်းပါ"

ခင်ယွန်းဖြူက သူ့ရင်ဘတ်ကိုလှမ်းထုရင်း ပြောလိုက်၏။

" တကယ်ပြောတာပါ ယွန်းဖြူ၊ ယွန်းဖြူနဲ့ကျွန်တော် ချစ်သူတွေဖြစ်သွားကြပြီနော် "

" ရှင်ကကျွန်မကိုချစ်တယ်လို့ ဘယ်တုန်းကပြောလဲ၊ ကျွန်မကကောရှင့်ကို ဘယ်တုန်းကချစ်တယ်လို့ပြောဖူးလဲ"

" မနေ့တုန်းက . . . အဲ ဟုတ်ပါဘူး "

" ရှင်နော် နောက်တီးနောက်တောက်လုပ်မနေနဲ့၊ တစ်ခါတည်း အဆက်ဖြတ်ပစ်လိုက်ရမလား "

" အဲဒီလိုတော့ မလုပ်ပါနဲ့ ယွန်းဖြူရယ်၊ ကိုယ်တောင်းပန်ပါတယ်"

" ဒါဖြင့်ရင်ရှင် ကျွန်မကို ဘယ်တုန်းကချစ်ရေးဆိုခဲ့ဖူးသလဲ ဆိုတာကို ပြောပြပါလား "

" အို . . . ဒါမခက်ခဲပါဘူး၊ ခုချက်ချင်းပြောမှာပေါ့၊ တစ်ခါက ယွန်းဖြူကို ကိုယ်စံကားပန်းလေးတစ်ပွင့် ပေးလိုက်

မြားနတ်မောင်စာပေ



တယ်လေ၊ အဲဒီပန်းပွင့်လေးကို ယွန်းဖြူသေချာ ကြည့်တယ် မဟုတ်လား "

" ဟင့်အင်း . . . မကြည့်မိဘူး "

ယွန်းဖြူတမင်ညာပြောလိုက်ခြင်းပါ။

" ယွန်းဖြူကလဲ . . . အဲဒီပန်းပွင့်လေးပေါ်မှာ ကိုယ်က ခင်ယွန်းဖြူလို့ စာရေးထားခဲ့တာ၊ ယွန်းဖြူ ဖတ်ကြည့်ပြီးပြီထင်နေတယ် "

" ယွန်းဖြူမဖတ်ရသေးပါဘူး "

သူက စံကားပွင့်လေးတစ်ပွင့်ကိုကောက်ယူပြီး သူ့အကျႌအိတ်ထဲမှ ဘောလ်ပင်ဖြင့် " ချစ်သောခင်ယွန်းဖြူ " ဆိုသည့်စာတမ်းလေးကိုရေးလိုက်သည်။

" ကဲ . . . ဒီမှာကြည့်စမ်း ယွန်းဖြူ "

ယွန်းဖြူက ပန်းပွင့်လေးကိုယူပြီး ပွင့်ဖတ်လွှာပေါ်ရှိ စာလုံးလေးတွေကို ကြည့်လိုက်သည်။

ထိုစာလုံးလေးငါးလုံးကို ယွန်းဖြူမှတ်မိပါသည်။

သူမစက်ဘီးခြင်းလေးထဲသို့ စံကားပွင့်လေးတစ်ပွင့်ကို သူထည့်ပေးလိုက်သည့်နေ့က ထိုစံကားပွင့်လေးပေါ်မှာ သူရေးပေးခဲ့သည့် စာလုံးလေးတွေရယ်ပါ . . .

မြားနတ်မောင်စာပေ

" ခင်ယွန်းဖြူကို ကျွန်တော် ချစ်တယ်၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါ "

သူ့စကားကြောင့် သူမဆတ်ခနဲ တုန်ရင်သွားသည်။

" လက်ထပ်ဖို့ဟုတ်လား . . . စောပါသေးတယ်၊ ယွန်းဖြူ ခုမှ အသက်နှစ်ဆယ်ကျော်ပဲရှိပါသေးတယ် "

" ချစ်သူနဲ့ တစ်စက္ကန့်လေးတောင်မခွဲချင်တော့ဘူး၊ စောစောလက်ထပ်ပြီး ဆံဖြူသွားကျိုးတဲ့အချိန်ထိ မခွဲမခွာ နေကြတဲ့သူတွေအများကြီးပါ ယွန်းဖြူရယ် "

" ရှင့်ကို ချစ်သူအဖြစ်တောင်လက်မခံရသေးဘူး၊ လက်ထပ်ချင်တယ်ဆိုတော့ အဆင့်တွေ မကျော်နေဘူးလား"

သူကစံကားပန်းပွင့်လေးတစ်ပွင့်ကို ယွန်းဖြူအကျီရင်ဘတ်မှာပင် အပ်ဖြင့်အသာချိတ်လိုက်ပြီး . . .

" ကိုယ်လေ ယွန်းဖြူကို သိပ်ချစ်တယ်၊ အိပ်ယာကနိုးနိုးချင်း အချိန်မှာ အရင်ဆုံးမင်းကိုလွမ်းမိတယ် သိလား ယွန်းဖြူ "

" ရှင်ကစကားပြောသိပ်ကောင်းတာပဲ ပန်းပွင့်တွေနဲ့ ကဗျာဆန်တယ် "

" ကိုယ့်ကိုချစ်သလား ယွန်းဖြူ "

" ရှင့်ကိုကျွန်မထာဝရသတိရနေတယ်၊ ခံစားချက်ချင်း လဲတူတယ်၊ အိပ်ယာကနိုးနိုးချင်း ပထမဦးဆုံး ရှင့်ကို သတိရတယ်၊ ကျွန်မရင်ထဲကအကြောင်းတွေကို ရှင်နားလည်ပြီမဟုတ်လား "

မြားနတ်မောင်စာပေ



" ဒီနေ့ ကိုယ်သိပ်ပျော်တယ် ယွန်းဖြူ ကိုယ်တို့နှစ်ဦး ချစ်သူဖြစ်သွားကြတဲ့နေ့မှာ ဟောဒီကိုယ့်ရဲ့လက်ဆောင် ဆွယ်တာလေးဟာ မင်းအတွက်ထာဝရနွေးထွေးလုံခြုံနိုင်ပါစေ"

" ချစ်သူသက်တမ်း တစ်လပြည့်တဲ့နေ့မှာ ရှင့်ကိုကျွန်မ လက်ဆောင်တစ်ခုပေးမယ်၊ အဲဒါလေးဒီနေရာမှာပဲ ပေးမယ်နော် မကောင်းဘူးလား "

" ဘာလက်ဆောင်များလဲ ယွန်းဖြူရယ် "

" နောက်တော့ ရှင်သိရမှာပေါ့ "

ချစ်သူတွေဖြစ်သွားကြသော်လည်း လျှောက်မလည် ဖြစ်ကြပါ။

ထိုစံကားပင်ကြီးအောက်ရှိ ခုံတန်းလေးပေါ်တွင် ထိုင်ရင်းနေဝင်လုနီးနီးအချိန်အထိ စကားပြောနေကြပြီးမှ လမ်းခွဲခဲ့ကြသည်။

* * * * * * * * * *

မြားနတ်မောင်စာပေ

# အခန်း (၁၃)

ထိုနေ့ညနေ သူမအိမ်ပြန်ရောက်လာသောအခါမာမိက ည့်ခန်းထဲတွင်ထိုင်ပြီး သူမကိုစောင့်နေသည်။

မာမိ့မျက်နှာထားတင်းတင်းကြောင့် သူမရင်ထဲမှာ ိတ်ခနဲဖြစ်သွားမိ၏။

မာမိ့မျက်နှာပင်မကြည့်ရဲတော့ပေ။

"ဘယ်ကပြန်လာတာလဲ ယွန်းဖြူ"

"စံပယ်တို့အိမ်ကပါ မာမိ"

"မာမိ့ကိုမညာနဲ့နော်သမီး၊ ခုနကပဲ မာမိသမီးတို့ကို တွေ့ခဲ့တယ်"

မြားနတ်မောင်စာပေ

မာမီ့စကားကြောင့်သူမထိတ်လန့်သွားရသည်။ သူမနှ
လရောင်ဆမ်း အကြောင်းကိုသိသွားခြင်းပင် ဖြစ်လိမ့်မည်ဟု
စိုးထိတ်စွာနားလည်လိုက်ရသည်။

"အဲဒီကောင်လေးကဘယ်သူလဲ သမီးရည်းစားလား"

သူမဘာမှမဖြေဝံ့ဘဲခေါင်းငုံ့ထားမိသည်။

"မေးတာဖြေစမ်း ယွန်းဖြူ အဲဒီကောင်လေးဟာ သမီး
ချစ်သူ မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် မာမီ"

"သြော်. . . ဝန်ခံတယ်ပေါ့"

မာမီ့မျက်လုံးများကဒေါသဖြင့် တောက်ပြောင်နေသည်

"သူ့အကြောင်းပြောပြစမ်းပါဦး၊ ငါအားလုံးသိချင်တယ်"

မာမီကစိတ်ဓာတ်ပြင်းထန်သူမို့ သူမအပေါ် ဘယ်လောက်
စိတ်ဆိုးနေပြီဆိုတာ သူမခန့်မှန်းရသည်။

"ကဲ. . . ပြောစမ်း၊ ဒီကောင်လေးနဲ့တွဲနေတာ
ဘယ်လောက်ကြာပြီလဲ"

"သူနဲ့ယွန်းဖြူတွဲခဲ့ကြတာတစ်နှစ်လောက်ပဲ ရှိပါသေးတယ်
မာမီ"

"ဟုတ်လား"

"ဟုတ်ပါတယ်"





"ချစ်သူတွေဖြစ်နေကြတာကြာပြီလား"

"ဒီကနေ့မှချစ်သူတွေဖြစ်ခဲ့ကြတာပါမာမီ"

"သမီးကို ဒီလောက်တောင် ပြောထားပါလျက်နဲ့
ဘာဖြစ်လို့ ချစ်သူရှာရတာလဲ"

သူမမဖြေနိုင်ပါ၊ ငြိမ်သက်တွေဝေနေမိသည်။

"မနက်ဖြန်ကစပြီးသူ့ကိုအဆက်အသွယ်ဖြတ်လိုက်ပါ ဒါပဲ"

သူမရင်ထဲမှာပူလောင်ပြင်းပြစွာခံစားနေရသည်။

သူ့ကိုအဆက်အသွယ်ဖြတ်လိုက်ပါတဲ့. . .

မာမီကဒီလိုပြောနေပါလား. . .

"မာမီပြောတာကြားသလား"

"သူ့ကိုမဖြတ်ပါရစေနဲ့မာမီရယ်"

"ဘာကြောင့်လဲ"

"သူ့ကိုယွန်းဖြူချစ်တယ် မာမီ"

"ပြောလေ ကဲလေ. . . သတ္တိကောင်းနေလိုက်တာ. . .
ကဲ ဟယ်. . ကဲ ဟယ်"

"ဘုန်း. . . ဘုန်း"

မာမီကစိတ်တိုတိုနှင့်သူမကျောပြင်ကိုဖြောတင်လိုက်
ပါတော့သည်။

"ယွန်းဖြူမှာအပြစ်ရှိပါတယ်မာမိ၊ မာမိကြိုက်သလောက် ထုနိုင်ရိုက်နိုင်ပါတယ်"

"ကျွန်တဲ့စကားတွေငါမကြားချင်ဘူး၊ အဲဒီကောင်ကို နင်အဆက်ဖြတ်လိုက်ရမယ် ဒါပဲ [illegible]းတော့ငါသဘောတူထားတဲ့ ဇော်မှိုင်းနဲ့လက်ထပ်ရမယ် ဒါပဲ"

စကားဆုံးသည်နှင့်မာမိချာခနဲ လှည့်ထွက်သွားပြီး အိမ်ကြီးအပေါ်ထပ်သို့တက်သွားတော့၏။

* * * * * * * * * * * *

## အခန်း (၁၄)

နောက်တစ်နေ့မှစ၍သူမအပြင်သို့တစ်ယောက်တည်း ထွက်ခွင့်မရပေ။

မာမိကသူမကိုစောင့်ကြည့်နေသောကြောင့် သူမဘယ်မှ မသွားဝံ့ဘဲ အိမ်ထဲမှာပင် ပျင်းရိငြီးငွေ့စွာနေနေရ၏။

တစ်ပတ်ခန့်အကြာတွင် မာမိအပြင်သွားချိန်၌ စက်ဘီးကလေးကိုယူပြီး သူမ ကမန်းကတန်းထွက်လာခဲ့သည်။

ဘုရားကျောင်းအနီးရောက်တော့ တရုတ်စကားပင်ကြီးအောက်တွင် ငိုင်တွေစွာထိုင်နေသည့် သူ့ကိုတွေ့လိုက်ရသည်။

သူမ စက်ဘီးကိုရပ်ပြီး ကမန်းကတန်းပြေးလာခဲ့သည်
သူက ခင်ယွန်းဖြူကိုမြင်တော့ ရီဝေသည့်မျက်ဝန်းများဖြ
ငေးကြည့်နေလေသည်။

"ကိုလရောင်. . . ရှင်စောင့်နေတဲ့အချိန်တွေ အတေ
ကြာနေပြီထင်တယ်"

ခင်ယွန်းဖြူ အက်ကွဲတုန်ယင်နေသည့် အသံဖြ
မေးလိုက်သည်။

"ဟုတ်တယ်. . . ယွန်းဖြူ ကိုယ်နေ့တိုင်း ဒီနေရာလေ
မှာပဲရှိနေတယ်လေ၊ မနေ့ညကတော့ ယွန်းဖြူတို့အိမ်ဘ
ခြံရှေ့ကိုရောက်ခဲ့သေးတယ်"

သူ့စကားကြောင့် သူမအံ့သြသွားသည်။

"ဩော်. . . ရှင် ယွန်းဖြူတို့အိမ်ကိုသိသလား"

"တစ်ခါက ယွန်းဖြူပြောဖူးတယ်လေ၊ ဒါကြောင့်သ
နေတာ"

"ရှင့်ကိုတွေ့ချင်ပေမယ့် ကျွန်မလာမတွေ့နိုင်
အကြောင်းတွေရှိနေတယ်"

"ကိုယ်နားလည်ပါတယ် ယွန်းဖြူ စပယ်ပြောပြလို့
ပြီးပါပြီ"

"ရှင်ဘာ သိထားသလဲ"



"ယွန်းဖြူရဲ့မေမေက သူဌေးသားတစ်ယောက်နဲ့
န်းဖြူကိုလက်ထပ်ပေးဖို့ စီစဉ်ထားတယ်တဲ့၊ အဲဒါ ကိုယ်နဲ့
န်းဖြူကို တွေ့ခွင့်မပေးတော့ဘူး၊ သဘောမတူဘူးလို့
ရတယ်"

"ဟုတ်တယ်. . . ကိုလရောင် ရှင်သိထားတဲ့အတိုင်းပဲ၊
မိက ရှင့်ကို ကျွန်မအဆက်ဖြတ်လိုက်ဖို့ပြောခဲ့တယ်"

သူမစကားကြောင့် သူ့မျက်နှာပေါ်တွင် နာကြည်း
ကွဲရိပ်များကိုတွေ့ရသည်။

"ဒါဖြင့် ယွန်းဖြူက ကိုယ့်ကိုအဆက်ဖြတ်တော့မယ်
ပါတော့"

"ရှင့်ကိုအဆက်ဖြတ်ချင်တယ်ဆိုရင် အခုလိုကျွန်မ
နေရာကို ရောက်လာပါ့မလား"

ခင်ယွန်းဖြူ စိတ်ဆိုးဆိုးနှင့်အော်လိုက်သည်။

"စိတ်မဆိုးပါနဲ့ ယွန်းဖြူရယ်၊ ကိုယ့်ကိုအဆက်မဖြတ်ဘူး
လို့ ဝမ်းသာပါတယ်"

"ကိုလရောင်နဲ့ကျွန်မ နောက်ထပ်တွေ့ဆုံကြဖို့ မလွယ်
တော့ဘူးထင်တယ်"

သူမတွေးတွေးဆဆပြောလိုက်ခြင်းပါ။

"ဪ. . ဒီလိုလား၊ ဒါဖြင့် ကိုယ်တို့အခုပဲ အတူတ
ထွက်ပြေးကြရင်မကောင်းဘူးလား"

"ရှင်ဘာစကားပြောတာလဲ၊ ရှင့်စကားက ပေါ့တ
လိုက်တာ"

"ပေါ့ပေါ့တန်တန်ပြောတာမဟုတ်ပါဘူး ယွန်းဖြူရယ်
ယွန်းဖြူနဲ့နောက်ထပ်မတွေ့မဆုံရတော့မှာစိုးရိမ်လို့ပါ"

ယွန်းဖြူ ငိုင်တွေစွာစဉ်းစားနေမိသည်။

သူကယွန်းဖြူအတွက် ကောက်ထားသည့်ပန်းများကို
ယွန်းဖြူဆံထုံးတွင် ပန်ပေးလိုက်သည်။

"ကိုယ်က တိုင်ပန်ပေးတဲ့ပန်းကို အမြတ်တနိုးလက်ခံလို့
ကျေးဇူးတင်ပါတယ် ယွန်းဖြူ"

"ရှင်ဒီနေရာမှာ နေ့တိုင်းလာစောင့်မနေပါနဲ့တော့"

"ဘာဖြစ်လို့လဲ ယွန်းဖြူ"

"ဒီနေရာကို ကျွန်မနေ့တိုင်းလာနိုင်မှာ မဟုတ်တော့ဘူး
ရှင်တစ်ယောက်တည်းလာစောင့်နေရမှာ ငြီးငွေ့စရာကောင်း
ပါတယ်"

"ယွန်းဖြူရောက်လာနိုးနဲ့မျှော်လင့်နေရတာ ပျော်စရာ
တစ်ခုပါပဲ ယွန်းဖြူ"

"စောင့်မျှော်နေရတယ်ဆိုတာ ရင်မောစရာတစ်ခုပဲ
မဟုတ်လား. . ကိုလရောင်"

မြားနတ်မောင်စာပေ



"ကျွန်တော်တော့ ရင်မောနေမိသလို မျှော်လင့်ချက်
ကြောင့် ရင်ခုန်ပျော်ရွှင်နေမိတယ်"

"ရှင်ကလူတစ်မျိုးပါလား၊ ဘာပဲဖြစ်ဖြစ် ကျွန်မကို
ရှင်စောင့်မနေနဲ့တော့"

သူဘာမှမပြောဘဲ သူမမျက်နှာကိုငေးကြည့်နေသည်။

"ကျွန်မပြန်တော့မယ် ကိုလရောင်"

သူကသူမလက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ပြီး. . .

"မပြန်ပါနဲ့ဦး ယွန်းဖြူ မောင့်ကိုတကယ်ချစ်တယ်ဆိုရင်
မောင်နဲ့တစ်ခါတည်းလိုက်ခဲ့ပါလား"

"ကျွန်မတို့ ငယ်ကြပါသေးတယ်"

"ယွန်းဖြူကိုလက်ထပ်ပါရစေ"

"ကျွန်မတို့လက်ထပ်ပြီးရင် ဘာအလုပ်လုပ်ကြမလဲ၊
နှစ်ယောက်လုံး တစ်ပြားတစ်ချပ်မှ မရှာနိုင်သေးဘဲနဲ့ အိမ်ထောင်
ပြုဖို့ မသင့်တော်ဘူးထင်တယ်"

"ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို
လက်ထပ်ပြီးရင် လုပ်ကျွေးရမယ်ဆိုတဲ့အသိတရား ကိုယ့်မှာ
ရှိပါတယ်၊ ဒါကြောင့် ကိုယ်ဘာအလုပ်မှ မရှိရင်တောင်
ရေထမ်းရောင်းပြီး ယွန်းဖြူကိုကျွေးမယ်"

မြားနတ်မောင်စာပေ

သူ့စကားကြောင့် သူမကျောချမ်းသွားမိသည်။ မျက်ဝန်းများဝိုင်းစက်ပြူးကျယ်သွားပြီး. . .

"ဘုရားရေ. . . ရှင်ကကျွန်မကို ရေထမ်းပြီးကျွေးမှာလား၊ ရှင့်စကားတွေက အောက်တန်းကျလိုက်တာ"

"အလုပ်ဟူသမျှဂုဏ်ရှိစွတဲ့ ယွန်းဖြူ ရိုးရိုးသားသား သမာအာဇီဝနဲ့လုပ်တဲ့အလုပ်မှန်သမျှ အောက်တန်းမကျပါဘူး"

"ကျွန်မပြန်တော့မယ် ရှင်မတားနဲ့တော့"

"ယွန်းဖြူကိုမောင်ကနောက်နေတာပါ၊ လောလောဆယ် မောင်က ပန်းစိုက်နေတဲ့လူပဲ၊ မောင့်ရဲ့နှင်းဆီခြံကြီးတစ်ခုလုံးက ရရှိတဲ့ဝင်ငွေဟာ မောင်တို့ဘဝတစ်ခုလုံးအတွက် အေးအေးချမ်းချမ်းနေနိုင်စားနိုင်ပါတယ် ယွန်းဖြူရယ်"

သူ့စကားကြောင့် ယွန်းဖြူဝမ်းသာပျော်ရွှင်သွားမိသည်။

"မောင်လို့ တစ်ခွန်းလောက်ခေါ်ကြည့်လိုက်စမ်းပါ ယွန်းဖြူရယ်"

"ဟင့်အင်း. . . ယွန်းဖြူမခေါ်ချင်သေးဘူး"

"ဘယ်တော့မှ ခေါ်မှာလဲ"

"ချစ်သူသက်တမ်းတစ်လပြည့်တဲ့နေ့လေ၊ အဲဒီနေ့ကျမှ ရှင်ခေါ်စေချင်တဲ့အတိုင်းခေါ်မှာ"





"ကောင်းပါပြီဗျာ. . . ကောင်းပါပြီ၊ ချစ်သူသက်တမ်း စ်လပြည့်တဲ့နေ့မှာ ယွန်းဖြူကမောင့်ကိုလာတွေ့မှာလား"

"လာခဲ့တွေ့မယ်လေ၊ သည်နေရာလေးကပဲရှင်စောင့် နေရမယ်နော်"

"တစ်နေ့မပြတ်စောင့်နေမယ့်သူပါ မောင့်အချစ်ရယ်"

"ကဲ. . . ဒါဖြင့်ယွန်းဖြူပြန်တော့မယ်"

ထိုစဉ် သူတို့နှစ်ဦးအနီးသို့ Sunny Pick-up ကားတစ်စီး းဆိုက်လာ၏။

"ဟေး. . . ကိုလရောင်ဆမ်း"

နှင်းသဇင်နှင့်အဖော် မိန်းကလေးတစ်ယောက်တို့ကို တွေ့လိုက်ကြရသည်။

နှင်းသဇင်နှင့်အဖော် မိန်းကလေးတစ်ယောက် ကားပေါ်မှ င်းလာကြပြီး ရေးကြီးသုတ်ပျာအမူအရာဖြင့် သူတို့အနီးမှာ ရပ်သည်။

"နှင်းသဇင်တို့ပါလား. . . မော်လမြိုင်လာလည်ကြတာလား"

"ရှင့် ရှင့်အမေက အရေးတကြီးရှာခိုင်းလိုက်လို့ န်မတို့က ကူညီပြီးရှင့်ကိုလိုက်ရှာပေးကြတာပါ"

"အို. . . အားနာစရာဗျာ"

"ရှင့်ကိုရှာရတာ ကားတစ်စီးနဲ့နှံ့နေပြီ"

"ကျွန်တော့်မေမေက ဘာကိစ္စရှာခိုင်းရတာတဲ့လဲဗျာ"

"ရှင့်ကောင်မလေးကိစ္စပေါ့"

နှင်းသဇင်စကားကြောင့် လရောင်ဆမ်း ခေါင်းနားပန်းကြီးသွားသည်။

ခင်ယွန်းဖြူလည်း အံ့အားသင့်ပြီး မျက်မှောင်ကုတ်သွား၏။

"ဘယ်ကကောင်မလေးလဲ" ဟု သူအံ့သြနားမလည်နိုင်စွာ ပြန်မေးလိုက်မိ၏။

"ရှင်ကလဲ မုန်လာဥ လုပ်မနေစမ်းပါနဲ့၊ ရှင်နဲ့ပေးစားဖို့ ရှင့်အမေတောကခေါ်လာတဲ့ ရှင့်ဇနီးလောင်းလေ"

နှင်းသဇင်စကားကြောင့် သူထောင်းခနဲဒေါသထွက်သွားပြီး. . .

"မင်းဘာတွေလာပြောနေတာလဲ နှင်းသဇင်၊ ငါ့ကိုမင်းဟာမင်သက်သက်ချောက်ချတာမဟုတ်လား"

နှင်းသဇင်က အကြောင်းကြောင်းအမူအရာဖြင့်. . .

"ဟင်. . . ရှင်ဘာတွေပြောနေတာလဲ၊ ကျွန်မကရှင့်ကို လိုက်ရှာပြီး အကောင်းလဲလာပြောရသေးတယ်၊ အဲ့ဒီမိန်းကလေး မူးလဲသွားပြီး ဆေးရုံတင်လိုက်ရလို့ ရှင့်အမေက ရှင့်ကိုရှာခိုင်းလိုက်တာ"





"တော်စမ်း. . . မိသဇင်၊ နင့်ကိုငါမသတ်မိခင် ဒီနေရာကနေနင်အမြန်ဆုံးထွက်သွားရင် ကောင်းလိမ့်မယ်ထင်တယ်"

သူကနှင်းသဇင်မျက်နှာကို ဖြတ်ရိုက်ရန် လက်တစ်ဖက်မြှောက်၍ရွယ်လိုက်ပြီးမှ သူ့ဒေါသသူထိန်းလိုက်သည်။

သူ့အမူအရာကြောင့် နှင်းသဇင်ကြောက်ရွံ့ထိတ်လန့်သွားပြီး ချာခနဲလှည့်ထွက်သွားသည်။

ပြီးတော့ ကားပေါ်တက်၍မောင်းထွက်သွားသည်။

အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ နာကြည်းခြင်းစသည့် ခံစားချက်များ ရှုပ်ထွေးလျက် သူ့မျက်နှာကို တွေတွေဝေဝေကြည့်နေမိသူက ခင်ယွန်းဖြူရယ်ပါ. . .။

"မောင့်ကိုအထင်မလွဲပါနဲ့ယွန်းဖြူ၊ မောင့်အိမ်မှာ မေမေနဲ့မောင်ကလွဲရင် ဘယ်မိန်းကလေးမှမရှိပါဘူး၊ အဲဒီနှင်းသဇင်ဆိုတဲ့ ကောင်မလေး မောင်တို့အိမ်ကို မကြာခဏအလည်လာလေ့ရှိတယ်၊ သူဘာအကြောင်းကြောင့် ခုလိုတွေပြောသွားမှန်း မောင်လဲနားမလည်နိုင်ဘူး၊ သူပြောတာတွေ တစ်ခုမှမဟုတ်တဲ့အတွက် အထင်မလွဲပါနဲ့ယွန်းဖြူနော်"

ခင်ယွန်းဖြူခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါမိပေ။

"မောင့်ကိုစကားပြောပါဦး ယွန်းဖြူရယ်"

"ကျွန်မတို့နှစ်ဦး ချစ်သူသက်တမ်းတစ်လပြည့်တဲ့နေ့မှာ ဒီနေရာလေးကို ကျွန်မလာခဲ့မယ်၊ ရှင်လာစောင့်နေပါ"

"မောင်မှတ်မိပါတယ် ယွန်းဖြူရယ်၊ အဲဒီနေ့ကျရင် မောင့်ကိုယွန်းဖြူလက်ဆောင်တစ်ခုပေးမယ်လို့ ပြောထားတယ်မဟုတ်လား"

"ဟုတ်တယ် . . . အဲဒီနေ့ကျရင် ရှင့်အတွက်လက်ဆောင်တစ်ခုပေးမယ်၊ ပြီးတော့ ယွန်းဖြူတို့တစ်ခုခုဆုံးဖြတ်ကြတာပေါ့"

စကားဆုံးသည်နှင့် စက်ဘီးပေါ်တက်၍ ယွန်းဖြူနှင်းထွက်လာခဲ့သည်။

* * * * * * * * * * * * * * *

## အခန်း (၁၅)

ချစ်သူသက်တမ်း တစ်လပြည့်သည့်နေ့။

တကယ်တော့ထိုနေ့သည် အမျှော်လင့်ဆုံးအရာများအားလုံးကို စွန့်လွှတ်လိုက်ရသည့် နေ့တစ်နေ့ဖြစ်ခဲ့၏။

ထိုနေ့တွင် စကားပင်ကြီးအောက်သို့ သူမရောက်လာသည့်အချိန်၌ သူ့ကိုလုံးဝမတွေ့ခဲ့ရပေ။

သူရှိနေကျနေရာလေးတွင် သူ့ကိုမမြင်မတွေ့ရသောကြောင့် သူမရင်ထဲမှာ နေမထိထိုင်မသာ ဖြစ်လောက်အောင် ခံစားလိုက်ရသည်မဟုတ်ပါလား. . . ။

သည်နေရာလေးမှာ သေချာပေါက်သူရှိနေလိမ့်မည်ဟု သူမထင်မှတ်ခဲ့မိတာ မှားများမှားနေပြီလား. . . .။

သူဘာဖြစ်လို့ ရောက်မလာတာပါလိမ့်. . . .

ဟိုတစ်နေ့က နှင်းသဇင်ပြောခဲ့တဲ့စကားတွေအားလုံး အမှန်တွေချည်းပဲလား. . .

သူမအမျိုးမျိုးတွေးနေမိသည်။

သူ့အတွက် တစ်လလုံးလုံးသူမပန်းထိုးခဲ့သည့် ခေါင်းအုံးစွပ်လေးကို ဖြန့်ကြည့်နေမိသည်။

ပန်းနုရောင်ဖဲသားခေါင်းအုံးစွပ်ပေါ်တွင် ပိုးချည်ရောင်စုံများဖြင့် ငှက်မောင်နှံနှစ်ကောင်တို့ စကားပင်၏ အကိုင်းပေါ် နားနေသည့်ပုံဖြစ်သည်။

သည်ခေါင်းအုံးစွပ်လေးကို သူ့အားလက်ဆောင်ပေးရန်ရည်ရွယ်ပြီး ညစဉ်ညတိုင်းအိပ်ပျက်ခံပြီး ပန်းထိုးခဲ့သည် မဟုတ်ပါလား. . .

ထိုနေ့က သူမစောင့်မျှော်နေရင်း အချိန်တွေတစ်စစ ကုန်ဆုံးသွားခဲ့သည်။

သည်လိုနှင့် အချိန်တွေတစ်စစကုန်ဆုံးခဲ့ပြီး ညနေစောင်းလာခဲ့၏။





သူရောက်မလာတော့ဘူး၊ သူနဲ့တွေ့ခွင့်မရတော့ပါလား. . . .

အောက်မေ့တမ်းတစိတ်များကြောင့် သူမမျက်ဝန်းနှစ်ဖက်မှာ မျက်ရည်များရစ်ဝဲနေမိသည်။

ညနေ နေဝင်လုနီးအချိန်ရောက်တော့ သူမအနီးသို့ မိန်းကလေးနှစ်ယောက် လျှောက်လာ၏။

ထိုမိန်းကလေးနှစ်ဦးကို မြင်မြင်ချင်းသူမ မှတ်မိပါသည်။

သူတို့နှစ်ဦးက နှင်းသဇင်နှင့်အဖော်တစ်ယောက်ပင် ဖြစ်၏။

သူတို့ပြောလာမည့် ပေါက်ကရရှစ်ဆယ်စကားများကို သူမနားမထောင်လိုသောကြောင့် မျက်နှာလွှဲလိုက်မိသည်။

ထိုနှစ်ယောက်က သူမကိုတားဆီးလိုက်ကြသည်။

"ဒီမှာ. . ဒီမှာ ကျွန်မတို့ကရှင့်ကိုတွေ့ချင်လို့ တကူးတက လာခဲ့တာ ရှင်နည်းနည်းမှမရိပ်မိဘူးလား"

"မရိပ်မိဘူး. . . မရိပ်မိဘူး. . သွားကြ. . သွားကြ"

သူမကြောက်လန့်တကြား အော်ဟစ်လိုက်မိ၏။

သူမအပြုအမူကြောင့် နှင်းသဇင်တို့နှစ်ဦး ပြုံးကျယ်သော မျက်ဝန်းများဖြင့် သူမကိုကြည့်နေကြသည်။

ပြီးမှ နှင်းသဇင်က. . .

“ရှင့်ကိုမိန်းကလေးချင်း ကိုယ်ချင်းစာလို့ ကျွန်မတို့က
လာပြောပြတာပါ၊ ရှင်ဘာဖြစ်လို့ နားမထောင်ချင်တာလဲ”

သူမဘာမှပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေ
သည်။

“သူ့ကိုရှင်လာမစောင့်နေနဲ့တော့၊ သူကရှင့်ဆီကို
ဘယ်တော့မှ မလာနိုင်တော့ဘူး၊ သူ့အမေ တောကခေါ်လာတဲ့
ကောင်မလေးနဲ့လက်ထပ်လိုက်ပြီ”

နှင်းသဇင်စကားကြောင့် သူမလှုပ်လှုပ်ရှားရှား
ဖြစ်သွားသည်။

“မယုံဘူး. . မယုံဘူး၊ ရှင်ပြောတဲ့စကားတွေအားလုံး
အမှားချည်းပဲ၊ ရှင်ပြောတိုင်းယုံမယ့် မိန်းမစားလို့ထင်နေသလား

“ယုံတာမယုံတာမင်းရဲ့ကဏ္ဍပဲ၊ ပြောပြရမှာက
တို့ဝတ္တရားလေ”

“သူ့မှာအကြောင်းတစ်စုံတစ်ရာရှိနေတဲ့အတွက် အခက်
အခဲရှိလို့ ကျွန်မဆီကိုမလာတာဖြစ်မှာပေါ့”

“ကျွန်မပြောတာရှင်မယုံရင် မုဒုံကိုလိုက်သွားပြီး
ကြည့်ပါလား”

“ဘယ်တော့မှမလိုက်ဘူးစိတ်ချ၊ ယောကျ်ားတစ်ယောက်ရဲ့
အိမ်ကိုလိုက်ကြည့်မယ့် မိန်းမစားမျိုးမဟုတ်ဘူး”

မြားနတ်မောင်စာပေ



“ရှင်အလိမ်အညာခံနေရပြီ ခင်ယွန်းဖြူ”

“ကျွန်မချစ်သူကို ကျွန်မယုံကြည်တယ်၊ သူဘယ်တော့မှ
ကျွန်မကိုမလိမ်ဘူး၊ အခက်အခဲတစ်ခုခု ရင်ဆိုင်နေရလို့
ရောက်မလာတာပါ”

“ဒီမှာခင်ယွန်းဖြူ ရှင်ဟာအချစ်နဲ့ပတ်သက်ရင် တကယ့်
သူရဲကောင်းကြီးပဲ၊ ရှင့်ကိုကျွန်မဂုဏ်ပြုချီးကျူးပါတယ်”

နှင်းသဇင်အသံက ခနိုးခနဲ့သံမပါဘဲ တည်ငြိမ်နေ
သောကြောင့် သူမနားမလည်နိုင်ပါ။

ဆက်လက်ပြီးစကားပြောလိုစိတ်လည်း မရှိတော့သော
ကြောင့် သူမစက်ဘီးပေါ်တက်ပြီးနင်းလာခဲ့လေသည်။

* * * * * * * * * * * *

မြားနတ်မောင်စာပေ

# အပိုင်း (သုံး)

## အခန်း (၁)

သူမ၏ဒိုင်ယာရီလေးကပြီးဆုံးသွားလေပြီ။

သူဖတ်ရန်ပေးလိုက်သည့် ဒိုင်ယာရီလေးကို စိတ်ဝင်စားဖတ်ခဲ့ပြီးပြီဖြစ်သည်။

ဒိုင်ယာရီဖတ်ကြည့်ပြီး သူမကိုသနားကရုဏာစိတ်တွေ ပေါ်နေမိ၏။

သူမထံသူမ၏ချစ်သူက ဘာကြောင့်များရောက်မလာ ါလိမ့်. . . ဟုသူစိတ်ဝင်စားနေမိသည်။

မြားနတ်မောင်စာပေ

အကြောင်းတစ်ခုခုကြောင့်များ သူမထံရောက်မ
တော့တာလား. . . .

ဒါမှမဟုတ် နှင်းသဇင်ပြောသလိုတခြားမိန်းကလေ
တစ်ယောက်နဲ့ လက်ထပ်လိုက်တာလား. . . .

ဘာပဲဖြစ်ဖြစ် အချိန်ရှိသရွေ့စောင့်မျှော်နေရသည့် သူမ
ပျော်ရွှင်စေချင်ပါသည်။

တစ်ဦးတစ်ယောက်အားမျှော်လင့်စောင့်စားနေရသ
ဒုက္ခမျိုးကိုသူကြုံခဲ့ဖူးပါသည်။

သူမ၏နာကြည်းဝမ်းနည်းမှုများကို အဆုံးသ
စေချင်ပါပြီ. . . .

လရောင်ဆမ်းဆိုသည့် လူတစ်ယောက်ကို မေ့ပစ်
သူ့ဘဝ၊ သူ့ကမ္ဘာထဲမှာ သူမအားပျော်ရွှင်ချမ်းမြေ့စွာ နား
စေချင်ပါသည်။

သို့သော် သူမကလရောင်ဆမ်းကိုမေ့နိုင်ပါ့မလား. . .

သူသည်ဒိုင်ယာရီစာအုပ်ကလေးကိုယူပြီး သူမအမြဲလို
ရှိနေတတ်သည့် စကားပင်ကြီးအောက်သို့ရောက်လာခဲ့သည်

သူ၏ Odyssey ကားလေးသူမအနီးသို့ ရောက်လ
သောအခါ ကားကိုရပ်လိုက်ပြီး သူဆင်းလာခဲ့၏။





သူမကသူ့ကိုမမြင်၊ ကြိုးထိုးအိတ်သနပ်ခါးရောင်လေးကို
လွယ်ပြီး ခုံတန်းလေးပေါ်တွင် သူမငိုင်တွေစွာထိုင်နေ၏။

"ခင်ယွန်းဖြူ"

သူ့အသံကြားတော့ သူမလှည့်ကြည့်လေသည်။

သူက ယွန်းဖြူဘေးတွင် ဝင်ထိုင်ရန်ဟန်ပြင်လိုက်၏။

ယွန်းဖြူက မလိုလားသည့်မျက်နှာဖြင့် ခုံတန်းတစ်ဖက်သို့
ရွှေ့လိုက်သောကြောင့် သူ မထိုင်တော့ဘဲ ယွန်းဖြူမျက်နှာကို
စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ပြီးတော့ သူမဒိုင်ယာရီလေးကိုပေးလိုက်၏။

"ကိုယ်တကယ်စိတ်မကောင်းပါဘူး ခင်ယွန်းဖြူရယ်"

ခင်ယွန်းဖြူက သူမ၏ဒိုင်ယာရီကိုလှမ်းယူလိုက်ပြီး. . . .

"ကျွန်မအကြောင်းတွေက ဘာမှဒီလောက်မထူးဆန်း
ပါဘူး" ဟုပြောလိုက်သည်။

"အဲသည်နေ့ကတည်းက လရောင်ဆမ်းကိုတစ်ခါမှ
ပြန်မတွေ့ရတော့ဘူးလား"

သူစိတ်ဝင်တစားမေးလိုက်မိသည်။

"အဲဒီနေ့ကတည်းက လရောင်ဆမ်းရဲ့အကြောင်းကို
ဘာတစ်ခုမှမကြားခဲ့ရဘူး၊ သူနဲ့တစ်ခါမှလဲပြန်မဆုံဘူး"

"မုဒ့်ကိုမင်းလိုက်သွားသေးလား"

"မလိုက်သွားပါဘူး"

"မင်း မုဒုံကိုသွားချင်ရင်ပြောလေ. . . ကိုယ်လိုက်ပို့ပေးမယ်"

သူစေတနာမှန်ဖြင့်ပြောလိုက်မိသည်။

"ရှင့်စေတနာကိုလေးစားပါတယ်၊ ဒါပေမယ့် ကျွန်မဘယ်တော့မှ မုဒုံကိုမသွားဘူးလို့ဆုံးဖြတ်ထားပါတယ်"

"မင်းကမာနရှိသားပဲ၊ မင်းကိုကြည့်တော့ပျော့ပျော့နုနုလေးနဲ့ စိတ်ကမာလိုက်တာ"

သူမဘာမှမပြောဘဲငြိမ်သက်နေသည်။

"ဒီမှာမိန်းကလေး"

"ဟုတ်ကဲ့ ပြောပါ. . လူကြီးမင်း"

"မင်းကို ကိုယ်စိတ်ဝင်စားတယ်၊ ကိုယ့်ဘဝထဲမှာမင်းရှိမှပြည့်စုံနိုင်လိမ့်မယ်လို့ ကိုယ်မျှော်လင့်မိတယ်၊ ကိုယ့်ကို မင်းလက်ထပ်နိုင်မလား"

သူ့စကားကြောင့် သူမမယုံနိုင်လောက်အောင် အံ့သြသွားမိပြီး သူ့အနီးမှသူမတစွတ်ထိုးပြေးထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် သူက သူမရှေ့မှပိတ်ပြီး တားဆီးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ခင်ယွန်းဖြူ"





"ရှင်ဘာတွေပြောနေတာလဲ၊ ရှင့်ကိုကျွန်မကြောက်တယ်"

"မကြောက်ပါနဲ့၊ ကိုယ်ကသရဲတစ္ဆေမှမဟုတ်တာ"

"ကျွန်မနဲ့ကျွန်မချစ်သူအကြောင်းကို ရှင်သိချင်ပါတယ်ဆိုလို့ ကျွန်မရဲ့ဒိုင်ယာရီကိုပေးခဲ့တာ၊ ရှင်ကမစာမနာဘာကြောင့်များ ကျွန်မကိုလက်ထပ်ချင်တယ်လို့ပြောခဲ့ရတာလဲ၊ ရှင့်မှာကိုယ်ချင်းစာတရားမရှိဘူးလား"

တတွတ်တွတ်ရန်တွေ့နေသည့် သူမကိုအံ့သြနေမိပြီး သူဘာဆက်ပြောရမှန်းမသိလောက်အောင် တုန်လှုပ်သွားမိသည်။

"ကိုယ့်ကိုအထင်မလွဲပါနဲ့ ခင်ယွန်းဖြူ"

"ဘာ. . . ခင်ယွန်းဖြူလဲ၊ ကျွန်မချစ်သူခေါ်သလိုမခေါ်ပါနဲ့"

သူ မချိတင်ကဲရယ်မောလိုက်မိသည်။

"ဟဲ. . ဟဲ မင်းကိုကြည့်ရတာ အချစ်ရူးမလေးတစ်ယောက်မှန်းသိသာနေပြီကွာ၊ ကိုယ်သိပ်သနားမိတယ်"

"ရှင်သာအရူး၊ အသက်ကြီးမှ ဝက်သက်ပေါက်နေတယ်"

သူမစကားကြောင့် သူ့မျက်နှာကြီး ခပ်တည်တည်ဖြစ်သွားသည်။

"ကိုယ့်အသက်ကအခုမှ သုံးဆယ်ကျော်ရုံပဲရှိပါသေးတယ် မိန်းကလေး"

ခင်ယွန်းဖြူက ဘာမှမပြောဘဲ မျက်နှာတစ်ခုလုံး နီးမြန်းလျက် သူ့အပေါ်ဒေါသထွက်နေသည်။

"ကျွန်မပြန်တော့မယ်၊ ရှင်ရှေ့ကဖယ်ပါ"

"မင်းကို ကိုယ်မေးစရာတစ်ခုရှိတယ်"

"ရှင်ဘာမေးချင်လို့လဲ"

"ဒီနေရာလေးမှာ သူ့ကိုလာစောင့်နေတာ ဘယ်လောက် ကြာပြီလဲဟင်"

သူမရုတ်တရက်မဖြေ။

တွေဝေနေပြီးမှ အံကြိတ်လျက်ဖြေလိုက်သည်။

"ခြောက်လကျော်ခဲ့ပြီ"

"ဒါဖြင့်အတော်ဇွဲကောင်းပါလား၊ မင်းရဲ့မာမီက ဘာမှ မပြောဘူးလား"

"မာမီ ဘာမှမပြောဘူး၊ သူနဲ့ကျွန်မ မဆုံကြတော့ဘူးဆိုတဲ့ အကြောင်းကိုလဲ မာမီသိတယ်"

"ခြောက်လလုံးလုံး ကိုယ့်ချစ်သူကို တစ်ခေါက်မှ လာမတွေ့တဲ့ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့ သတိတရနဲ့ စောင့်မျှော်နေသေးတာလဲ"





သူ့စကားကြောင့် သူမမျက်နှာတစ်ခုလုံး တင်းမာသွား လေသည်။

"ဒီမှာ. . . ရှင်လူကြီးလူကောင်းတစ်ယောက် မဟုတ်ဘူးလား၊ သူများအကြောင်းကို ဘာဖြစ်လို့ ဒီလောက်တောင် စပ်စပ်စုစုမေးနေရတာလဲ"

"ရိုင်းတယ်ထင်ရင် ခွင့်လွှတ်ပါမိန်းကလေး၊ စပ်စပ်စုစု မေးမိတဲ့အကြောင်းကတော့ မင်းကိုကိုယ်သိပ်ချစ်မိလို့ပါပဲ"

သူမရပ်နေရာမှ ယိုင်နဲ့နဲ့ဖြစ်ပြီး လဲကျသွားတော့၏။

"ဟင်. . . မိန်းကလေး. . မိန်းကလေး၊ မင်းဘယ်လို ဖြစ်သွားတာလဲ၊ ကိုယ်တွေလဲခြစ်ခြစ်တောက်ပူနေပါလား၊ ဒုက္ခပါပဲကွာ"

သူမကိုယ်လေးကို ပွေ့ချီပြီး သူ့ကားပေါ်သို့တင် လိုက်သည်။

သူမမျက်လုံးတွေကို ဖွင့်ကြည့်လိုက်ပြီး. . .

"ကျွန်မရဲ့အိမ်ကိုပြန်ပို့ပေးပါလား၊ အိမ်ကဟိုရှေ့နားမှာပါ၊ အနီရောင်တစ်ထပ်တိုက်လေးပါ"

"မင်း ကိုယ်တွေသိပ်ပူနေတယ် မိန်းကလေး၊ မင်းကိုယ် မင်းဖျားနေမှန်းမသိဘူးလားကွယ်"

သူမကိုကားထိုင်ခုံပေါ်မှီ၍ထိုင်စေပြီး သူကတစ်ဖက်ကားမောင်းသူနေရာတွင်ဝင်ထိုင်လိုက်သည်။

ပြီးတော့ သူမ၏အနီရောင်တစ်ထပ်တိုက်လေးရှိရာသို့ မှန်းဆပြီးကားကိုမောင်းလာခဲ့သည်။

သူမက မျက်ဝန်းတွေကိုပြန်ပိတ်ပြီး ကားထိုင်ခုံပေါ်မှီလျက် ပါလာခဲ့သည်။

လှိုင်းထိပ်ဦးရင်ခုန်နေမိတာ အမှန်ရယ်ပါ။

သူမကိုယ်လေးကို ပွေ့ချီပြီး ကားပေါ်သို့တင်ပေးခဲ့ရသောကြောင့် နွေးထွေးသောအထိအတွေ့များဖြင့် ရင်ခုန်နေမိခြင်းဖြစ်၏။

သူမကကြည့်လေဆွေ့ရှန်းရီနှင့်တူလေမို့ ချစ်ဦးသူဆွေ့ရှန်းရီကို ပိုပြီးတမ်းတနေမိသည်မဟုတ်ပါလား. . . .

အနီရောင်တစ်ထပ်တိုက်လေးရှိနေသည့် ခြံကျယ်ကြီးအတွင်းသို့ ကားကိုကွေ့ဝင်လာခဲ့သည်နှင့် အမျိုးသမီးကြီးတစ်ဦးကိုတွေ့လိုက်ရသည်။

ခင်ယွန်းဖြူ၏မိခင်ဖြစ်ဟန်တူသည်။

သူကားကိုရပ်လိုက်သည်နှင့် ထိုအမျိုးသမီးကြီးက ကားအနီးသို့ကပ်လာပြီး. . .

"ဟင်. . . ယွန်းဖြူ ဘယ်လိုဖြစ်လာတာလဲ၊ ပြောပါဦး၊ စိုးရိမ်လိုက်ရတာ" ဟုပြောလိုက်သည်။

မြားနတ်မောင်စာပေ



"ခင်ယွန်းဖြူလဲကျသွားတာမြင်လို့ ကျွန်တော်အိမ်ကိုလာပို့ပေးတာပါ အန်တီ၊ သူသိပ်ဖျားနေတယ်"

"အမလေး ဖျားနေတယ်ဟုတ်လား၊ အဲဒီစံကားပင်အောက်ကို မသွားပါနဲ့လို့တဖွဖွပြောခဲ့ပေမယ့် သူကနားမထောင်ခဲ့ဘူးလေ၊ အတော်မိုက်တဲ့မိန်းကလေးပဲ"

ဒေါ်ပုလဲက သူမကိုကားပေါ်မှတွဲ၍ ခေါ်ရင်းပြောနေခြင်းပါ။

သူမလမ်းမလျှောက်နိုင်သောကြောင့် လဲကျသွားမလိုဖြစ်သွားသည်။

"ဟင်. . . သမီးယွန်းဖြူ ဘယ်လိုဖြစ်တာလဲ၊ မာမီရင်တွေတုန်လိုက်တာကွယ်"

"သူအရမ်းဖျားနေတယ် အန်တီ၊ သူ့ကိုယ်သူဖျားနေမှန်းသတိမထားခဲ့မိလို့ အခုလိုသတိလစ်လုမတတ်ဖြစ်ခဲ့ရတာပါ၊ သူ့ကိုကျွန်တော်ပွေ့ချီပြီးအိမ်ထဲပို့ပေးမယ်လေ"

"အမလေး ဒုက္ခပါလား၊ ဒါနဲ့မင်းကဘယ်သူလဲကွယ်"

ဒေါ်ပုလဲအမေးကို သူကရုတ်တရက်ပြန်မဖြေနိုင်ဘဲ ယွန်းဖြူကိုယ်လေးကိုပွေ့၍တိုက်ကလေးအတွင်းသို့ သူ့မာမိနှင့်အတူဝင်လာခဲ့လေသည်။

ဒေါ်ပုလဲ မကျေနပ်သည့်မျက်နှာဖြင့်. . . .

မြားနတ်မောင်စာပေ

"မင်းဘယ်သူလဲလို့ မေးနေတယ်လေ"

"ကျွန်တော်လူကြီးလူကောင်းတစ်ယောက်ပါ အန်တီ၊ ယွန်းဖြူနဲ့ ကျွန်တော် ခင်မင်သိကျွမ်းနေတာကြာပါပြီ၊ သူ့အကြောင်းကို ကျွန်တော်မေးကြည့်လို့ သိသင့်သလောက် သိနေပါတယ်၊ လောလောဆယ် ယွန်းဖြူဟာ စိတ္တဇဝေဒနာသည် တစ်ယောက်လိုဖြစ်နေရှာတယ်"

ဧည့်ခန်းထဲရှိ ဆိုဖာပေါ်သို့ ယွန်းဖြူကိုတင်ပေးလိုက်ရင်း သူပြောလိုက်သည်။

"အမလေး. . . မင်းကငါ့သမီးရဲ့အကြောင်းကို အတော် သိနေပါလား၊ မင်းပြောတာအမှန်ပဲ၊ အဲဒီစကားပင်အောက်ကို မသွားပါနဲ့လို့ ဘယ်လောက်ပဲပြောပြော ပြောမရလို့လွှတ်ထား ရတာ ခုတော့အဖျားကြီးပြီး သတိလစ်တဲ့အထိဖြစ်ခဲ့ရပြီ"

"သူ့ကိုဂရုစိုက်ပါအန်တီရယ်၊ ကျွန်တော်ဆရာဝန်ခေါ် ပေးရဦးမလား"

"ဆရာဝန်ဆီ အန်တီဖုန်းဆက်ပြီး ခေါ်လိုက်ပါ့မယ်၊ ကျေးဇူးတင်လှပါပြီမောင်ရင်"

"ဒါဖြင့် ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦးအန်တီ၊ နောက်နေ့မှ ယွန်းဖြူကို ကျွန်တော်လာကြည့်ပါရစေ။

"ကောင်းပါပြီကွယ်. . . မင်းကိုကျေးဇူးတင်ပါတယ်"



သူကယောက်ျားကိုင် ပိုက်ဆံအိတ်ထဲမှသူ၏ Visiting Card ကိုယူပြီး ဒေါ်ပုလဲကိုပေးလိုက်၏။

"ဒါကျွန်တော့်ရဲ့ Visiting Card အန်တီအကူအညီလိုတဲ့ အခါ ဖုန်းဆက်နိုင်ပါတယ်"

သူ နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

သို့သော် သူ့စိတ်က ခင်ယွန်းဖြူထံ၌သာ ကျန်ရစ်ခဲ့သည် ဟုတ်ပါလား. . . . ။

* * * * * * * * * * *

# အခန်း (၂)

လှိုင်းထိပ်ဦး အိမ်ပြန်ရောက်တော့ အတော်မှောင်နေပြီ ဖြစ်သည်။

"ဆရာ အိမ်ပြန်နောက်ကျလှချည်လား" ဟု တပည့်ကျော် မောင်အောင်က ဆီးကြိုနှုတ်ဆက်လိုက်၏။

"ကျွန်တော် ညနေစာစားဖို့ ပြင်ထားပြီးပြီဆရာ၊ အခုပဲ စားတော့မှာလား"

"မစားသေးပါဘူးကွာ"

"ဆရာနေရာငါးခုက ဖုန်းလာတယ်၊ အဲဒီလာတဲ့ဖုန်းတွေ အားလုံး စာအုပ်ထဲမှာကျွန်တော်မှတ်ထားပါတယ်"

မြားနတ်မောင်စာပေ

ကုမ္ပဏီသို့ တစ်ရက်တစ်လေမရောက်ပါက အလုပ်ကိစ္စတွေက သူနောက်မှလိုက်လာတတ်သည်။

သူက "ညဉ်ငှက်" ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။

သူပိုင်ဆိုင်သည့် သင်္ဘောငယ်များ၊ စက်လှေကြီးများ၊ မော်တော်များစသည့် ရေယာဉ်အတော်များများကို ပိုင်ဆိုင်ထားသောကြောင့် တချို့ကသူ့ကို အဏ္ဏဝါသူဌေးဟုခေါ်ကြသည်။

"ဆရာရေချိုးလိုက်၊ ရေချိုးပြီးရင် ညနေစာ စားကြရအောင်၊ ဆရာကြိုက်တဲ့ ငါးဆုပ်အုန်းနို့ဆမ်းလေးချက်ထားတယ်"

"အိုကေ"

သူရေချိုးနေစဉ် တပည့်မောင်အောင် ဟင်းများနွေးနေသည်။

သူရေချိုးပြီးသောအခါ အိပ်ခန်းထဲရှိ မှန်တင်ခုံပေါ်တင်ထားသည့် ဓါတ်ပုံလေးတစ်ပုံကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

သူ့အချစ်ဦး ဆွေရှန်းရီ ၏ဓါတ်ပုံလေးရယ်ပါ. . . .

ဆွေရှန်းရီသည် ဓါတ်ပုံထဲမှ သူ့အားပြုံးပြနေသည်။

ဆွေရှန်းရီ၏ တစ်ကိုယ်လုံးဓါတ်ပုံဖြစ်သည်။

ပြားနတ်မောင်စာပေ



သူမသည် စံပယ်ရုံများကြားရှိ ဒါန်းကလေးပေါ်တွင် ထိုင်နေခြင်းဖြစ်ပြီး နက်မှောင်ရှည်လျားသော ဆံကေသာများကို နှံ့ချထားသည်။

သူမဓါတ်ပုံကို စူးစိုက်ကြည့်လေ ခင်ယွန်းဖြူနှင့် တူလေဖြစ်ပြီး ခင်ယွန်းဖြူကို မမျှော်လင့်ဘဲပွေ့ချီခဲ့ရသောကြောင့် ၎င်ခုန်ခဲ့မိပြီး သူ့စိတ်တွေ ယခုချိန်အထိလှုပ်ရှားနေဆဲပင် ဟုတ်ပါလား. . . . .

"ဆရာ ဟင်းတွေအေးကုန်မယ်၊ ကျွန်တော်နွေးထားပြီးပြီ"

တပည့်ကျော် မောင်အောင်ခေါ်သံကြောင့် သူအခန်းထဲမှ ထွက်လာခဲ့၏။

သူသည် အိပ်ခန်းထဲမှထွက်လာခဲ့ပြီး အောက်ထပ် စာကြည့်တိုက်ခန်းထဲသို့ဝင်လာခဲ့၏။

စာကြည့်တိုက်ထဲရှိ ဘီရိုတစ်ခုနားတွင်ရပ်ပြီး ဘီရို ထဲသို့ကြည့်နေမိသည်။

ဘီရိုထဲတွင် လုံးချင်းဝတ္ထုအချို့ရှိနေသည်။

ဒီစာအုပ်တွေအားလုံးကို သူမရေးခဲ့ခြင်းရယ်ပါ။

တကယ်တော့ သူ့အချစ်ဦး ဆွေရှန်းရီသည် နာမည်ကြီး စာရေးဆရာမတစ်ယောက်ဖြစ်ခဲ့၏။

ပြားနတ်မောင်စာပေ

ခုတော့ အောင်မြင်မှုအားလုံးကို ကျောခိုင်းစွ
သွားလေသည်။

သူ့ကိုခွဲထားရစ်ခဲ့သည်မှာ သုံးနှစ်နီးပါးရှိခဲ့ပြီ။

စာကြည့်တိုက်ဘီရိုတစ်ခုထဲမှာ သူမ၏ကိုယ်တစ
ဓါတ်ပုံလေးတစ်ပုံကို ကပ်ထားသည်။

သိပ်လွမ်းရတယ် ဆွေရှန်းရီ. . . .

အချစ်ဦးနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကိုတေ
ရတာမို့ မင်းကိုပိုပြီးလွမ်းနေမိတယ်. . . . .

သူသည် စာကြည့်တိုက်ထဲတွင် အတန်ကြာရပ်နေခဲ့မိ
ညနေစာစားရန် ထမင်းစားခန်းရှိရာသို့ဝင်လာခဲ့သည်။

ထမင်းစားပွဲပေါ်တွင် ဟင်းတွေစုံလင်လှ၏။

ညနေစာစားပြီးသောအခါ သူသည်စာကြည့်တိုက်
ဒရင်းဘက်ပေါ်တွင်မှီအိပ်ရင်း အတိတ်အကြောင်းအရာမျာ
ပြန်လည်တသတွေးတောနေမိ၏။

ဆွေရှန်းရီနှင့်သူ၏ အတိတ်အကြောင်းအရာ
ဆိုသို့ရယ်ပါ. . . . . . .

* * * * * * * * * * *

အခန်း (၃)

*တောင်ကြီးမျို၍၊ ရွတ်ဆိုနှုတ်က*
*ကျိန်သမျှလည်း၊ မိန်းမသစ္စာ*
*မှုသားသာတည့်။*

(မန်လည်ဆရာတော်)

အိမ်ကြီးအဝင်ဝ လက်ယာဘက်နံရံပေါ်တွင် ထိုဆိုင်းဘုတ်
ကို သူချိတ်ဆွဲလိုက်သည်။

ထိုစဉ်က သူ့အသက်သည် နှစ်ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေး၏။

လောလောဆယ်တွင် သူသည်မိန်းမတစ်ယောက်ကို အကြီးအကျယ်စိတ်ဆိုးလျက်ရှိ၏။

ထိုမိန်းမသည် သူ့ထံမှငွေသိန်းပေါင်းမြောက်များစွာကို လိမ်သွားခဲ့၏။

ထိုမိန်းမသည် ရှယ်ယာဟိုလ်ဒါတစ်ဦးဖြစ်ပြီး အစုရှယ်ယာ ခေါ်၍ ရှယ်ယာအားလုံးကိုလိမ်ယူပြီး ခြေရာဖျောက်သွားခြင်း ဖြစ်၏။

ထိုမိန်းမသည် သူနှင့်အသက်အရွယ် မတိမ်းမယိမ်းခန့်ရှိပြီး ရုပ်ရည်ချောမော၍အပြောကောင်းလေသည်။

ထိုမိန်းမကြောင့် မိန်းမတွေအားလုံးကို သူအမုန်းကြီး မုန်းသွားခဲ့ပြီး အကြောက်ကြီးကြောက်သွားခဲ့သည်။

ခင်စိန်ရီ. . . ခင်စိန်ရီ. . .

မင်းကြောင့် ငါမိန်းမတွေအတော်များများကို မုန်းတီး နာကြည်းခဲ့မိပြီ. . . . .

ဒါပေမယ့် ငါကံမကောင်းရင် မိန်းမတွေနဲ့တွေ့ကြုံ နှုတ်ဆက်ရဦးမှာပဲ. . . .

မြားနတ်မောင်စာပေ



သူသည် မျိုးရိုးစဉ်ဆက်အရ ချမ်းသာလာခဲ့သည့် လူတစ်ယောက်ဖြစ်သောကြောင့် ထိုမိန်းမလိမ်ညာခြင်းကို ခံခဲ့ရသော်လည်း လက်တွေ့တော့ မဆင်းရဲသွားခဲ့ပေ။

သူသည် "ညဥ့်ငှက်" ရေကြောင်းကုမ္ပဏီတစ်ခုကို တည်ထောင်ထားပြီး စက်လှေကြီးအချို့နှင့် သင်္ဘောငယ်များ၊ မော်တော်များ ရေယာဉ်အတော်များများကို ပိုင်ဆိုင်လေသည်။

ထိုမိန်းမနှင့်ပြဿနာတက်ခဲ့ပြီးနောက် သူသည် မော်လမြိုင်မြို့ရှိ ဘိုးဘွားပိုင်အိမ်ကြီးဆီသို့ ပြန်လာခဲ့ပြီး အနားယူလျက်ရှိ၏။

ထိုနှစ်နွေရာသီတစ်ခုလုံး ထိုအိမ်ကြီးမှာပင် အနားယူရန် သူဆုံးဖြတ်ထားခဲ့သည်မဟုတ်ပါလား. . .

ထိုနေရာတွင် သူရှိနေစဉ်ကာလအတွင်း မည်သည့် မိန်းမနှင့်မျှ မပတ်သက်ချင်ပါ။

ထို့ကြောင့် သည်ဆိုင်းဘုတ်လေးကို ချိတ်ဆွဲခဲ့ခြင်း ဖြစ်သည်။

ဆိုင်းဘုတ်ကိုမော့ကြည့်ပြီး သူကျေနပ်စွာပြုံးလိုက်၏။ ပြီးတော့ ခြံထဲသို့ လျှောက်လာခဲ့သည်။

ခြံထဲရှိ ဆိတ်ဖလူးပန်းပင်မှ ပန်းရနံ့များ၊ နွေဦးလေပြည်နှင့်အတူ သင်းပျံ့၍ပါလာသည်။

မြားနတ်မောင်စာပေ

ထိုဆိတ်ဖလူးပန်းပင်ကြီးသည် လူတစ်ရပ်နီးပါးမြင့်မားပြီး ဖွေးဖွေးလှုပ်အောင် ဖူးပွင့်နေသည်။

အပင်အောက်တွင်လည်း အပွင့်များကြွေနေသည်။

မွှေးပျံ့သော ပန်းရနံ့ကို သူရှူရှိုက်လိုက်မိသည်။

"အား. . . မွှေးလိုက်တာ"

ပန်းရနံ့ကိုအားပါးတရ ရှူရှိုက်လိုက်ပြီးမှ. . .

ဟင်. . . ဒါမိန်းမတွေကြိုက်တဲ့ပန်းရနံ့ပါလား. . ပြီးတော့ ပန်းဆိုတာ မိန်းကလေးတွေနဲ့အများဆုံးသက်ဆိုင်တဲ့ အရာတစ်ခုပဲ. . .

အတွေးဆုံးသည်နှင့် သူချာခနဲလှည့်ထွက်လာမိ၏။

တစ်ခြံလုံးပန်းတွေ ဖုံးအောင်ပွင့်နေသည့်အဖြစ်ကြောင့် ခြံစောင့်ကြီးဦးဖိုးသီးကိုပင် စိတ်ဆိုးနေမိသလိုလိုဖြစ်နေမိသည်။

* * * * * * * * * *



အပိုင်း (၄)

သူ့အိမ်ကြီးက ခမ်းနားကြီးကျယ်လှသလို ခြံကြီးကလည်း ယ်ဝန်းပြီး သစ်ပင်ကြီးများနှင့် ပန်းပင်များအုံ့ဆိုင်း လေသည်။

သူမသည် ထိုခြံကျယ်ကြီးနှင့်ကပ်လျက် နှစ်ထပ် ်ဆောင်အိမ်မြင့်မြင့်ကြီးတွင် နေထိုင်သူဖြစ်သည်။

သည်အရပ်သို့ သူမပြောင်းလာတာမကြာသေးပေ။

တစ်ဖက်ခြံကျယ်ကြီးထဲတွင် သူမကြိုက်နှစ်သက်သည့် ဆိတ်ဖလူးပန်းပင်ကြီးတစ်ပင်ရှိသောကြောင့် ထိုခြံကျယ်ကြီးထဲသို့ မကြာခဏလာ၍ ဆိတ်ဖလူးပန်းများခူးလေ့ရှိသည်။

ခြံစောင့်ကြီး ဦးဖိုးသီးက သဘောကောင်းသူမို့ သူမအား ဆိတ်ဖလူးပန်းများကူ၍ခူးပေးခြင်း၊ ပန်းများကောက်ပေးခြင်း စသည်တို့ကို နေ့စဉ်ကူညီနေကျ။

ထို့ကြောင့် ဤခြံကျယ်ကြီးထဲသို့ သူမ မကြာခဏ ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။

ထို့နေ့က သူမသည်ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး နက်မှောင်သောဆံပင်ရှည်များကို ဖြန့်ချထား၏။

ခြံကျယ်ကြီးအတွင်းဝင်လာခဲ့ပြီး ဆိတ်ဖလူးပန်းပွင့်များကို ကောက်ယူကာလျှော်ကြိုးဖြင့်သီ၍ ခေါင်းတွင်ဝိုက်၍ ပန်ဆင်လိုက်သည်။

ပြီးတော့ ပန်းပွင့်လေးတွေကို ဆက်ပြီး ကောက်ယူနေမိ၏။

တစ်ပွင့်. . . နှစ်ပွင့်. . . သုံးပွင့်. .

"မွှေးလိုက်တာ. ."

ပန်းရနံ့များကို အားပါးတရ ရှူရှိုက်မိပြီးပြောနေမိသည်။

ထိုစဉ်. . .





"အဟမ်း"

ရုတ်တရက်ကြားလိုက်ရသည့် ချောင်းဟန့်သံကြောင့် သူမဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။

"ဟင်"

အသက်အစိတ်အရွယ် လူတစ်ယောက်ကိုတွေ့လိုက်ရသည်မဟုတ်ပါလား. . .

ထိုသူသည် ဘောင်းဘီအနက်ရောင်ကို အနီရင့်ရောင် စပို့ရှပ်လက်တိုဖြင့် တွဲဝတ်ထားပြီး သူ့လက်ထဲတွင် တုတ်ကောက်တစ်ချောင်းကို ဟန်ပါပါဆုပ်ကိုင်ထားသည်။

သူမကို မျက်နှာထားဆိုးဆိုးဖြင့် စူးစူးစိုက်စိုက်ကြည့်နေရာမှ. . .

"ဟိတ်. . . မင်းဘယ်သူလဲ" ဟုမေးလိုက်သည်။

သူ့အမူအရာကြောင့် သူမအံ့ဩထိတ်လန့်သွားသည်။

"ငါ့ခြံထဲ ဘာလာလုပ်တာလဲကွ. . ခုထွက်သွားစမ်း"

"ကျွန်မ. . ကျွန်မ"

သူမဘာပြောရမှန်းမသိဘဲ ထစ်ငေါ့နေမိ၏။

"ဘာ. . ကျွန်မလဲ၊ မိန်းမတွေ ဒီခြံထဲမှာ အလိုမရှိဘူး နားလည်လား၊ ခုထွက်သွားပါ"

"ကျွန်မ. . ကျွန်မ"

"ဟော့. . ဒီခြံထဲမှာ အမဆိုရင်ခွေးမတောင် မွေးမထားဘူး၊ ကြောင်မ၊ ဆိတ်မတွေလဲမရှိဘူး၊ လူမ၊ ငှက်မ၊ စာကလေးမ အားလုံးကို လက်မခံနိုင်ဘူး"

သူ့ကိုကြည့်ပြီး သူမကြောက်ရွံ့စွာထရပ်လိုက်သည်။

"မင်းဘာလာလုပ်တာလဲ ပြောစမ်း"

"ပန်းလာကောက်တာပါ"

သူက မျက်နှာကြီးနီမြန်းပြီး ဒေါသတကြီးဖြင့် သူမအနီးသို့ ရောက်လာသည်။

ပြီးတော့ပြောလိုက်သည်။

"ဒီမှာ. . ငါ့ခြံထဲကပန်းတွေ ဘယ်မိန်းမမှ လာကောက်ခွင့် မရှိဘူး. . နားလည်လား"

"ဘာဖြစ်လို့လဲ"

"မိန်းမတွေကိုမုန်းလို့"

"ရှင်ကဘယ်သူလဲ"

"မင်းကများ မေးမြန်းစစ်ဆေးနေလိုက်တာ၊ ငါဘယ်သူလဲ ဆိုတာ မင်းမသိဘူးလား"

"လုံးဝမသိဘူး"





"ဟား. . ဟား. . ဟား ညံ့ပါပေ့ကွာ၊ ငါကဒီခြံကြီးနဲ့ အိမ်ကြီးရဲ့အရှင်သခင် လှိုင်းထိပ်ဦးပဲ"

"ဩော်. . လက်စသတ်တော့ ရှင်ကခြံကြီးသခင်ကိုး၊ မှတ်ထားပါ့မယ်ရှင်"

"မှတ်ထားစရာမလိုဘူး၊ နောက်နောင် ဘယ်တော့မှ မလာရင်ပြီးတာပဲ"

သူလေသံမာမာဖြင့်ပြောလိုက်၏။

"နောက်ထပ်ဘယ်တော့မှမလာရဘူးဆိုတာ ဖြစ်နိုင် ပါ့မလား"

"အံမာ. . ဘာကြောင့်မဖြစ်နိုင်ရမှာလဲ၊ မင်းလူစကား နားမလည်ဘူးလား၊ လူစကားနားလည်ရင်မင်းမလာနဲ့ပေါ့"

"လာရင်ဘာဖြစ်မလဲ"

သူမစကားကြောင့် သူကတုတ်ကောက်ကိုမြှောက်လိုက်ပြီး သူမခေါင်းကိုခေါက်ရန် ရွယ်လိုက်သည်။

"အမလေး"

သူမကြောက်လန့်တကြားအော်လိုက်မိသည်။

"ငါ့အကြောင်းကောင်းကောင်းသိသွားမယ်နော်၊ ဘာထင်သလဲ"

"ကြောက်. . ကြောက်ပါပြီ ဦးသာဒင်"

သူကဘာထင်သလဲဆို၍ သူမကသာဒင်ကို ဘာထင်သလဲ ဟူသည့် စကားဖြင့်ပြန်နောက်လိုက်ခြင်းရယ်ပါ။

"ဟိတ်. . . ပြောင်ပြောင်နောက်နောက်တွေ လုပ်မနေနဲ့ မင်းခေါင်းမှာပန်ထားတာ ငါ့ခြံထဲကပန်းတွေမဟုတ်လား"

"ဟုတ်တယ်"

"အဲဒီပန်းတွေထားခဲ့စမ်း"

"မြတ်စွာဘုရား"

သည်လောက်စိတ်ပုတ်သောလူမျိုးကို မမြင်ဘူးသောကြောင့် သူမဘုရားတလိုက်မိ၏။

"ငါ့ခြံထဲကပန်းတွေထားခဲ့၊ တစ်ပွင့်မှယူမသွားရဘူး၊ ဘယ်မိန်းမကိုမှ ပန်းလာခူးခွင့်မပေးနိုင်ဘူး"

"သည်ပန်းတွေက ကောက်ထားတာရှင့်"

"ခူးတဲ့ပန်းပဲဖြစ်စေ၊ ကောက်ထားတဲ့ပန်းပဲဖြစ်စေ၊ တစ်ပွင့်တစ်လေတောင် ယူသွားခွင့်မပြုနိုင်ဘူး၊ နားလည်တယ်နော်"

ထိုလူနှင့်ယှဉ်ပြိုင်ပြီး ပြောနိုင်စွမ်းမရှိတော့သဖြင့် သူမချာခနဲလှည့်ထွက်ခဲ့မိသည်။

သို့သော် သူက. . .





"ဟိတ်. . . ပေးစမ်း၊ မင်းလက်ထဲကပန်းတွေကိုပေး၊ ခေါင်းကပန်းကိုလဲဖြုတ်ပေး"

သူဇွတ်တရွတ်တောင်းနေသောကြောင့် သူမဒေါသဖောင်းသွားပြီး. . .

"ရှင်ဟာ ဥစ္စာရှူးတစ်ယောက်ပါလား၊ မိန်းကလေးတစ်ယောက်ရဲ့ခေါင်းမှာပန်ထားတဲ့ပန်းတွေကို ဘာဖြစ်လို့ပြန်တောင်းနေတာလဲ၊ ဒီလောက်ပဲနှမြောရသလား"

"နှမြောတယ်ဟေ့. . . နှမြောတယ်၊ မိန်းမဆိုတဲ့မင်းတို့လို ဣတ္ထိယတွေဟာ အလကားရရင်ပန်းတွေတောင်မနေရဘူး၊ ပိုင်ရှင်ဆီခွင့်မတောင်းဘာမတောင်းနဲ့ ခူးလားခူးရဲ့"

သူ့အသံကျယ်ကျယ်ကြောင့် သူမပို၍ပြီးဒေါသဖြစ်သွားသည်။

သူ့ကိုနာကြည်းအခဲခက်စွာကြည့်လိုက်မိပြီး သူမလက်ထဲမှ ပန်းတွေကို မြေကြီးပေါ်သို့ပစ်ချလိုက်သည်။

ပြီးတော့ သူမခေါင်းတွင်ပန်ထားသည့် ပန်းကုံးလေးကိုဖြုတ်ယူလိုက်ပြီး ဆိတ်ဖလူးပင်၏အကိုင်းတစ်ကိုင်းမှာချိတ်ထားလိုက်သည်။

သူကသူမအပြုအမူကို နားမလည်သလိုကြည့်
ရာမှ. . .

"ဒါကဘာလုပ်တာလဲ" ဟုမေးလိုက်၏။

"ကျွန်မခေါင်းကပန်းကုံးကို အမြင့်မှာချိတ်လိုက်တာ
မြေပြင်ပေါ်ပစ်ချလိုက်ရင် လူတွေတက်နင်းမှာပေါ့၊ ကျွ
ပန်ပြီးသားပန်းကို ဘယ်သူမှနင်းတာမကြိုက်ဘူး"

သူမလေသံတင်းတင်းဖြင့် ပြောလိုက်၏။

သူကအရွဲ့တိုက်ပြီး ရယ်မောလိုက်သည်။

"ဟား. . ဟား. . ဟား လက်စသတ်တော့ မင်
မာနကြီးကြီး မိန်းမတစ်ယောက်ကိုး၊ မင်းနဲ့ငါဘယ်သူက
မာနကြီးတယ်ဆိုတာ ပြိုင်ချင်လိုက်တာ၊ ဒီမှာ. . . ကတ္တိယ

"ဘာတုန်း"

"ဟောဒီမင်းရဲ့ပန်းကုံးကို ဟောသလိုပစ်ချ
ဟောသလို နင်းပစ်လိုက်မယ်၊ ကဲ. . . တွေ့ပြီလား"

သူကသစ်ကိုင်းတွင်ချိတ်ထားသည့်ပန်းကုံးကို လှမ်
လိုက်ပြီး မြေပြင်ပေါ်ပစ်ချ၍နင်းခြေလိုက်သည်။

"ဟင်. . . ရှင်မိုက်ရိုင်းလှချည်လား"

ခံပြင်းနာကြည်းစိတ်ကြောင့် သူမအသံတွေတု
.မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်များပင်ရစ်ဝိုင်းနေမိသည်။



"မိန်းမဆိုတဲ့ ကတ္တိယကြောင့် ကျုပ်ရဲ့စီးပွားဥစ္စာတွေ
အမြောက်အမြားဆုံးရှုံးခဲ့ရတယ်၊ မင်းတို့လိုမိန်းမတွေကို
မုန်းတယ်၊ မမြင်ချင်ဘူး၊ တွေ့လဲမတွေ့ချင်ဘူး၊ ငါ့ခြံထဲကို
ဘယ်တော့မှ မလာခဲ့ပါနဲ့၊ နားလည်လား"

သူ့မျက်နှာကို သူမစူးစူးစိုက်စိုက်ငေးကြည့်နေမိ၏။

သူ့ရုပ်ရည်က အသားလတ်လတ်၊ အရပ်မြင့်မြင့်နှင့်
ခန့်ညား၍ချောမောသည်။ မျက်ခုံးတုတ်တုတ်၊ မျက်လုံးညိုညို
နှာတံပေါ်ပြီးနှုတ်ခမ်းတွေပိရိလှပသည်။

ထိုလူ့ကို သူမစိတ်ထဲမှ နာကြည်းစွာပြောနေမိသည်။

. . . ရှင့်ကိုကျွန်မအရမ်းမုန်းတယ်. . .

ရှင်ဟာမာနကြီးပြီးရိုင်းပျမောက်မာတဲ့လူတစ်ယောက်ပဲ
ကျွန်မရဲ့ခေါင်းကပန်းကုံးကို နင်းခြေပြလိုက်တာဟာ
အကြောင်းမဲ့သက်သက် ကျွန်မရဲ့မာနကိုထိပါးစော်ကားခဲ့တာပဲ။

ရှင်နဲ့ကျွန်မရန်သူတွေလည်း မဟုတ်ပါဘဲနဲ့ ဘာဖြစ်လို့
များဒီလောက်တောင် ကျွန်မအပေါ်အမုန်းတရား ကြီးမားစွာ
ပြုမူခဲ့တာပါလိမ့်. . . .

ရှင့်ကိုကျွန်မမုန်းတယ်၊ ပြီးတော့နာကြည်းတယ်။

တစ်နေ့နေ့မှာ ရှင်ကျွန်မရဲ့ရှေ့မှာ ဒူးထောက်
တောင်းပန်ရမယ်၊ ပြီးတော့ ကျွန်မကြောင့် ရှင့်အသ
ဟက်တက်ကွဲစေရမယ်. . .

မိန်းမတစ်ယောက်ရဲ့မာနကို အကြောင်းမဲ့ထိ
စော်ကားလာတဲ့ရှင့်ကို ကောင်းကောင်းကြီးကလဲ့စားချေ
သင်ခန်းစာပေးဖို့ ကျွန်မဆုံးဖြတ်လိုက်ပြီ. . .

သူမသည် လာရာလမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့်ပြန်
ခဲ့မိသည်။

အိမ်ပြန်လာခဲ့ရသော်လည်း သူ့လှောင်ပြောင်ရယ်
သံများကို နားထဲမှမထွက်နိုင်ဘဲ တရစ်ဝဲဝဲကြားယောင်နေမိသ
မဟုတ်ပါလား. . .

* * * * * * * * * *



## အခန်း (၅)

နောက်တစ်ပတ်ခန့်အကြာတွင် သူမသည်ထိုခြံကျယ်ကြီး
ထဲသို့ ရောက်လာခဲ့မိပြန်၏။

ခြံထဲသို့ တိတ်တဆိတ်ဝင်လာခဲ့ပြီး ဆိတ်ဖလူးပန်းများ
ကောက်ရန် လူသူအရိပ်အခြေကြည့်နေမိသည်။

"ဟိတ်. . . ဒါတွေအားလုံးငါမခြင်ချင်ဘူး၊ ယူသွားကြစမ်း"

ကြားရသည့်အသံကြောင့် သူမဆိတ်ဖလူးပင်အောက်မှ
နေ၍ ခြေဖျားလေးထောက်ပြီး အိမ်ကြီးထဲသို့လှမ်း၍ကြည့်လိုက်
မိသည်။

သူမပြတင်းပေါက်ကိုကျော်ပြီး ဒေါသပုန်ထနေသ
သူ့မျက်နှာကြီးကိုတွေ့လိုက်ရသည်။

တင်းလွန်းသည့်သူ့မျက်နှာထားကြောင့် အကြည့်
ဆိုးလှ၏။

"ဟော့. . . မောင်အောင်"

သူ့တပည့်ကိုအော်ခေါ်လိုက်သည်။ ခဏကြာတေ
ခပ်ပုပုကောင်လေးတစ်ယောက် ပြေးထွက်လာတာ
မြင်လိုက်ရ၏။

"ခြံစောင့်ကြီး ဦးဖိုးသီးကိုသွားခေါ်စမ်း"

"ဟုတ်ကဲ့ ဆရာ"

မောင်အောင်ကခြံစောင့်ကြီး ဦးဖိုးသီးအားသွားခေါ်
လာသည်။

ဦးဖိုးသီးရောက်လာတော့ သူကမျက်နှာထာ
တင်းတင်းဖြင့် ဦးဖိုးသီးအားမေးလိုက်၏။

"ဒီပြက္ခဒိန်တွေ ဘယ်သူချိတ်ထားတာလဲ"

"အရင် ဒီအိမ်မှာငှားနေတဲ့ ကျောင်းဆရာမလေးဝ
ကျန်ရစ်ခဲ့တာပါ"

"တောက်. . . အားလုံးမိန်းမပုံတွေချည်းပဲ၊ တစ်ခု
ကျုပ်မမြင်ချင်ဘူး၊ အခုယူသွားကြပါ"





နံရံပေါ်တွင်ချိတ်ဆွဲထားသည့် ရုပ်ရှင်မင်းသမီးပုံအချို့နှင့်
င်ခြားဘိုမရုပ်ပုံများအား လက်ညှိုးထိုးပြီးအော်ဟစ်
မ်းမောင်းနေခြင်းပါ။

အပြစ်မဲ့သည့် ပြက္ခဒိန်တွေကို အပြစ်မရှိအပြစ်ရှာပြီး
တ်ခိုင်းနေသောကြောင့် သူမအံ့ဩနေမိသည်။

"မြန်မြန်ယူသွားကွာ. . . မမြင်ချင်ဘူး"

"ဘယ်ကိုယူသွားရမလဲ ဆရာ"

"သင်္ချိုင်းကုန်း"

"ဟုတ်. . ဟုတ်"

နံရံပေါ်မှဆွဲခွာထားသည့် ပြက္ခဒိန်တစ်ထပ်ကြီးကို
းမှာညှပ်ပြီး မောင်အောင်အိမ်ကြီးထဲမှ လှမ်းထွက်လိုက်သည်။

"ဟော့ကောင်"

"ခင်ဗျာ"

"ဒါကဘယ်လဲ"

"ဒါတွေ သင်္ချိုင်းကုန်းမှာသွားပစ်မလို့"

တပည့်ကျော်စကားကြောင့် သူအတော်ပင်ဒေါ်ဖောင်း
းသည်။

"ဒီမှာ. . . ဟော့ကောင်၊ မင်းကငါ့ကိုအရွဲ့တိုက်တာလား
ကွာ"

သူ့တုတ်ကောက်က တပည့်ကျော်ခေါင်းပေါ်သို့ ဒေါက်ခနဲ ကျရောက်သွားပြီး. . .

“အမှိုက်ပုံမှာသွားပစ်လိုက်”

“ဟုတ်ကဲ့ပါ ဆရာ”

မိန်းကလေးပုံနှင့်ဘိုမရုပ်လေးတွေပါသည့် ပြက္ခဒိန်များကိုပင် သူမကြည့်ချင်မမြင်ချင်လောက်အောင် ဖြစ်နေပုံကြောင့် ရယ်ချင်စရာလို မုန်းချင်စရာလည်း ကောင်းသည်။

ပြက္ခဒိန်လှလှများကို ချိုင်းကြားညှပ်ပြီး ပြေးထွက်သွားသည့်မောင်အောင့်နောက်သို့ သူမခပ်သွက်သွက် ပြေးလိုက်ခဲ့သည်။

“ဟော့ လူ”

“ဟင်. . . ခင်ဗျားဘယ်သူလဲ”

“အဲဒီပြက္ခဒိန်တွေယူမလို့စောင့်နေတာ”

“ဒါ ကျုပ်ဆရာပစ်ခိုင်းလိုက်တာဗျ၊ ခင်ဗျားကိုပေးလို့မဖြစ်ဘူးထင်တယ်”

“ရှင့်ဆရာက အိမ်ကြီးထဲမှာပဲ၊ ရှင်ကျွန်မကိုပေးလိုက်လဲ ဘယ်တွေ့မလဲ”

“ဒါဖြင့်လဲ ယူသွားဗျာ၊ ရော့”



သူကလက်ထဲမှ ပြက္ခဒိန်များကို သူမအားလှမ်းပေး က်သည်။

“ရှင်တို့က ဒီမြို့ကိုရောက်လာတဲ့ ဧည့်သည်တွေနော်”

“ဟာ. . . ဘယ်ကလာဧည့်သည်ဖြစ်မလဲ၊ ကျွန်တော် က ဒီခြံကြီးနဲ့အိမ်ကြီးပိုင်ရှင်တွေပါ၊ မြို့နဲ့ကင်းကွာ နေတာ လှပြီမို့ အခုလာပြန်နေတာ”

“ခုမှဘာကြောင့်ရောက်လာကြတာလဲ”

“ဆရာက အကြောင်းတစ်ခုနဲ့ဒီမြို့မှာအေးအေးဆေးဆေး ဖို့ ပြန်လာတာ”

“ဘာအကြောင်းလဲဟင်”

“ခင်ဗျားက အတော်စပ်စပ်စုစုနိုင်တဲ့ မိန်းကလေးပဲ”

သူမစပ်စပ်စုစုမေးလိုက်မိပြီးမှ အရှက်ပြေရယ်မော က်သည်။

“ကဲ. . . ခင်ဗျားပြန်တော့လေ”

“ဘာဖြစ်လို့နှင်နေတာလဲ”

“ကျုပ်ဆရာက မိန်းမတွေကိုမြင်လို့မရဘူး၊ မိန်းမတွေကို င်ရင် ဒေါသဖြစ်ပြီး သူငယ်နာထတတ်တယ်”

“ဒီအရွယ်ကြီးရောက်မှ သူငယ်နာထသလား၊ သူငယ်နာ တာ ကလေးတွေဖြစ်တဲ့ရောဂါမဟုတ်လား”

"အဲဒီသူငယ်နာကိုပြောတာမဟုတ်ဘူး၊ ဒေါသဖြစ်ပြီး အကြောဆွဲတာကိုပြောတာ"

"ဒါဖြင့် ရှင့်ဆရာက သူငယ်နာ ကြွဲဗဟုန်းပေါ့"

"ခင်ဗျားအတော်ကြွဲကြွဲဖန်ဖန်ပြောတတ်တဲ့ မိန်းမပဲ၊ ပြန်ပါတော့ဗျာ၊ တော်ကြာဆရာတွေ့သွားရင် တုတ်ကောက်ကြီး ကိုင်ပြီး ဟောသလို ဟောသလို အကြောဆွဲတတ်တယ်"

သူကလက်တစ်ဖက်မြှောက်ပြီး ဟန်ပါပါလုပ်ပြနေသောကြောင့် သူမရယ်မောလိုက်မိ၏။

"ရှင့်ဆရာက လူ့ခွစာပဲနော်"

"အို. . . သိပ်မှန်တာပေါ့ဗျာ"

"ကဲ. . . ကျွန်မပြန်လိုက်ပါဦးမယ်"

မြက္ခဒိန်လှလှများကို တပွေ့တပိုက်ယူဆောင်လာခဲ့ပြီး သူမပြန်လာခဲ့သည်။

* * * * * * * * * * *



## အခန်း (၆)

ခြံထဲတွင် တုတ်ကောက်တစ်ချောင်းဖြင့် လမ်းလျှောက်နေရင်း ပန်းပင်တွေကို လိုက်လံကြည့်ရှုနေသည့် သူ့ကို တစ်ဖက်ခြံကြီး၏ အိမ်အပေါ်ထပ်မှနေ၍ သူမ သူ့ကိုငေးကြည့်နေမိသည်။

သူသည် ခြေထောက်နှစ်ဖက်လုံး တောင့်တင်းခိုင်မာစွာ လျှောက်နိုင်ပါလျက် ဘာကြောင့်များသည်တုတ်ကောက်ကြီးကို ဟန်ပါပါကိုင်၍လမ်းလျှောက်နေပါလိမ့်. . .

ပြီးတော့ ထိုလူသည် မိန်းမတွေကိုခါးခါးတူးတူး မုန်းနေပါသတဲ့. . .

မည်သည့်အကြောင်းကြောင့် မိန်းမတွေကိုမုန်းနေပါလိမ့်. . .

ထိုစဉ် သူမ၏သူငယ်ချင်းနှစ်ယောက် သူမထံအလည်ရောက်လာသောကြောင့် အိမ်ကြီးအပေါ်ထပ်မှ သူမဆင်းလာခဲ့ရသည်။

"ဟေ့. . . ဆွေရှန်းရီ ဒီကနေ့ညကမ်းနားလမ်းတီးဝိုင်းမှာ ကျွန်မတို့နှစ်ယောက်သီချင်းဆိုကြမယ်၊ ရှင်အော်ဂင်တီးပေးရမယ်နော်"

"အိုကေ. . . ရှင်တို့တကယ်သီချင်းဆိုဖြစ်ရင် ကူညီမှာပေါ့"

"ဒါဖြင့် ညကျရင်ဆိုမယ့်သီချင်းတွေတိုက်ကြရအောင်"

စိမ်းစိမ်းနှင့်သိန်းသိန်း တို့နှစ်ယောက်က သီချင်းဆိုတိုင်း အော်ဂင်တီးပေးရန် သူမအားလာခေါ်လေ့ရှိကြသည်။

သူမက သီချင်းကောင်းစွာမဆိုတတ်သော်လည်း အော်ဂင်ကိုတော့ ကောင်းစွာတီးတတ်ပါသည်။

"လာ. . . ဆွေးရှမ်းရီ၊ အော်ဂင်တီးပေးပါ၊ ကျွန်မတို့နှစ်ယောက်တစ်ယောက်တစ်လှည့်ဟစ်ကြမယ်"

"မဖြစ်ဘူးထင်တယ်၊ ဘွားဘွားသွေးတိုးနေလို့"

မြားနတ်မောင်စာပေ



"ဒါဖြင့် ရှင့်ရဲ့အော်ဂင်ကြီးကို ဟောဟိုရေကန်လေးဘေးက ကျောက်ဖျာကြီးပေါ်တင်ပြီး တီးကြဆိုကြရင် မကောင်းဘူးလား"

"အိုကေလေ. . . အော်ဂင်ကိုရေကန်နား သယ်ထုတ်ကြတာပေါ့"

တစ်ဖက်ခြံစည်းရိုးနှင့်ကပ်လျက် နေရာတစ်ခုတွင် ရေကန်လေးတစ်ခုရှိပြီး ထိုရေကန်လေးဘေးတွင် ကျောက်ဖျာလှလှလေးခင်းထားသောကြောင့် ထိုအော်ဂင်ကို ကျောက်ဖျာပေါ်သို့သယ်ယူလာခဲ့ကြသည်။

ပြီးတော့ စိမ်းစိမ်းနှင့်သိန်းသိန်းတို့က သီချင်းဆိုပြီး သူမကအော်ဂင်တီးနေသည်။

ဟဲဗီးရော့(ခ်) သီချင်းများကိုတစ်ယောက်တစ်လှည့်ဆိုနေကြသောကြောင့် သူတို့အသံများက ခပ်ကျယ်ကျယ်ထွက်ပေါ်နေ၏။

တစ်ဖက်ခြံထဲတွင် တုတ်ကောက်တစ်ချောင်းဖြင့် လမ်းလျှောက်နေရင်း စိတ်ကြည်နူးမှုရှာနေသော လူ့ငါးထိပ်ဦးတစ်ယောက် ထိုအသံများကိုကြားလိုက်ရသဖြင့် မျက်မှောင်ကုတ်ပြီး မေးကြောကြီးတွေထောင်ထလာသည်အထိ အာရုံစူးစိုက်လိုက်မိသည်။

မြားနတ်မောင်စာပေ

မိန်းမအသံတွေပါလား. . .

ဒီခြံစည်းရိုးနဲ့ကပ်လျက် ဟိုဘက်ခြံထဲက ထွက်လာတဲ့အသံတွေပဲ. . .

အနည်းငယ်ဟနေသည့် ခြံစည်းရိုးအပေါ်မှ တစ်ဖက်ခြံထဲသို့ အသာချောင်းကြည့်လိုက်မိ၏။

ဆိုနေတီးနေကြသည့် မိန်းကလေးသုံးယောက်ကို မြင်တွေ့လိုက်ရသောကြောင့် ဒေါဖောင်းသွားမိသည်။

ဒီမိန်းမတွေ အတော်ခက်တာပဲ၊ အများနားကြားပြင်းကတ်အောင်ဆိုနေတီးနေလိုက်ကြတာ. . .

ကိုယ့်အိမ်ထဲကိုယ်မဆိုဘဲ ဘာလုပ်ကြတာပါလိမ့်. . .

"ဟေ့ကောင်. . . မောင်အောင်"

သူအော်ခေါ်လိုက်၍ မောင်အောင်အနီးသို့ ပြေးလာသည်။

"ဘာခိုင်းမလို့လဲ ဆရာ"

"ဟိုဘက်ခြံက ဆူဆူညံညံအသံတွေ မင်းမကြားဘူးလား"

"ကြားပါတယ် ဆရာ"

"သွားပြောစမ်းကွာ၊ ဆူဆူညံညံမလုပ်နဲ့လို့"

"ကျွန်တော် မပြောဝံ့ဘူးဆရာ"

"ဘာကွ. . . မင်းကငါခိုင်းတဲ့စကားကို မပြောဝံ့ဘူးလား"





"သူ့ခြံထဲသူဆိုနေတာပဲဆရာရယ်၊ သွားပြောရင် အော်ထုတ်မှာပေါ့"

"အလကားသွေးကြောင်မနေစမ်းနဲ့၊ ငါ့ခြံစည်းရိုးနဲ့ကပ်လျက်မှာလာပြီး ဆူဆူညံညံမလုပ်ဖို့ သီချင်းဆိုချင်တီးချင်ရင် ကိုယ့်အိမ်ထဲမှာကိုယ်ဆိုကြတီးကြဖို့ သွားပြောလိုက်"

"ဟုတ်ကဲ့ပါ. . . ဆရာ"

မောင်အောင်မသွားလိုသော်လည်း သူ့ကိုကြောက်ရွံ့သောကြောင့် တစ်ဖက်ခြံသို့ထွက်လာခဲ့ရသည်။

"ဒီမှာ အစ်မတို့"

မောင်အောင့်အသံကြောင့် သူမတို့သုံးဦးလှည့်ကြည့်လိုက်ကြသည်။

ဆွေရှန်းရီက မောင်အောင့်ကိုမြင်တော့ မှတ်မိသွားပြီး ပြုံးပြလိုက်၏။

"အဟဲ. . . ရှင့်ဆရာဘာခိုင်းလိုက်လို့လဲ"

ကြိုပြီးသိနေသလို မေးလိုက်သောကြောင့် မောင်အောင်အံ့အားသင့်သွားသည်။

"ဆရာက ဆူဆူညံညံမလုပ်ကြဖို့ ပြောခိုင်းလိုက်လို့ပါ"

မောင်အောင့်စကားကြောင့် အားလုံးမျက်နှာတွေတင်းသွားကြပြီး. . .

"ဘယ်ကဆရာလဲ" ဟု သိန်းသိန်းကမေးလိုက်၏။

ဆွေရှန်းရီက မျက်နှာကိုတင်းလိုက်ပြီး. . .

"ဒီမှာ. . . ရှင့်ဆရာကိုပြောလိုက်၊ ဒါသူပိုင်တဲ့ခြံ မဟုတ်ဘူး၊ ကိုယ့်ခြံထဲကိုယ်ဘာလုပ်လုပ်ပေါ့၊ သူ့အပူမပါဘူး. . နားလည်လား"

"ကျွန်တော့်ဆရာက နားငြီးတတ်လို့ပါ"

"နားငြီးရင် ဂွမ်းဆို့ထားလိုက်ပေါ့၊ သူနားငြီးတိုင်း ကျွန်မတို့က မဆိုရမတီးရတော့ဘူးလား၊ ကိုယ့်ခြံထဲကိုယ်ဘာလုပ်လုပ် သူပြောစရာမလိုဘူး"

မောင်အောင်ဘာဆက်ပြောရမှန်း မသိသောကြောင့် လှည့်ထွက်သွားတော့၏။

"ဟဲ့. . . ဘယ်သူလာပြောခိုင်းတာလဲ ဆွေရှန်းရီ" ဟု စိမ်းစိမ်းကမေးလိုက်သည်။

"ဟိုဘက်ခြံကလူလေ၊ ရောက်လာတာမကြာသေးဘူး၊ အတော်သဘောပုပ်တဲ့လူကြီး. . သိလား"

"ဆိုစမ်းပါဦး. . . ဘယ်ကနေဘယ်လိုရောက်လာတာလဲလို့"

"သူတို့မိဘဘိုးဘွားပိုင်အိမ်ကြီးကို ပြန်ရောက်လာတာတဲ့၊ အဲ့ဒီလူက မိန်းမမုန်းဝါဒီသမားလေ၊ မိန်းမတွေကိုမြင်ရင်



စိတ်ရှုးထပြီး ဟိုအော်ဒီအော်လုပ်တတ်တယ်"

သူမ မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်သည်။

သူမစကားကြောင့် သိန်းသိန်းနှင့်စိမ်းစိမ်းတို့နှစ်ဦးလုံး အံ့သြနေကြသည်။

"ဘယ်လိုလူမျိုးပါလိမ့်ဟယ်. . ငါဖြင့်မြင်ချင်လိုက်တာ"

"ဟုတ်ပါရဲ့. . . သဘောဆိုးလိုက်တာ မျက်နှာခပ်ကြီးကြီး၊ ပါးစပ်ပြဲပြဲလား" ဟု တစ်ယောက်တစ်ပေါက် မေးနေကြသည်။

"အမလေး. . . လူပုံကချောပါ့၊ ညိုညိုမောင်းမောင်းနဲ့ ခန့်ညားတဲ့ရုပ်ရည်မျိုးပဲ၊ လက်ထဲမှာတုတ်ကောက်ကြီး တစ်ချောင်းကိုင်ပြီး ဟန်ထုတ်သေးတယ်၊ သဘောကဖြင့် ဆိုးလိုက်တာ"

ဟု ဆွေရှန်းရီ ပြောလိုက်မိသည်။

သူမစကားကြောင့် စိမ်းစိမ်းနှင့်သိန်းသိန်းတို့ စိတ်ဝင်စားသွားကြပြီး. . .

"ဟယ်. . . ဒါဖြင့် သူကဟန်များများ လူချောကြီးပေါ့၊ မိန်းမတွေကို တကယ်မုန်းတာမှဟုတ်ရဲ့လားကွယ်၊ မိန်းမတွေ စိတ်ဝင်စားအောင် တမင်ဟန်ဆောင်နေတာများလား"

"သူဟာသူဘာဖြစ်ဖြစ်. . စိတ်မဝင်စားပါဘူး၊ မိန်းမတွေကို မုန်းနေတာတော့ သေချာတယ်ဟ"

ဆွေရှန်းရိစကားကို သူမတို့နှစ်ဦးက လက်မခံချင်ကြသလို ပြုံးစိစိမျက်နှာသေးများဖြင့် အကြဲထုတ်လျက်ရှိ၏။

* * * * * * * * * * * *



အခန်း (၇)

ထိုအချိန်တွင် တစ်ဖက်ခြံသို့ မောင်အောင်ပြန်ရောက် ပြီး မိန်းကလေးသုံးယောက်တို့၏ စကားများကို သူ့ဆရာ းပြန်ပြောပြလေသည်။

နားငြီးရင်ဂွမ်းဆို့ထားလို့ပြောတယ်ဆရာ၊ ပြီးတော့ နားငြီးတိုင်းမဆိုရမတီးရတော့ဘူးလားတဲ့၊ ကိုယ့်ခြံထဲကိုယ် လုပ်လုပ် ပြောစရာမလိုဘူးတဲ့”

“မင်းက ငါ့ခြံနဲ့ကပ်လျက်မှာ မလုပ်ရဘူးလို့ မပြော းလား”

“ပြောပါတယ် ဆရာရယ်၊ ဒါပေမယ့် မိန်းကလေးတွေ ည့်ရတာ အတော်စွာမယ့်ပုံတွေပဲ ကြာကြာဆက်ပြောနေရင် တို့နဲ့ကျွန်တော် နားပန်းလုံးရလိမ့်မယ်”

"မင်းကများ ဒီမလောက်လေးမလောက်စားတွေကို ကြောက်နေရသလားကွ၊ သိပ်စွာကျယ်ကျယ်ပြောလာရင် သံကုန်ဟစ်ပြီးအော်ပစ်လိုက်ပေါ့"

"ဟဲ. . ဟဲ ဆရာကိုယ်တိုင်သွားအော်ရင် ပိုပြီးကောင်းမယ် ထင်တယ်"

"မင်းအတော်လျှာရှည်တဲ့ကောင်ပဲကွ"

"အိမ်ရှင်မိန်းကလေးက သိပ်စွာတယ်ဆရာ၊ ကိုယ့်ခြံထဲ ကိုယ်ဆိုတာဘာဖြစ်လဲ၊ ဘာမှလာပြောစရာမလိုဘူးဆိုတဲ့ သဘောမျိုးနဲ့အော်လွှတ်တာ"

မောင်အောင့်စကားကြောင့် သူအတော်ပင်ဒေါသဖောင်း သွားပြီး. . . .

"တောက်. . ငါကိုယ်တိုင်တုတ်ကောက်နဲ့ သွားရိုက် လိုက်ရရင် ပြဿနာတော့တက်တော့မှာပဲ"

"အမလေး. . . ခံမယ့်ရုပ်တွေမဟုတ်ဘူးဆရာရေ၊ ဆရာ့တုတ်ကောက်ကိုမြင်ရင် သူတို့က ပျင်းတောင်ပျင်းသေး တယ်ဆိုပြီး ယောက်မတွေပြေးဆွဲမှာသေချာတယ်"

သူက သူမတို့၏အသံများနှင့်ဝေးရာသို့ ခြေလှမ်းကျဲကြီး များနှင့်လျှောက်လာခဲ့မိသည်။

သူအိမ်ကြီးပေါ်သို့တက်လာခဲ့သည်။



အိမ်ကြီးအပေါ်ထပ်တွင် အတော်ဟောင်းနွမ်း နေပြီ ဖြစ်သည့် ကုလားထိုင်ခုံများ၌ ကုလားထိုင်ဖုံးများ တပ်ဆင်ထား သောကြောင့် ကြည့်ရဆိုးသည်ကိုသတိပြုမိသည်။

တစ်အိမ်လုံးရှိပြတင်းပေါက်များ၌ တပ်ဆင်ထားသည့် ကန့်လန့်ကာတွေအားလုံး ဟောင်းနွမ်းနေပြီဖြစ်သည်။

ထိုကန့်လန့်ကာများနှင့် ကုလားထိုင်ဖုံးများ အသစ် လဲလှယ်တပ်ဆင်ရန် သူစဉ်းစားနေမိ၏။

"မောင်အောင်"

"လာပါပြီဆရာ"

မောင်အောင် သူ့အနီးရောက်လာတော့. . .

"ဟေ့ကောင်. . . ငအောင်၊ ဟောဒီကုလားထိုင်ဖုံးတွေနဲ့ ကန့်လန့်ကာတွေအားလုံး အသစ်လဲရမယ် နားလည်လား" ဟုပြောလိုက်သည်။

"ဒီအလုပ်တွေက အမျိုးသမီးတွေ ပိုနားလည်တဲ့အလုပ်မျိုး ပဲဆရာ၊ ဘယ်လိုအစမျိုးဝယ်ရမှန်း ကျွန်တော်မရွေးတတ်ဘူး"

"မင်းကိုငါငွေတစ်သောင်းခွဲပေးလိုက်မယ်၊ အလှဆုံးနဲ့ အကောင်းဆုံးကန့်လန့်ကာစတွေဝယ်လာခဲ့ပြီး စက်ဆိုင် တစ်ဆိုင်မှာ အပ်လိုက်ပေါ့ကွ၊ ဒါဘာခက်တာမှတ်လို့"

မောင်အောင်က သူ့မျက်နှာကိုကြည့်ပြီး ပြုံးစိစိအမူအရာဖြင့်ပြောလိုက်သည်။

“ဆရာပဲပြောထားတယ်မဟုတ်လား၊ မိန်းမတွေနဲ့မဆက်ဆံရဘူးဆို”

“ဘာဆိုင်လို့လဲကွ”

“ဆိုင်တာပေါ့ဆရာရယ်၊ ကန့်လန့်ကာတွေချုပ်မယ့်သူက ယောကျ်ားလေးတွေမဟုတ်ဘူး၊ မိန်းကလေးတွေလေ”

“မိန်းကလေးတွေဆီအပ်မှရသလားကွ၊ ယောကျ်ားစက်ဆိုင်တွေအများကြီးပါ”

“သူတို့က ရှပ်အင်္ကျီပဲချုပ်တယ်ဆရာရေ”

“ဟော့ကောင်. . . လျှာမရှည်နဲ့၊ ယောကျ်ားတွေချုပ်တဲ့ဆိုင်မှာပဲအပ်”

အတော်ခွကျပြီး လက်ပေါက်ကပ်လှသည့် သူ့ဆရာအား ဘာမှပြန်မပြောတော့ဘဲ ကန့်လန့်ကာစများ အသစ်ချုပ်ရန် ငွေတစ်သောင်းခွဲယူ၍ အိမ်မှထွက်လာခဲ့သည်။

“ဟော့ကောင်. . . ခဏနေဦး”

“ဘာပြောမလို့လဲ ဆရာ”

“ကန့်လန့်ကာတွေဝယ်ရင် ပိတ်စပေါ်မှာ မိန်းမပုံတွေပါမလာစေနဲ့ကြားလား”





“ကောင်းပါပြီဆရာ”

မောင်အောင်ထွက်သွားသောအခါ သူသည် တစ်ဖက်ခြံမှ ပျံ့လွင့်လာသည့် သီချင်းသံနှင့် အော်ဂင်သံများကို မကြားရအောင် ပြတင်းတံခါးများအား လိုက်ပိတ်နေမိ၏။

* * * * * * * * * * * *

မြားနတ်မောင်စာပေ

## အခန်း (၈)

နောက်သုံးရက်ခန့်အကြာတွင် ဆွေရှန်းရီ၏ သူငယ်ချင်းနှစ်ဦး သူမထံသို့ရောက်လာကြ၏။

စိမ်းစိမ်းနှင့်သိန်းသိန်းတို့နှစ်ဦး လှပသားနားစွာ ဝတ်စားပြင်ဆင်လာသောကြောင့် သူမနားမလည်နိုင်စွာ အံ့သြနေမိသည်။

"ဒါကဘယ်ကိုသွားကြမလို့လဲ"

"ဘယ်မှမသွားဘူး၊ ဘာဖြစ်လို့မေးတာလဲ"

"နင်တို့ပြင်ဆင်ထားပုံတွေက အလှူတစ်ခုခုက ပြန်လာသလိုပဲ၊ ပြီးတော့ မျက်နှာတွေကလဲပြုံးစိစိနဲ့"

"ဟိုတစ်နေ့က ကိစ္စမခံချင်လို့ သိလား"

မြားနတ်မောင်စာပေ

"ဘာများလဲ"

"နင့်ရဲ့မိန်းမမုန်းဝါဒီသမားကြီးကို စမ်းသပ်မလို့"

စိမ်းစိမ်းစကားကြောင့် သူမမျက်လုံးပြူးသွားမိသည်။

"တို့ပြောတာ သဘောပေါက်ရဲ့လား"

"ဘာကိုသဘောပေါက်ရမှာလဲ"

"ဘယ်လောက်ပဲ မိန်းမမုန်းတဲ့ယောကျ်ားမျိုးပဲဖြစ်ဖြစ် မိန်းမတွေရဲ့အလှအပနဲ့မာယာပေါင်းပြီး ဆွဲဆောင်လိုက်ရင် တစ်ခါတည်းဇောက်ထိုးပစ်ကျသွားတတ်တယ်မဟုတ်လား"

သိန်းသိန်းက ဟန်ပါပါပြောလိုက်သည်။

"အဲဒီတော့ နင်တို့ကဘာလုပ်မလို့လဲ"

"မိန်းမမာယာနဲ့သွားဖျားယောင်းမလို့"

"ဖျားယောင်းတော့ဘာရလဲ"

"ဒီလူကြီးနောက်ကောက်ကျလာပြီဆိုမှ ပညာပေ[း] လိုက်ရုံပေါ့" ဟု စိမ်းစိမ်းကပြောလိုက်သည်။

"နင်တို့အကြံညဏ်ကမဆိုးပါဘူးဟာ၊ ဒါပေမယ့် ဒီလူကလူ့ဂွစာနော် သူ့ကိုသတိထားရမယ်၊ စိတ်မထင်ရင် နင်တို့ကိုအော်ထုတ်လိမ့်မယ်"

"ကျွန်မတို့က သင်္ကြန်အတွက် မဏ္ဍပ်ဆောက်ဖို့ အလှူသွားခံမှာပါ၊ ရှင်ကောမလိုက်ဘူးလား"

"မလိုက်တော့ဘူး"





"ရှင်လိုက်ခဲ့ဖို့တောင်းပန်ပါတယ်၊ ရှင်နဲ့ဆိုမျက်မှန်းတန်းနေမှာပေါ့"

"အမလေး ကြောက်ပါတယ်နော်၊ သည်လူက မိန်းမတွေအားလုံးကိုမုန်းနေတာ၊ ကျွန်မကိုမြင်ရင်လဲ မောင်းထုတ်မှာသေချာတယ်"

"အို. . . ဘာပဲဖြစ်ဖြစ် ကျွန်မတို့အားလုံး စုစုဝေးဝေးသွားကြတာပေါ့"

သင်္ကြန်ကျတိုင်း သူတို့လမ်းတွင် မဏ္ဍပ်ထိုးပြီး သင်္ကြန်ထမင်းကျွေးတာက နှစ်စဉ်နှစ်တိုင်းပင်။

နှစ်စဉ်နှစ်တိုင်း ထိုကိစ္စအတွက် မိန်းကလေးတစ်စု အလှူခံထွက်လေ့ရှိကြသည်။

ထို့ကြောင့် မငြင်းမိတော့ဘဲ လိုက်လာခဲ့မိသည်။

တစ်ဖက်ခြံကျယ်ကြီးရှေ့သို့ရောက်သောအခါ ဝါဝါတို့အုပ်စုနှင့်ပေါင်းမိသွားပြီး စုစုပေါင်းဆယ်ယောက်ကျော်ခန့်ဖြစ်သွားသည်။

ခြံတံခါးပေါ်ရှိ ခေါင်းလောင်းလေးကို လှုပ်လိုက်ကြသည်။

"ဂလောင်. . . ဂလောင်"

ခဏကြာတော့ ခြံစောင့်ကြီးဦးဖိုးသီးထွက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဘာကိစ္စလဲ မိန်းကလေးတို့"

"အလှူခံမလို့ပါ အဘရဲ့"

"ဩော်. . . နှစ်စဉ်နှစ်တိုင်း သင်္ကြန်အတွက် အလှူခံတာ မဟုတ်လား" ဟု ဦးဖိုးသီးကပြန်မေးလိုက်သည်။

"ဟုတ်ပါတယ်ရှင့်. . . အလှူလာခံကြတာပါ"

"ခဏနေကြဦးနော်. . . အိမ်ရှင်ကိုအဘသွားခေါ်ပေးမယ်" ဟုပြောပြီး အိမ်ကြီးရှိရာသို့ထွက်သွားသည်။

ခြံစောင့်ကြီးထွက်သွားပြီး ဆယ်မိနစ်ခန့်ကြာတော့ ကားဂိုဒေါင်ဘေးမှ ထွက်လာသော သူကိုတွေ့လိုက်ကြသည်။

သူသည်ထုံးစံအတိုင်း လက်ထဲတွင် တုတ်ကောက်တစ်ချောင်းကိုကိုင်ထားပြီး သူမတို့အနီးသို့ လျှောက်လာနေသည်။

"ဘာလဲဟေ့. . . ဘာကိစ္စ ငါ့ခြံထဲရောက်နေကြရပြန်တာလဲ"

"အလှူခံမလို့ပါ ဦးလေး" ဟု အသက်ဆယ့်ခုနစ်နှစ် အရွယ် မိန်းကလေးကဖြေလိုက်သည်။

"ဘာအလှူခံလဲ"

"ကျွန်မတို့ရေပက်မဏ္ဍပ်ဆောက်ပြီး သင်္ကြန်ထမင်းကျွေးဖို့. . ."

ထိုမိန်းကလေးစကားပင်မဆုံးလိုက်ရ၊ သူက. . . .

မြားနတ်မောင်စာပေ



"ဩော်. . . ဒီလိုလား၊ မိန်းမတွေရေကစားပြီး ကြာပစ်မယ့်ကိစ္စ၊ ဘာမှမကူညီနိုင်ဘူး၊ သွားကြတော့"

သူ့စကားရင့်သီးလွန်းသဖြင့် အမျိုးသမီးအုပ်စု ခံပြင်းသွားကြသည်။

"ဒီမှာ. . . အစ်ကိုကြီး၊ စကားကိုကြည့်ပြောပါ၊ ဒါလူမှုရေးအရ အလှူခံတာရှင့်၊ အလှူမထည့်နိုင်ရင်လဲ ယဉ်ယဉ်ကျေးကျေးပြောပါ"

သူမတို့ထဲမှ အသက်ခပ်ကြီးကြီးအမျိုးသမီးက ပြောလိုက်သည်။

မယဉ်ကျေးနိုင်ဘူး၊ ရှုပ်လိုက်တာ ဟေ့. . ခြံတံခါးဘယ်သူဖွင့်တာလဲ၊ ပြောကြစမ်း"

သူလှမ်းအော်လိုက်သောကြောင့် ဦးဖိုးသီးက. . .

"ငါဖွင့်တာပါ လူကလေးရဲ့"

"နောက်နောင် မိန်းမတွေကို တံခါးမဖွင့်ပေးပါနဲ့ ဘဘ" ဟုပြောလိုက်ပြီး ချာခနဲလှည့်ထွက်သွားလေသည်။

"သွားကြစို့ဟေ့၊ ဒီလူကြီးကြည့်ရတာ စိတ်သိပ်မနှံ့ဘူးထင်တယ်"

"ဟုတ်ပါရဲ့. . ဒီလောက်မောက်မာတဲ့လူမျိုး ဒီတစ်ခါပဲတွေ့ဖူးတယ်"

မြားနတ်မောင်စာပေ

"လူလူချင်း ဒီလောက်အထိရိုင်းရိုင်းပျပျမဆက်ဆ
သင့်ပါဘူး"

တစ်ယောက်တစ်ပေါက် မကျေမနပ်ပြောရင်း ထွက်လ
ခဲ့ကြသည်။

စိမ်းစိမ်းက ဆွေရှန်းရီအား ခပ်တိုးတိုးပြောလိုက်သည်
"ဘယ်လိုလဲ ဆွေရှန်းရီ၊ ဒီလူကြီးမျိုးနဲ့မိတ်ဆွေဖြစ်ရတ
ကံမကောင်းလှဘူးနော်"

"ဟုတ်တယ်. . . ကံမကောင်းဘူး၊ အဲဒီလူကြီးဟ
ငါ့မောင်လေးသာဆိုရင် ပါးဆွဲရိုက်ပစ်လိုက်မိမှာသေချာတယ
သိလား" ဟု ပြောလိုက်မိသည်။

* * * * * * * * * * * *



# အခန်း (၉)

သူမတို့မဏ္ဍပ်တစ်ခုလုံး အုန်းလက်များ၊ ပိတောက်ခက်
း၊ ငုဝါခက်များ အုံ့အုံ့ဆိုင်းဆိုင်းမိုးကာထားသောကြောင့်
ရိပ်အာဝါသကောင်းလှသည်။

ဆင်တူဝတ်စုံများဖြင့် မိန်းကလေးများအားလုံး လှပ
န်းဆန်းနေကြသည်။

ဦးထုပ်လေးတွေဆင်တူနှင့် ဦးထုပ်တွေပေါ်မှာ ငုဝါခက်
တွ ဝေနေအောင်ထိုးစိုက်ထားသည်။

နံနက်စောစောကတည်းက သူမတို့မဏ္ဍပ်တွင်
ကစား သူများဖြင့်စည်ကားနေ၏။

မဏ္ဍပ်ထဲမှ ပျံ့လွင့်နေသည့် သင်္ကြန်သီချင်းကြောင့်
းလုံးရင်ထဲမှာ ပျော်ရွှင်လန်းဆန်းနေကြသည်။

လာသမျှကား၊ စက်ဘီးမြင်းလှည်းမကျန် အောင် ရေပက်ကြသည်။

မဏ္ဍာပ်နားဖြတ်သွားသည့်လူမှန်သမျှကိုလည်း အလွတ် မပေးကြပေ။

သူမတို့မဏ္ဍာပ်က မိန်းကလေးတွေရေကစားသည့် မဏ္ဍာပ်ဖြစ်သော်လည်း မဏ္ဍာပ်ရှေ့ရှိရေတိုင်ကီများကို ရေဖြည့် ပေးရန်ယောကျ်ားလေးအချို့လည်းရှိနေကြသည်။

သူမတို့ရေပက်ပြီး ခေတ္တနားနေကြစဉ် သင်္ကြန်ထမင်း ကျွေးကြသည်။

သင်္ကြန်ထမင်းလာစားသူများနှင့်အတူပါလာသည့် ရုပ်ရည်ခန့်ညားသောလူရွယ်တစ်ယောက်ကို သူမတို့အားလုံး သတိပြုမိကြ၏။

သူကအသားဖြူဖြူ မျက်နှာသွယ်သွယ်နှင့် ကိုယ်နေဟန် ထားကလည်း အနည်းငယ်သွယ်လျသည်။

အရပ်မမြင့်လှသော်လည်း ကြည့်ရမဆိုးလှပေ။

သူသည် အပြာဖန့်ဖန့်ဘက်ဂီဘောင်းဘီကို အနက်ရောင် စပို့ရှပ်လက်ရှည်နှင့် တွဲဝတ်ထားပြီး ဝေါလ်ကင်းရှူးကို စီးထားသည်။

မြားနတ်မောင်စာပေ



"သူကရန်ကုန်ကရောက်လာတဲ့ ဧည့်သည်လှိုင်းသာဦးတဲ့၊ ညီလေး. . ဒီမိန်းကလေးတွေက ဒီအရပ်သူတွေလေ၊ အားလုံး သဘောကောင်းကြတယ်"

ဧည့်သည်ကိုလူချောကို သူမတို့အားလုံး ဖော်ရွေစွာ ပြုံးပြလိုက်ကြသော်လည်း မပြုံးဘဲအကဲခတ်ကြည့်နေသူက ဆွေရှုန်းရီရယ်ပါ။

လှိုင်းသာဦးဆိုသည့် လူကိုငေးကြည့်ပြီး တစ်ဖက်ခြံမှ လူကြီးကို သတိရလိုက်မိသည်။

ထိုလူ့နာမည်က လှိုင်းထိပ်ဦးမဟုတ်ပါလား. . .

တစ်ခါက သူ့ခြံထဲတွင်ပန်းကောက်နေတုန်း သူ့နာမည် လှိုင်းထိပ်ဦးဟု ပြောခဲ့ဖူးတာကို မှတ်မိနေခြင်းပါ။

သင်္ကြန်ထမင်းစားပြီးသောအခါ မဏ္ဍာပ်ရှေ့တွင် ရေပက် သူကပက် မဏ္ဍာပ်ပေါ်ရှိစတိတ်ရှိုးစင်ပေါ်တွင် သီချင်းဆိုသူက ဆိုဖြင့် စည်ကားနေကြသည်။

လှိုင်းသာဦးက အော်ဂင်တီးနေသည့် ဆွေရှုန်းရီအနားတွင် လာရပ်လိုက်ပြီး. . .

"ကျွန်တော်လဲ သီချင်းတစ်ပုဒ်ဆိုချင်လို့ပါ၊ တီးပေး နိုင်မလား" ဟုမေးလိုက်သည်။

မြားနတ်မောင်စာပေ

"ဘာသီချင်းဆိုမှာလဲ"

"နှစ်သစ်ချစ်ဦးသီချင်းပါ"

"ရှင်က ကိုရန်အောင်ကိုအသံမှီအောင်ဆိုနိုင်လို့လား" ဟု သူမကနောက်လိုက်သည်။

သူက သူမမျက်နှာကို ငေးကြည့်နေရာမှ ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်၏။

"ဒါဖြင့်ခဏစောင့်၊ ကျွန်မသူငယ်ချင်းတစ်ယောက်ကို တီးပေးလိုက်ဦးမယ်၊ သူပြီးရင်ရှင့်ကိုတီးပေးမယ်"

"ကျေးဇူးပဲဗျာ"

သူက သူမကိုစိတ်ဝင်တစားကြည့်နေမိသည်။

သူမမျက်နှာကို အတန်ကြာစူးစိုက်ကြည့်မိသည့်ယောကျ်ားတိုင်း သူမကိုစိတ်ဝင်စားသွားတတ်ကြသည် မဟုတ်ပါလား. . .

ခုလည်း သူမကိုသူစိတ်ဝင်စားနေမိပြီ။

မဏ္ဍပ်တစ်ခုလုံးတွင်ရှိသည့် မိန်းကလေးအားလုံးထဲမှာ သူမအလှဆုံးရယ်ပါ. . .

သူမအလှကား အများကြားတွင်ပေါ်လွင်နေသည် မဟုတ်ပါလား. . . .





နှစ်သစ်ချစ်ဦးသီချင်းကို သူမကအော်ဂင်တီးပြီး လှိုင်းသာဦးက သီဆိုလေသည်။

ဆိုကြတီးကြဖြင့် မိန်းကလေးတွေအားလုံး လှိုင်းသာဦးနှင့် ရင်းနှီးသွားကြ၏။

"ဟော. . . ဟိုလူကြီးပါလား"

မဏ္ဍပ်အနီးသို့ရောက်လာသည့် လှိုင်းထိပ်ဦးကို တွေ့လိုက်ရသောကြောင့် သိန်းသိန်းကအခြားမိန်းကလေးများ မြင်အောင် ပြလိုက်သည်။

"ဟော့. . . အဲဒီလူကိုရေလောင်းကြရအောင်"

သိန်းသိန်းစကားကို အားလုံးသဘောတူ ခေါင်းညိတ်လိုက်ကြသည်။

"သူ့ကိုများရေကုန်ခံပြီး ရေလောင်းကြမလို့လား" ဟု သူမတားဆီးလိုက်၏။

သို့သော် မိန်းကလေးသုံးလေးယောက် ရေဖလားတွေကိုင်လျက် လှိုင်းထိပ်ဦးအနီးကပ်သွားကြ၏။

"ဟော့. . . ဒါဘာလုပ်ကြမလို့လဲ" ဟု မျက်နှာတင်းတင်းဖြင့်မေးသည်။

“ရေလောင်းကြမလို့ ဟုတ်လား၊ ငါဖျားနေတယ် ”

“သင်္ကြန်တွင်းရေလောင်းတာပဲ. . . ဘာဖြစ်သလဲ
လောင်းမယ်”

“ ငါဖျားနေတယ်လို့ပြောနေတာ မင်းတို့နားမလည်
ကြဘူးလား”

“ရှင်ပြောတိုင်းယုံရမလား၊ သင်္ကြန်တွင်းရေစိုမှာ
ကြောက်ရင် လမ်းပေါ်မထွက်နဲ့ပေါ့ အထူးသဖြင့် ရေပက်မဏ္ဍပ်
ရှေ့ကဖြတ်မလျှောက်နဲ့”

မိနှင်းစကားကြောင့် အားလုံးသဘောတူခေါင်းညိတ်
လိုက်ကြပြီး. . . .

“ပြောနေကြာတယ်ဟော့. . . မြန်မြန်လောင်းကြ”

စကားဆုံးသည်နှင့် ရေဖလားများတက်တက်စ
ပြောင်အောင် ရေလောင်းလိုက်ကြသည်။

“မိန်းမတွေအတော်စွာပါလားကွ”

လှိုင်းထိပ်ဦးနောက်သို့ ခြေနှစ်လှမ်းဆုတ်ပြီး အော်ပ
လိုက်သည်။

“သင်္ကြန်တွင်းရေလောင်းတာ ဘာဖြစ်သလဲ”

“ရိုင်းလိုက်ကြတာ. . . တောက်”

“သင်္ကြန်တွင်းရေလောင်းတာမရိုင်းဘူး”



သူတစ်ကိုယ်လုံးရွှဲနစ်သွားပြီး ဆွေ့ဆွေ့ခုန်မျှဒေါပွ
သွားသည်။

“လာ. . . သွားကြမယ်လေ”

မိရွှေနှင်းဦးဆောင်ပြီး မဏ္ဍပ်ထဲသို့ပြန်ဝင်လာကြသည်။

“သင်္ကြန်ပဲရေပက်တာ ဘာဖြစ်လဲ”

“စိတ်ပုပ်တဲ့ကိုကြီးကျယ်ကို ခုလိုဆုံးမလိုက်ရတာ
အားရစရာပဲ”

မိန်းကလေးအုပ်စု ပျော်ရွှင်ကျေနပ်စွာ တစ်ယောက်
တစ်ပေါက်ပြောသွားကြသည်။

လှိုင်းထိပ်ဦး လှည့်ထွက်သွားပြီးမှ အတော်လှမ်းလှမ်း
ရောက်တော့ မဏ္ဍပ်ရှိရာသို့လှမ်းကြည့်လိုက်သည်။

“ဟင်. . . ဟိုကောင်က ဒီရောက်နေပါလား”

ညီဖြစ်သူ လှိုင်းသာဦးကို မဏ္ဍပ်ပေါ်တွင်မြင်တွေ့
လိုက်ရသောကြောင့် အံ့ဩသွားပြီးဒေါသလည်းဖြစ်နေမိသည်။

“ဒီကောင် အိမ်ရောက်မှ ကောင်းကောင်းဆုံးမရမယ်”

လှိုင်းသာဦးက သူ့ကို သူ့အစ်ကိုလှမ်းကြည့်နေမှန်းမသိဘဲ
မဏ္ဍပ်ပေါ်တွင် သီချင်းဆိုလိုက်၊ ကခုန်လိုက်ဖြင့် ပျော်ရွှင်မဆုံး
တပြုံးပြုံးဖြစ်နေမိသည်မဟုတ်ပါလား. . . .

* * * * * * * * * * *

# အခန်း (၁၀)

လှိုင်းသာဦးအိမ်သို့ ပြန်ရောက်လာချိန်တွင် သူ့ကို းကြိုနေသည့် အစ်ကိုဖြစ်သူအားတွေ့လိုက်ရသည်။

"ဟော့ကောင်. . . လာစမ်းပါဦးကွ"

"ကျွန်တော့်တစ်ကိုယ်လုံး ရေတွေစိုရွှဲနေတာပဲအစ်ကို ဝတ်လဲပြီးမှလာခဲ့မယ်"

"မရဘူး၊ မင်းကိုငါအခုပြောချင်နေတာ"

"ဒါဖြင့်လဲပြောပါ အစ်ကို"

မြားနတ်မောင်စာပေ

"မိန်းမတွေနဲ့ မင်းမရှင်းမရှင်းဖြစ်နေတာ ငါမမြင်ဘူး ထင်နေသလား"

အစ်ကိုဖြစ်သူစကားကြောင့် လှိုင်းသာဦး မျက်မှောင် ကုတ်သွားပြီး. . .

"ကျွန်တော်ဘာများ မရှင်းမရှင်းလုပ်မိပါလိမ့်"

"မဏ္ဍပ်ထဲမှ မိန်းကလေးတွေနဲ့အတူ သီချင်းဆိုနေတာ ကနေခုန်နေတာ ငါမသိဘူးများထင်နေသလား ဟေ့ကောင်"

"ဒါတော့ သင်္ကြန်ပဲအစ်ကိုကြီးရယ်၊ လူငယ်တစ်ယောက် အနေနဲ့ ပျော်သင့်တာပဲမဟုတ်လား"

"မင်းဘာသာမင်း ရန်ကုန်မှာပျော်ပါလားကွ၊ ဘာဖြစ်လို့ ငါရှိနေတဲ့မော်လမြိုင်ကိုလိုက်လာပြီး ပျော်ရတာလဲ"

"ကျွန်တော်လဲ အစ်ကိုကြီးရှိနေတုန်း မော်လမြိုင်သင်္ကြန် မြင်ဖူးချင်လို့ရောက်လာတာပါ"

"အဲဒီမိန်းကလေးတွေ ဘယ်လောက်စွာတယ်ဆိုတာ မင်းသိလို့လား"

သူစိတ်ဆိုးမာန်ဆိုးပြောလိုက်သည်။



"ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ ဘာတွေစွာလို့လဲ"

"မင်း ဒီလောက်တောင်နားမလည်ဘူးလား၊ ငါက ျားနေတယ်လို့တောင်းပန်နေပါလျက်နဲ့ တောင်းပန်လို့ မရဘဲ ရေဝိုင်းလောင်းခဲ့ကြတယ်"

"ဟုတ်လား အစ်ကိုကြီး"

"မင်း မမြင်ဘူးလားကွ ဟေ့ကောင်၊ မင်းမျက်စိ တယ်ရောက်နေလို့ မမြင်တာလဲကွ"

"ကျွန်တော်က မဏ္ဍပ်ပေါ်မှာ သီချင်းဆိုနေလို့ပါ"

"မနက်ဖြန် ငါနဲ့အတူ အိမ်မှာပဲနေရမယ် မင်းကိုဒီအတိုင်း ွင့်မပြုထားနိုင်ဘူး"

"အစ်ကိုကြီးကလဲဗျာ. . . ဒီလောက်မတင်းပါနဲ့"

"သင်္ကြန်တွင်းမှာ မိန်းကလေးတွေနဲ့အတူတူ ရေမကစား ရဘူးကွ၊ အန္တရာယ်များတယ်၊ ဣတ္ထိယခေါ် မိန်းမတွေဟာ ာယာများကြတယ်၊ သူတို့ကြောင့် မင်းဒုက္ခတွေ့ရင် မကောင်း ဘူးနော်"

"သတိထားပါ့မယ် အစ်ကိုကြီး၊ ကျွန်တော့်ကိုရေချိုးဖို့ ွင့်ပြုပါဦး"

စကားဆုံးသည်နှင့် လှိုင်းသာဦး ရေချိုးခန်းရှိရာသို့ ပြေးဝင်သွားသည်။

ညီဖြစ်သူကို ဆိုဆုံးမ၍မရသောကြောင့် သူတစ်ယောက်တည်းစိတ်တိုနေမိသည်။

* * * * * * * * * * * *



# အပိုင်း (လေး)

# အခန်း (၁)

နောက်တစ်နေ့နံနက် သူအိပ်ယာမှနိုးတော့ အိပ်ခန်းပြတင်းတံခါးကိုတွန်းဖွင့်ပြီး ခြံကျယ်ကြီးထဲသို့ ကြည့်လိုက်မိသည်။

သူမျက်လုံးတွေ ပြူးကျယ်သွားသည်။

ဆိတ်ဖလူးပင်အောက်တွင် ပန်းပွင့်လေးတွေ ကောက်နေသည့်မိန်းကလေးသုံးဦးကြောင့် အံ့သြနေမိခြင်းပါ။

သူမတို့သုံးယောက်ထဲတွင် အနက်ရောင်ထမိ စပို့ရှပ်အနီရဲရဲကို ဝတ်ဆင်ထားသည့် ဆွဲရှန်းရှိသည် အလှဆုံးဖြစ်ပြီး မျက်နှာလေးက ချစ်စရာကောင်းလောက်အောင်ပြုံးနေသည်။

မြားနတ်မောင်စာပေ

သူမတို့သုံးဦးခြံထဲသို့ ကျူးကျူးကျော်ကျော်ဝင်လာတာ ဘာကြောင့်ပါလိမ့်. . .

သူရေချိုးခန်းထဲဝင်လာခဲ့ပြီး ရေချိုးလိုက်၏။

ပြီးတော့ ခေါင်းဖြီး၍ ညဝတ်အင်္ကျီကို ချွတ်ပြီးအဝတ်သစ်များကို သပ်ရပ်စွာ လဲလှယ်ဝတ်လိုက်၏။

ခြံကျယ်ကြီးထဲသို့ သူဆင်းလာခဲ့ပြီး ဆိတ်ဖလူးပန်းပင်ကြီးရှိရာသို့ ဆင်းလာခဲ့သည်။

"ဟိတ်. . . မင်းတို့ငါ့ခြံထဲကို ကျူးကျူးကျော်ကျော်ရောက်လာကြပြန်ပြီလား"

သူမတို့သုံးဦးအနီးတွင်ရပ်လိုက်ပြီး မျက်နှာထားဆိုးဆိုးဖြင့်မေးလိုက်သည်။

သို့သော် တစ်ယောက်မှသူ့ကိုကြောက်ရွံ့ပုံမရှိကြဘဲခပ်တင်းတင်းပြန်ကြည့်လိုက်သောကြောင့် သူနားမလည်နိုင်အောင် အံ့ဩသွားမိသည်။

"မေးတာဖြေစမ်းဟေ့"

"ကျွန်မတို့ကို ကိုလှိုင်းသာဦးက ခြံထဲဝင်ခွင့်ပြုခဲ့တာပါ"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ လှိုင်းသာဦးကခြံရှင်မဟုတ်ဘူး၊ ခုမှရောက်လာတဲ့ဧည့်သည်"

မြားနတ်မောင်စာပေ



"အဲဒါတော့မသိဘူးလေ၊ ကျွန်မတို့က ကိုလှိုင်းသာဦးခြံတံခါးဖွင့်ပေးလို့ ဝင်လာခဲ့တာပဲ"

"ဘာပဲဖြစ်ဖြစ် မင်းတို့ငါ့ခြံထဲကပန်းတွေမခူးကြနဲ့၊ မင်းတို့နဲ့ မပတ်သက်ချင်ဘူး"

သူ့အသံက မာကျောကျယ်လောင်နေသည်။

"ဆိတ်ဖလူးပန်းလေးတွေကလှလို့ပါရှင်၊ ပန်းကုံးလေးတွေလုပ်ပြီး ကျွန်မတို့လည်ပင်းမှာဆွဲချင်လို့ပါ" ဟု စိမ်းစိမ်းကကန့်ကလန့် အမူအရာဖြင့်ပြောလိုက်၏။

စိမ်းစိမ်းက ကျောက်စိမ်းရောင်ဝမ်းဆက်လေးဖြင့် ဆံပင်တိုတိုလေးကို ရွှေရောင်ဘီးကုတ်ဖြင့် နောက်လှန်၍ ဖြီးထားသည်။

နားဆွဲလေးလှုပ်လှုပ်နှင့်ဆိုတော့ နုပျိုလှပနေတာအမှန်ပါ။

သူက စိမ်းစိမ်းကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"ရှုပ်ရှုပ်ယှက်ယှက်တွေလာပြောမနေကြနဲ့၊ ငါ့ခြံထဲကပန်းတွေကို ခူးတာမကြိုက်ဘူး၊ ကြွေနေတဲ့ပန်းတွေကို ကောက်တာလဲ မကြိုက်ဘူး၊ ခုထွက်သွားကြ"

စိမ်းစိမ်းက မချိုမချဉ်ပြုံးနေသော်လည်း သိန်းသိန်းကမခံမရပ်နိုင်ဖြစ်ပြီး. . .

မြားနတ်မောင်စာပေ

"ဒီမှာ အစ်ကိုကြီး၊ အဲဒီပန်းတွေကို ကျွန်မတို့ပန်တော့ ဘာဖြစ်သလဲ၊ မိန်းကလေးတွေလှမှာကိုများ ဒီလောက်တောင် မကြည့်နိုင်မရှုနိုင်ဖြစ်နေသလားရှင့်" ဟု ရန်တွေ့လိုက်၏။

ဒီမှာ ဣတ္ထိယတို့၊ မင်းတို့ဘာသာဘယ်လောက်ပဲ လှနေပါစေ အားလုံးအပုပ်ကောင်ရုပ်ဆောင်ထားကြတာချည်းပဲ . . . ဟား . . ဟား . . ဟား မျက်နှာလေးတွေမှုန်နေအောင် ချယ်သထားပြီး မာယာလာလုပ်မနေနဲ့"

သူကခါးပေါ်လက်နှစ်ဖက်ထောက်ပြီး အော်ဟစ်ကြိမ်းမောင်းလိုက်သောကြောင့် သူမတို့သုံးယောက်မျက်လုံးတွေပြူးပြီးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ရှင်သာအပုပ်ကောင် စိတ်ပုပ်တဲ့လူဆိုတော့ ရှင်က စောစောအပုပ်ကောင်ဖြစ်မှာ"

"မိန်းမတွေ လူဝါးဝလို့ ဟွန်း"

သူကတုတ်ကောက်ကိုမြှောက်ပြီး ရွယ်လိုက်သောကြောင့် သူမတို့အားလုံးဇက်ကလေးတွေပုသွားကြသည်။

ထိုစဉ် သူတို့အနီးသို့ လှိုင်းသာဦးရောက်လာသည်။

"ဘာဖြစ်နေကြတာလဲ အစ်ကိုကြီး"

သူက လှိုင်းသာဦးအမေးကိုမဖြေဘဲ ခေါင်းကိုတုတ်ကောက်ဖြင့်လှမ်းခေါက်လိုက်သည်။



"ဒေါက်"

"အို . . . ဘယ်လိုလုပ်လိုက်တာလဲ အစ်ကိုကြီးရဲ့"

လှိုင်းသာဦးစကားကြောင့် သူမျက်မှောင်ကုတ်သွားပြီး . . .

"ဟေ့ကောင် . . လှိုင်းသာဦး၊ ငါမိန်းမတွေကို ဘယ်လောက်မုန်းတယ်ဆိုတာ မင်းမသိဘူးလား"

"သိပါတယ် အစ်ကိုကြီး"

"သိရင်ဘာကြောင့် မိန်းမတွေနဲ့ပတ်သက်နေရတာလဲ၊ သူတို့ကို ခုချက်ချင်းငါ့ခြံထဲက ခေါ်ထုတ်သွားစမ်း"

"သူတို့နဲ့ကျွန်တော် ရိုးဂိုး ဘုရားပွဲသွားကြမလို့ပါ အစ်ကိုကြီး"

"မင်းကိုဘယ်သူကခွင့်ပြုလို့လဲကွ"

"သကြၤန်တွင်းပဲအစ်ကိုကြီးရာ အဲဒီဘုရားပွဲက သကြၤန်ရက်တွေမှာမှ ကျင်းပတာတဲ့၊ အဲဒါကျွန်တော့် ဂျစ်ကားနဲ့သွားလည်ကြမလို့"

လှိုင်းသာဦးက ရန်ကုန်မှမော်လမြိုင်သို့ သူ့ဂျစ်ကားဖြင့် ရောက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ရိုးဂိုးသို့ သူ့ဂျစ်ကားဖြင့်အလည်သွားရန် ပြောနေခြင်းပါ။

လှိုင်းထိပ်ဦး ညီဖြစ်သူအား ပြော၍မနိုင်သောကြော
အားလုံးကိုသုန်မှုန်စွာရပ်ကြည့်နေမိသည်။

"ကဲ. . လာကြ. . လာကြ သွားကြစို့
ကျွန်တော့်အစ်ကိုက တစ်ခါတစ်ခါဒီလိုပဲစိတ်ဆိုးတတ်တယ
ကျွန်တော်တို့အားလုံး ပျော်ပျော်ရွှင်ရွှင်
ရိုးဂိုးဘုရားပွဲသွားကြမယ်၊ ဂျစ်ကားပေါ် တက်ကြပါ"

မိန်းကလေးများက သူမတို့သိထားသည့် ပန်းကုံးလေး
များကိုလည်ပင်းတွင်ဆွဲလိုက်ကြပြီးနောက် လှိုင်းသာဦးနောက်သို့
ခပ်သွက်သွက်လိုက်သွားကြ၏။

ပြီးတော့ ဂျစ်ကားပေါ်သို့တက်လိုက်ကြသည်။

"ဒါပီနေဉ်. . . မဏ္ဍပ်ဝင်ပြီး ကျွန်မတို့သူငယ်ချင်းတွေ
ခေါ်ရဦးမယ်"

"ကောင်းပါပြီဗျာ. . ကောင်းပါပြီ၊ မဏ္ဍပ်ရှေ့ရောက်ရင်
ကျွန်တော်ကားရပ်ပေးပါ့မယ်ဗျို့"

ခြံထဲမှ ဂျစ်ကားလေးထွက်သွားတာကို သူလှမ်းကြည့်
နေပြီး သက်ပြင်းရှိုက်လိုက်သည်။

သည်ကောင်တော့ ငါ့စကားကိုနည်းနည်းမှ နားမထောင်ဘူး
ကျတ္တိယတွေကြောင့် ဒုက္ခလှလှကြီး တွေ့လိမ့်မယ်. . .



သင်္ကြန်တွင်း မိန်းကလေးတွေနဲ့လျှောက်လည်တယ်
ဆိုတာ တကယ်အန္တရာယ်ကြီးတဲ့ကိစ္စပဲ. . .

ခြံထဲတွင် သူခေါက်တုံ့ခေါက်ပြန်လျှောက်နေမိသည်။

ပြီးတော့ ခြံစောင့်ကြီး ဦးဖိုးသီးနှင့်မောင်အောင်ကို
လှမ်းခေါ်လိုက်သည်။

"မောင်အောင်. . ဦးဖိုးသီး"

"ခင်ဗျာ. . . လာပါပြီ၊ ဆရာဘာပြောမလို့လဲ"

မြက်ပင်များညှပ်နေသည့် မောင်အောင်က သူ့အနား
ပြေးအလွှားရောက်လာသည်။

"ဦးဖိုးသီးကိုလည်း ခေါ်လိုက်ပါ"

"ငါရောက်လာပြီ လူကလေး၊ ဘာပြောမလို့လဲ"

"ခင်ဗျားတို့နှစ်ယောက် ဟောဒီဆိတ်ဖလူးပန်းပင်ကြီးကို
မြန်ဆုံးခုတ်ထွင်ရှင်းလင်းလိုက်ကြပါ"

"ခုတ်ထွင်ရှင်းလင်းရမယ် ဟုတ်လား၊ နှမြောစရာကြီးပါ
ရာရယ်"

မောင်အောင်က နှမြောသည့်စိတ်ဖြင့်ပြောလိုက်သည်။

"ဒီပန်းပင်ရှိနေသမျှ ကျတ္တိယတွေရောက်လာဦးမှာပဲ၊
တော့ ဒီအပင်ကြီးကို ခုတ်ပစ်လိုက်တာအကောင်းဆုံးပဲ"

သူ့စကားကို မလွန်ဆန်နိုင်သောကြောင့် ဆိတ်ဖလူးပင်ကြီးကို မောင်အောင်နှင့်ဦးဖိုးသီးတို့နှစ်ယောက် ခုတ်ထွင်ရှင်းလင်းလိုက်ရတော့၏။

"အင်း . . နှမြောစရာပါပဲကွာ၊ ဆိတ်ဖလူး ပန်းရနံ့ကရင်ကိုအေးမြစေတယ်၊ နှစ်ပေါင်းများစွာ စိုက်ထားခဲ့ပြီးမှ ခုတ်ပစ်လိုက်ရတာဆိုတော့ အဘရင်ထဲမှာမကောင်းဘူး"

ဦးဖိုးသီး ဆိတ်ဖလူးပင်ကြီးကိုခုတ်ရင်း ပြောနေခြင်းပါ။

မောင်အောင်ကလည်း နှမြောဝမ်းနည်းနေမိသည်။

"ကျွန်တော်လဲဘယ်ခုတ်ချင်ပါ့မလဲ အဘရယ်၊ ဒါပေမယ့် ဆရာကသိတဲ့အတိုင်းပဲ၊ မိန်းမမုန်းဝေဒနာစွဲကပ်နေတာလေ"

ဦးဖိုးသီးခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။

"မိန်းမတစ်ယောက်အတွက်နဲ့ မိန်းမတွေကိုဒီလောက်အထိ မမုန်းသင့်ပါဘူးကွာ၊ တကယ်တော့ မင်းဆရာက စိတ္တဇဖြစ်နေတာပါ၊ လက်ညှိုးမကောင်းလက်ညှိုး၊ လက်မမကောင်းလက်မ ခွဲခြားပြီးနားလည်သင့်တာပေါ့၊ အားလုံးကို သိမ်းကြုံးပြီးမုန်းတယ်ဆိုတော့ အမုန်းတရားက ကြီးမားလှပါတယ်"





"ဆရာက အရင်ဒီလိုမဟုတ်ပါဘူး၊ ခင်စိန်ရီဆိုတဲ့ အမျိုးသမီး သူ့ဆီကငွေတွေလိမ်သွားပြီးမှ အလိမ်ခံရတဲ့အတွက် ရှက်လဲအတော်ရှက်သွားပုံရတယ်၊ ရန်ကုန်မြေမှာမနေတော့ဘဲ ထွက်လာတာသာကြည့်ပါတော့အဘရယ်"

"ငါနားလည်ပါတယ်ကွာ. . ဒါပေမယ့် သူ့ရဲ့အပြုအမူတွေကြောင့် တစ်ဖက်ခြံကမိန်းကလေးကိုတော့ အားနာတယ်ကွာ၊ တကယ်တော့ သူကလေးက ငါတို့ခြံနဲ့အတော်င်းရင်းနှီးနှီးခင်မင်နေကြတဲ့မြေးအဘွားပဲ၊ သူ့မှာမိဘတွေရှိကြတော့ဘူး၊ သူ့အဘွားက ကျွေးမွေးစောင့်ရှောက်လာရတာခြံထဲမှာလဲ ပန်းလာကောက်နေကျလေ၊ ဆိတ်ဖလူးပန်းပ်ကြိုက်တဲ့မိန်းကလေးပေါ့၊ ခုတ်ထားတဲ့အကိုင်းတွေကိုခြံထဲမှာ ငါသွားစိုက်ပေးလိုက်ဦးမယ်"

"အဲဒီအစီအစဉ်ကောင်းပါတယ် အဘ"

ဦးဖိုးသီးက ခုတ်ထားသည့် ဆိတ်ဖလူးကိုင်းများကိုယူပြီးစ်ဖက်ခြံသို့ခြေလှမ်းကျဲဖြင့် ထွက်သွားဟန်ပြင်လိုက်ပြီးမှင်းဦးထိပ်မြင်မည်စိုး၍ အရိပ်အခြေပြန်ကြည့်လိုက်သည်။

"ဆရာ အိမ်ထဲဝင်သွားပါပြီ အဘ၊ အဘသွားလို့ရပါတယ်"

မောင်အောင်ပြောလိုက်မှပင် ဦးဖိုးသီးစိတ်ချလက်ချထွက်လာခဲ့တော့၏။

* * * * * * * * * * * *

## အခန်း (၂)

သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့မှ ကားဖြင့်ရှိုးဂိုးသင်္ကြန်သို့လာခဲ့ကြခြင်းဖြစ်သည်။

မော်လမြိုင်သင်္ကြန်က နှစ်ဆန်းတစ်ရက်နေ့အထိစည်ကားလှသည်။

နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့တိုင်း ရှိုးဂိုးဘုရားပွဲကို ကျင်းပခဲ့ကြသည်။

ရှိုးဂိုးသို့သွားရာလမ်းတစ်လျှောက်တွင် ရေပက်မဏ္ဍပ်တွေစည်ကားလှ၏။

အားလုံးတပျော်တပါးရေကစားနေကြပုံက တစ်နှစ်တာပတ်လုံး စိတ်ပင်ပန်းခဲ့ရသမျှအားလုံးကို သင်္ကြန်ရေနှင့်အတူ မျောပါစီးဆင်းသွားသလိုပင်။

ပျော်ရွှင်ကြည်နူးဖွယ်သင်္ကြန်ရယ်ပါ။

သင်္ကြန်ရနံ့များက နေရာအနှံ့သင်းပျံ့နေလေသည်။

ရိုးဂိုးသို့ရောက်တော့ လှိုင်းသာဦးက သူ၏ဂျစ်ကားကို ရပ်လိုက်သည်။

× × × ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့လွင် × × ×
ဟောတစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံလို့ပင် × × × × ×
ငွေငန်းမာလာ ပန်းဥယျာဉ် ရှုမငြီးအောင်ပင် × × ×

အနယ်နယ်အရပ်ရပ်မှရောက်နေသည့် ကာလသားများက သူတို့ဂျစ်ကားအနီးကပ်လာပြီး နောက်လိုက်ကြသည်။

ရိုးဂိုးစေတီအနီးတစ်ဝိုက်တွင် ကပွဲစင်များ၊ စတိတ်ရှိုးစင်များဖြင့် စည်ကားနေ၏။

သူတို့အုပ်စုဘုရားဖူးပြီး ဟိုဟိုသည်သည်လျှောက်ကြည့်နေမိကြသည်။

"ဟော့. . . ညီမလေး၊ နာမည်ပြောပါဦး"

"ပန်းရောင်လေးလဲလှပါတယ်"

"အဖြူရောင်လေးက ပိုလှတယ်"



"ဝမ်းဆက်လေးကယဉ်တယ်ဗျို့"

သူမတို့ကိုယ်ပေါ်မှ မျက်နှာသုတ်ပုဝါများကို ခပ်ဖြည်းဖြည်းလှမ်းဆွဲလိုက်ကြ၏။

ဒါကသူတို့ဓလေ့တစ်ခုပါ၊ သည်လိုပင်ပုဝါဆွဲ၍ ကျီစားတတ်ကြသည်မဟုတ်ပါလား. . .

ဆွေရှန်းရီ စိတ်မဆိုးဘဲ လက်နှစ်ဖက်ကာ၍ တောင်းပန်သလို တုန့်ပြန်လိုက်သည်။

လှိုင်းသာဦးက သူမကိုငေးကြည့်နေရာမှ သူ့ရင်ထဲအတော့်ကိုလှုပ်ရှားနေမိသည်။

သူမအပြုံးက ထာဝရကြည်လင်လန်းဆန်းနေသည်မဟုတ်ပါလား. . .

ပြီးတော့ကြည့်လေချောလေ။

"မဆွေရှန်းရီ. . ဒီဘက်ကသွားပါ၊ လူနည်းနည်းချောင်တယ်"

ဆွေရှန်းရီနောက်တွင် ကာ၍ရပ်လိုက်ပြီး ကြင်နာစွာပြောလိုက်၏။

"ဟော့ကောင်. . . မင်းနဲ့ဘာဆိုင်လို့လဲ"

အရက်မူးဟန်ပေါက်နေသည့် လူတစ်ယောက်က သူ့ကိုရန်မူလိုက်သည်။

“ခင်ဗျားကို ကျုပ်ဘာပြောလို့လဲ၊ ကျုပ်အစ်မကိုကျုပ်ပြော တာပဲ ဘာဖြစ်လဲဗျ”

“မင်းက မိန်းကလေးတွေကြားမှာ ကန့်လန့်ကန့်လန့်နဲ့ အလကားတားဆီးနေတယ်. . . ဖယ်စမ်းကွာ. . သွား”

ထိုလူက အရက်ရှိန်ကြောင့် အသိတရားနည်းပါးစွာ သူ့ကို တွန်းပစ်လိုက်သည်။

“ရန်မဖြစ်ကြပါနဲ့၊ သည်းခံလိုက်ပါ” ဟု အားလုံး ဝိုင်းတောင်းပန်ကြသည်။

“ကဲ. . . လာကြ လာကြ ပြန်ကြရအောင်၊ ကားရပ် ထားတဲ့ဆီသွားကြမယ်”

အားလုံးကို မိနှင်းကဦးဆောင်ပြီး ကားရှိရာသို့ ပြန်လာခဲ့ကြ၏။

လှိုင်းသာဦးက ထိုအမူးအားမကျေနပ်သော်လည်း ထိုအမူး အားဘာမှပြန်မလုပ်ခဲ့ပေ။

သင်္ကြန်တွင်းရန်ဖြစ်တတ်ကြသည့် သဘောကို နားလည် နေသောကြောင့် တမင်ရန်ရှောင်ခဲ့ခြင်းဖြစ်သည်။



သို့သော် ထိုလူက ၎င်း၏အဖော်နှစ်ယောက်နှင့်အတူ လှိုင်းသာဦးနောက်မှ လိုက်လာခဲ့လေသည်။

လှိုင်းသာဦးတို့ အားလုံးဂျစ်ကားပေါ်တက်ပြီး မောင်းထွက် သွားတာမြင်တော့ ထိုလူကလည်း သူ၏ဟိုင်းလတ်စ်ကားပေါ် တက်ပြီး သူ့အဖော်နှစ်ယောက်နှင့်အတူ လှိုင်းသာဦးတို့နောက်မှ လိုက်လာခဲ့လေသည်။

ရိုးဂိုးရွာအပြင်ဘက်ရောက်တော့ ထိုလူ့ကားက သူတို့ ကားကိုကျော်တက်လိုက်၏။

ပြီးတော့ သူတို့ကားရှေ့မှပိတ်ပြီးမောင်းနေသည်။

လှိုင်းသာဦးက ကားအရှိန်လျှော့ပြီး ဖြည်းဖြည်းမောင်း၍ နောက်ချန်ရစ်ရန်နေခဲ့သော်လည်းမရပေ။

သူတို့ တဖြည်းဖြည်းလိုက်မောင်းပြီး ရန်စတတ်သလို လှိုင်းသာဦး၏ကားမြန်မြန်မောင်းပါက မောင်းမရအောင် ရှေ့မှပိတ်ပြီးမောင်းနေသည်။

ကြာတော့လှိုင်းသာဦး စိတ်မရှည်တော့ဘဲ သူ့ကားကို ကျော်တက်လိုက်သည်။

ကျော်တက်လိုက်သည့် လှိုင်းသာဦး၏ကားကို ထိုကားက ဝုန်းခနဲတိုက်ချလိုက်တော့၏။

အားလုံးအော်ဟစ်လိုက်ကြပြီး သူမတို့ကားလေး လမ်းဘေးသို့ထိုးကျသွားလေသည်။

* * * * * * * * * * *

မြားနတ်မောင်စာသ

## အခန်း (၃)

ကံအားလျော်စွာ မိန်းကလေးများအားလုံး ဘာတစ်ခုမှ ကြီးကြီးကျယ်ကျယ် မဖြစ်ကြသော်လည်း ကံဆိုးသည့်ဒရိုင်ဘာ လှိုင်းသာဦးခမျာတော့ ခေါင်းမှာဆောင့်မိပြီး ဒဏ်ရာရရှိသွားသည်။

မော်လမြိုင်ဆေးရုံကြီးသို့ ချက်ချင်းဆိုသလိုတင်လိုက်ရသည်။

"သူ့အစ်ကိုကို အကြောင်းကြားမှဖြစ်မယ်"

ဆွေရှန်းရီစဉ်းစဉ်းစားစားပြောလိုက်မိ၏။

မြားနတ်မောင်စာသ

သူ့အစ်ကိုကို မပြော၍လည်းမဖြစ်၊ သူ့အခြေအနေက ခေါင်းမှဒဏ်ရာအပြင် ခြေသလုံးတွင်ရရှိထားသောဒဏ်ရာမှ သွေးထွက်လွန်နေသောကြောင့် အကြောင်းကြားမှ ဖြစ်မည် မဟုတ်ပါလား. . . .

"လူနာအနားမှာ ငါနေခဲ့မှဖြစ်မယ်၊ နင်တို့ထဲက နှစ်ယောက် သူ့အစ်ကိုကို အကျိုးအကြောင်းသွားပြော ပေးကြပါလား"

"သူ့အစ်ကိုကိုသွားပြောရမှာကြောက်စရာကြီး၊ ငါတို့ ကြောင့် သူညီဆေးရုံရောက်တာဆိုပြီး အားလုံးကို တုတ်ကောက် နဲ့ရိုက်ထုတ်မှာသေချာတယ်" ဟု စိမ်းစိမ်းက ပခုံးနှစ်ဖက် တွန့်ပြီးပြောလိုက်၏။

"ဟုတ်တယ်. . . ဆွေရှန်းရီ၊ နင်ကသူတို့နဲ့ အိမ်နီးချင်း ဆိုတော့ နင်သွားပြောတာပိုမကောင်းဘူးလား"

ထိုစဉ် ဆရာဝန်တစ်ယောက် သူတို့အနီးသို့ရောက်လာပြီး လူနာအခြေအနေကိုပြောပြလိုက်သည်။

"လူနာအခြေအနေက သွေးထွက်လွန်နေတယ်၊ သွေးသွင်းဖို့လိုအပ်နေတယ်၊ လောလောဆယ် ဆေးရုံမှာသူ့သွေး အမျိုးအစားကုန်နေတယ်၊ အစ်မတို့ထဲမှာ သွေးလှူမယ့်လူ ရှိသလား"

"ကျွန်မလှူမယ်" ဟု ဆွေရှန်းရီပြောလိုက်သည်။





သူမနည်းတူပင် အားလုံးကလည်း သွေးလှူမည်ဟု ပြောကြသည်။

သို့သော် သူနှင့်သွေးအမျိုးအစားတစ်ယောက်မှမတူဘဲ "အို" သွေးအမျိုးအစားဖြစ်သည့် ဆွေရှန်းရီထံမှသာ သွေး တစ်ပုလင်းကိုထုတ်ယူရန် သဘောတူလိုက်ကြသည်။

"မဆွေရှန်းရီရဲ့သွေးက အို အမျိုးအစားဆိုတော့ လူနာ အတွက် အသက်ဆက်ပေးဖို့အသုံးဝင်ပါတယ် မဆွေရှန်းရီ"

ဆွေရှန်းရီ၏သွေးကိုထုတ်ရမည်ဖြစ်သောကြောင့် လှိုင်းသာဦး၏အစ်ကိုဖြစ်သူထံ သူမ မသွားနိုင်တော့ပေ။

သူ့အစ်ကိုအားသွားပြောရန် သိန်းသိန်းနှင့်စိမ်းစိမ်းတို့ပင် သဘောတူလိုက်ကြသည်။

သူမတို့နှစ်ယောက် မျက်ခုံးခပ်လှုပ်လှုပ်နှင့်ပင် ထိုလူ့ထံသို့ ထွက်လာခဲ့ကြရသည်။

"ငါတော့ မျက်ခုံးတွေလှုပ်နေတယ်" ဟု စိမ်းစိမ်းက ပြောလိုက်သည်။

"ငါလဲမျက်ခုံးခပ်လှုပ်လှုပ်ပဲ" ဟု သိန်းသိန်းက ပြောလိုက်၏။

"မနက်က ငါတို့ ရှိုက်သကြန်သွားမယ်ဆိုတော့ သူ့အစ်ကိုက

တားခဲ့သေးတယ်၊ ဒါပေမယ့် ကိုလှိုင်းသာဦးက စိတ်ဓါတ်သိပ်တက်ကြွနေတာ၊ မော်လမြိုင်သကြၤန်မှာ လာပျော်တဲ့သူ့ခများ ခုလိုဖြစ်ရတာ သနားစရာပဲကွယ်"

"လူရမ်းကားတွေလဲ ယာဉ်ထိန်းရဲဖမ်းသွားပြီ၊ ဒါပေမယ့် သူ့အစ်ကိုက ကျေနပ်ပ့ါမလားမသိဘူး"

သူမတို့ရင်တထိတ်ထိတ်ဖြင့် လှိုင်းထိပ်ဦး၏ ခြံကျယ်ကြီးနှင့်အိမ်ကြီးဆီသို့ ရောက်လာခဲ့ကြပါတော့သည်။

* * * * * * * * * * * *

အခန်း (၄)

ခြံကျယ်ကြီးက တစ်ခြံလုံးတိတ်ဆိတ်ငြိမ်သက်နေ၏။

ခြံကျယ်ကြီးရှေ့တွင် အငှားတက္ကစီကိုရပ်ခိုင်းလိုက်ပြီး သူမတို့နှစ်ဦး ခြံကျယ်ကြီးထဲသို့ ဝင်လာခဲ့သည်။

နှစ်ထပ်အိမ်ကြီးရှေ့ရောက်တော့ လူခေါ်ခေါင်းလောင်းလေးကိုနှိပ်လိုက်သည်။

သူကဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်တွင် မှိန်းနေရာမှ ထလာခဲ့သည်။

အိမ်ရှေ့သို့ထွက်လာပြီး သူမတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့်. . . . .

"မင်းတို့ဘာကိစ္စရောက်လာပြန်တာလဲ" ဟု ရှုတည်တည် မျက်နှာထားဖြင့် မေးလိုက်သည်။

သူ့မျက်နှာထားဆိုးဆိုးကိုကြည့်ပြီး ရုတ်တရက် ပြောမထွက်ဝံ့ကြဘဲ ဆွံ့အနေကြသည်။

"ဒီမှာ. . . မိန်းမတွေ၊ ရှုပ်ရှုပ်ယှက်ယှက် ဘာလာ လုပ်ကြပြန်ပြီလဲ၊ ဆိတ်ဖလူးပန်းကောက်ချင်လို့လား၊ မရှိ တော့ဘူး. . ခုတ်လိုက်ပြီ"

သူ့စကားကြောင့် သူမတို့တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။

"ကျွန်မတို့ပြောစရာကိစ္စရှိလို့လာတာပါ"

"ဘာကိစ္စလဲ မြန်မြန်ပြော"

"ရှင်. . ဆေးရုံ"

"ဘာ"

သိန်းသိန်းကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထစ်ငေ့ါနေမိသည်။

"ရှင့်ညီဆေးရုံရောက်နေတယ်. . အဲ. . အဲဒါ. . ရှင်သိအောင် အကြောင်းလာကြားတာပါ"

"ဘာ. . . ဟိုကောင်ဆေးရုံပေါ်ရောက်နေတယ်. . ဟုတ်လား"

မြားနတ်မောင်စာစု



"ဟုတ်တယ်. . အစ်ကိုကြီးညီ ကားမှောက်ပြီးဆေးရုံပေါ် ရောက်နေလို့ပါ"

သူ့မျက်နှာတစ်ခုလုံး နီမြန်းသွားပြီး သူမတို့ကို ဒေါသ တကြီးရင်ဆိုင်လိုက်၏။

"ဘာ. . ကားမှောက်ပြီး ဆေးရုံရောက်နေတယ် ဟုတ်လား၊ မင်းတို့က ကားမှောက်တဲ့ထဲမပါဘူးလား"

သူ မကျေမနပ်မေးလိုက်ခြင်းပါ၊ ဒါကို သူမတို့နှစ်ဦးလုံး နားလည်ကြပါသည်။

"ကျွန်မတို့က ကံကောင်းထောက်မပြီး ဘာမှမဖြစ်ကြဘူး"

"မိန်းမတွေအတော်ကံကောင်းနေကြပါလား၊ ကားမှောက် တာတောင် သန်သန်မာမာနဲ့ အခုလိုလာပြောနိုင်ကြတယ်. . တောက်"

"အစ်ကိုကြီးကလဲ အပြစ်တွေစွတ်တင်နေတော့တာပဲ၊ တကယ်တော့ ကျွန်မတို့လဲ ဖူးတဲ့လူဖူး၊ ရှောင်တဲ့လူရှောင်၊ အလူးထွက်တဲ့လူထွက်၊ တစ်ယောက်မှဒဏ်ရာ လွတ်ကင်းတဲ့လူ မရှိပါဘူးရှင်၊ ကိုလှိုင်းသာဦးကတော့ ကံအဆိုးဆုံးလို့ဆိုရမယ်"

"သနားစရာအလွန်ကောင်းတယ်"

"မင်းတို့ကဲကြလို့ကားမှောက်တာပေါ့၊ သကြၤန်တွင်း သွားကြဖို့ ဒီလောက်တားနေပါလျက်နဲ့ ထွက်သွားကြတယ်"

မြားနတ်မောင်စာစု

“ပြီးခဲ့တာတွေပြန်ပြောနေလဲ အကျိုးမရှိပါဘူး၊ ရှင့်ညီကို
သွားကြည့်ဖို့လာပြောတာပါ”

“မကြည့်ဘူးကွ နားလည်လား၊ မင်းတို့မိန်းမတွေကြောင့်
အခုလိုဖြစ်ရတာ၊ မင်းတို့ဘာသာပြုစုကြပေါ့”

သူ့စကားကြောင့် စိတ်မကောင်းဖြစ်သွားမိကြသည်။

“မိန်းမသားတွေဟာ မိခင်စိတ်ရှိကြတဲ့သူတွေချည်းပါပဲ
ရှင့်ဥပက္ခာပြုနိုင်ပေမယ့် ကျွန်မတို့က ဥပက္ခာမပြုနိုင်ပါဘူး”

စိမ်းစိမ်းစိတ်မချမ်းမြေ့စွာပြောလိုက်မိ၏။

“မင်းအတော်လျှာရှည်ပါလား၊ ခုထွက်သွားစမ်း”

“ကျွန်မတို့က ဝတ္တရားရှိလို့လာပြောတာပါ၊ ရှ
နားမထောင်ချင်ဘူးဆိုရင်လဲ ရှင့်သဘောပဲ”

သူမတို့စကားဆုံးသည်နှင့် လှည့်ထွက်ခဲ့ကြသည်။

“ဟော့. . . မိန်းကလေးတွေ ခဏနေဦး”

“ရှင်ဘာပြောချင်လို့လဲ”

“ငါ့ညီကို ဘယ်ဆေးရုံမှာတင်ထားသလဲ”

“မော်လမြိုင်ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုဆောင်မှာပါ

“အိုကေ”

သူမတို့နှစ်ဦး ဆေးရုံသို့ပြန်လာခဲ့ကြ၏။



ဆွေရှန်းရိက သူမတို့အား ဘယ်လိုလဲဟုသည့်
မျက်ဝန်းမျိုးဖြင့် လှမ်းကြည့်လိုက်သည်။

သူမသွေးထုတ်ပြီးကာစမို့ ခုတင်ပေါ်လှဲပြီး
နားနေသည်။

“သူ့အစ်ကိုဘာပြောသလဲ”

သူမအနီးသို့ စိမ်းစိမ်းတို့နှစ်ဦးရောက်လာသည်နှင့်
မေးလိုက်ခြင်းပါ။

“သူ့အစ်ကိုက ထုံးစံအတိုင်းစိတ်ဆိုးမာန်ဆိုး ဖြစ်နေတာ
ပေါ့လေ၊ မိန်းမတွေကြောင့် သူ့ညီခုလိုဖြစ်ရတယ်ဆိုပြီး ငါတို့
အပေါ်အပြစ်ဖို့တာပေါ့၊ ပြီးတော့ ပြောသေးတယ် လာမကြည့်
နိုင်ဘူးတဲ့”

သိန်းသိန်းက အကျိုးအကြောင်းရှင်းပြလိုက်၏။

“ဒီလူကလဲ အာဃာတတရားကြီးမားလိုက်တာလွန်ပါရော၊
တကယ်ဆိုမတော်တဆဖြစ်တာပဲကွယ်၊ အပြစ်ပြောလို့
မရနိုင်ပါဘူး”

“ဒါကကိုယ်တို့အမြင်လေ၊ သူကအဲဒီလိုခွင့်လွှတ်တဲ့
စိတ်မျိုးမှမမွေးနိုင်တာ၊ ဖြစ်နိုင်ရင် တို့ကိုတောင်အမုန်းကြိတ်ချင်တဲ့
မျက်နှာမျိုးဖြစ်နေတယ် သိလား၊ ဒေါသတကြီးနဲ့မျက်နှာထား
အရမ်းဆိုးတာပဲ”

"ဟုတ်ပါရဲ့. . . သဘောခပ်ဆိုးဆိုးပဲ"

"သူ့ညီအတွက် မစိုးရိမ်ဘူးလား" ဟု ဆွေရှန်းရီက မေးလိုက်၏။

"စိုးရိမ်သင့်သလောက်တော့ စိုးရိမ်မှာပေါ့၊ ဒါပေမယ့် ငြူငြူစူစူဖြစ်နေတဲ့ ပုံစံကပိုသိသာတယ်၊ သူ့ကြည့်ရတာ စိတ်ပျက်စရာကြီးပါအေ"

လူနာက သူမတို့နှင့်ခပ်လှမ်းလှမ်းခုတင်တစ်လုံးပေါ်တွင် သတိလစ်နေဆဲပါ။

သူ့ခုတင်ခေါင်းရင်းတိုင်ပေါ်တွင် သွေးသွင်းနေသည့် ပုလင်းနှင့်ပိုက်ကိုမြင်တွေ့ကြရသည်။

ဆွေရှန်းရီ၏ ကိုယ်ထဲမှထုတ်ထားသည့် သွေးများရယ်ပါ။

"သူ့ကိုတို့ကသာ လာစေချင်ပေမယ့် သူကမလာဘူး ဆိုတော့လဲ မတတ်နိုင်ဘူးလေ" ဟု ဆွေရှန်းရီညည်းလိုက်မိ၏။

မိမ်းစိမ်းက . . .

"တို့ကဝတ္တရားရှိလို့ သွားပြောပြီးပြီပဲ၊ လာတာမလာတာ သူ့ကဏ္ဍပဲမဟုတ်လား၊ ဒီလောက်တောင် ရင်ထဲမထား စမ်းပါနဲ့ဟာ" ဟု ပြောလိုက်သည်။

"ငါက ကိုလှိုင်းသာဦးအတွက် စိတ်မကောင်းလို့ပါ"





ထိုစဉ် လှိုင်းသာဦး၏ခုတင်အနီးသို့ လူတစ်ယောက် လျှောက်လာသည်။

သူကဘောင်းဘီရှည်အပြာရောင် ရှပ်လက်ရှည် ရောင်တို့ကိုတွဲဝတ်ထားသည်။ ဟပ်(ဖ်)ရှူးအနက်ရောင်ကို ထားသည်။

ထိုသူက လှိုင်းထိပ်ဦးပင်ဖြစ်သည်။

သူက သူမတို့ကို လုံးဝမကြည့်ဘဲ ဆရာဝန်ထံသို့ န်ပါပါလျှောက်သွားသည်။

"ကျွန်တော့်ညီရဲ့အခြေအနေဘယ်လိုလဲဒေါက်တာ ါနဲ့ခင်ဗျားတို့ဆေးရုံက အရေးပေါ်ခန်းကလဲ လူများ ချည်လား" ဟု အပြစ်တင်လိုက်သည်။

မိန်းကလေးများရှိနေသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်ဟန် တမင်ပြောလိုက်ခြင်းရယ်ပါ။

ဆရာဝန်က သူ့ကိုကြည့်ပြီး ပြုံးပြနှုတ်ဆက်လိုက်သည်။

"ဪ. . . ခင်ဗျားက လူနာရဲ့အစ်ကိုလား၊ လူနာကို အရေးပေါ်သွေးသွင်းထားပါတယ်၊ သွေးလှူရှင်ဆီကသွေးကို ုက်ချင်းထုတ်ပြီးသွင်းရတာဆိုတော့ အခန်းထဲမှာ လူများ နေတာပါ"

"သွေးသွင်းထားရတယ်ဟုတ်လား"

"ဟုတ်တယ်. . ခြေသလုံးမှာရသွားတဲ့ ဒဏ်ရာက သွေးထွက်လွန်နေလို့ သွေးအများကြီးသွင်းရလိမ့်မယ်၊ သွေးနောက်ထပ်တစ်ပုလင်းလိုသေးတယ်၊ အခုသွေးလှူတဲ့ အစ်မက ဒီထက်သွေးပိုပြီး လှူနိုင်တဲ့အင်အားမရှိဘူး၊ ဒါကြောင့် သွေးရှာနေရတာ"

ဆရာဝန်ကရှင်းပြလိုက်သည်။

"နောက်သွေးတစ်ပုလင်းကို ကျုပ်ကိုယ်ထဲကယူပါ၊ ကျုပ်ကအိုသွေးပါ"

သူရင်ကော့၍ ရဲရဲကြီးပြောလိုက်သည်။

"အခုလှူထားတဲ့သွေးလှူရှင်လဲ အိုသွေးပဲဗျ၊ အိုသွေး ပိုင်ရှင်နှစ်ယောက်က လူနာကိုအသက်ဆက် ပေးလိုက်တာပဲ" ဟု ဝမ်းသာအားရပြောလိုက်သည်။

သူကခုတင်ပေါ်လှဲနေသည့် ဆွေရှန်းရီကိုလှမ်းကြည့်ပြီး သွေးလှူတာဒီမိန်းမပါလား. . ဟု သဘောပေါက်နားလည်သွားသည်။

ခုတင်ပေါ်လှဲနေရာမှ ဆွေရှန်းရီထလိုက်၏။

သူ့ကိုနေရာဖယ်ပေးလိုက်ခြင်းပါ။

နာ့စ်မလေးက ဆွေရှန်းရီထသွားသည့် ခုတင်ပေါ်တွင် လှဲအိပ်ရန် သူ့ကိုပြောလိုက်သည်။





သူက ထိုခုတင်ပေါ်မှာပင် လှဲအိပ်လိုက်၏။

သူ့လက်မောင်းတစ်ဖက်တွင် သွေးထုတ်ပိုက်ကို တပ်လိုက်ပြီး နာ့စ်မလေးက သွေးများထုတ်ယူလိုက်၏။

သူ့ကိုသွေးထုတ်ယူနေစဉ် သူမတို့အားလုံးအခန်းပြင်သို့ ထွက်လာခဲ့ကြပြီး ဝရံတာတွင်ရပ်နေလိုက်ကြသည်။

သူ့ကိုသွေးထုတ်ပြီးသောအခါ လှိုင်းသာဦး၏ ခန္ဓာကိုယ်ထဲသို့ သွေးများသွင်းရန် နာ့စ်မများပြင်ဆင်နေကြ၏။

"ပြန်ကြတော့မလား. . မဆွေရှန်းရီ" ဟု မိနှင်းက မေးလိုက်၏။

ဆွေရှန်းရီခေါင်းခါယမ်းလိုက်သည်။

"ပြန်လို့ဘယ်ဖြစ်မလဲ မိနှင်းရဲ့၊ လူနာအခြေအနေ စောင့်ကြည့်ပြီး စိတ်ချရမှပဲပြန်လို့ဖြစ်မှာပေါ့"

သူတို့အားလုံး အရေးပေါ်ခန်းထဲပြန်ဝင်လာခဲ့ကြပြီး လူနာကိုကြည့်လိုက်ကြသည်။

လူနာက သတိလစ်နေဆဲပင်။

ခဏကြာတော့ လူနာ့ကိုယ်ထဲသို့ လှိုင်းထိပ်ဦး၏ သွေးများကို တစ်စက်ချင်းသွင်းယူလိုက်သည်။

သွေးပုလင်းကိုငေးကြည့်ရင်း သူမအတွေးများမငြိမ်သက်။

စိတ်တွေပျံ့လွင့်နေမိသည်။

လှိုင်းသာဦး၏ခန္ဓာကိုယ်ထဲသို့ သူမ၏သွေးနှင့်သူ့သွေးများ ရောထွေးပြီး မျောပါစီးဆင်းသွားခဲ့ပြီမဟုတ်ပါလား. . . .

ထိုလူနှင့် သူမနည်းနည်းလေးမှ တစ်ဦးကိုတစ်ဦး ကြည့်မရကြဘဲ ဘာကြောင့်များယခုလို သွေးချင်းဆက်မိကြပါလိမ့်. . .

တစ်နေ့နေ့မှာ သံယောဇဉ်ချင်းဆက်သွယ်မိခဲ့လျှင်. . . .

အို. . . ငါဘာတွေတွေးနေမိပါလိမ့်. . . .

"ကျွန်မတို့ပြန်တော့မယ်. . ဆွေရှန်းရီ ရှင်ကော ပြန်လိုက်မှာလား"

ယိမ်းနွဲ့စကားကြောင့် သူမအတွေးမှလန့်နိုးသွားရ၏။

"ကျွန်မမပြန်သေးဘူး သူ့ကိုစောင့်ကြည့်ရဦးမယ်"

သူမပြတ်ပြတ်သားသားပြောလိုက်ခြင်းပါ။

လှိုင်းထိပ်ဦးက သူမကိုအံ့ဩသလို မျက်မှောင်ကုတ်ပြီး ကြည့်လိုက်သည်။

စိမ်းစိမ်းကသူမကို အကဲခတ်ကြည့်ပြီး. . . .

"ရှင့်ခဏဖြစ်ဖြစ် အိမ်ပြန်ဖို့ကောင်းတယ် ဆွေရှန်းရီ ရှင့်ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပြီ" ဟု ပြောလိုက်၏။



သို့သော် သူမလက်မခံပေ။

"ကျွန်မမပြန်နိုင်သေးဘူး၊ လူနာကို စောင့်ကြည့်ချင်သေးတယ်"

"နာ့စ်တွေရှိသားပဲ၊ အထူးသူနာပြုတစ်ယောက်နဲ့ အပ်ထားခဲ့ရင်စိတ်ချရပါတယ် ဆွေရှန်းရီရဲ့"

မိန္နင်းကလည်း ဆွေရှန်းရီပြန်ရန် တိုက်တွန်းလိုက်သည်။

သို့သော် သူမပြန်ရန်အတန်တန်ငြင်းဆန်ပြီး ကျန်ရစ်ခဲ့လေသည်။

မိန်းကလေးတွေအားလုံးပြန်သွားကြသောအခါ ထိုလူနှင့် သူမတို့နှစ်ဦးသာကျန်ရစ်ခဲ့ကြ၏။

* * * * * * * * * *

## အခန်း (၅)

ဆရာဝန်နှင့်နာ့စ်မများ ထွက်သွားကြသောအခါ အခန်းထဲတွင် သူနှင့်ဆွေရှန်းရီတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

“မင်းကဘာကြောင့်မပြန်တာလဲကွ”

“လူနာကိုစောင့်ကြည့်နေတာလေ၊ ရှင်မမြင်ဘူးလား”

“ငါကလူနာရဲ့အစ်ကိုပဲ၊ ငါစောင့်နေရင်လုံလောက်ပြီ၊ မင်းအခုသွားတော့”

“သွားမှာပါရှင် . . . သွားမှာပါ၊ ညနေခြောက်နာရီထိုးတာနဲ့ ကျွန်မပြန်ရမှာပဲ၊ ဒါကအမျိုးသားအဆောင်၊ အမျိုးသမီးတွေ စောင့်လို့မရဘူးဆိုတာ ရှင်နားမလည်ဘူးလား”

မြားနတ်မောင်စာပေ

"မင်းပိုပြီးနားလည်သင့်တယ်"

"ကျွန်မက ကိုလှိုင်းသာဦးအတွက် သိပ်စိုးရိမ်ပူပန်နေမိတယ်ဆိုတာ ရှင်ယုံနိုင်ပါ့မလား"

"မယုံနိုင်ဘူး စိတ်ချ"

"ဆရာဝန်ကပြောခဲ့တယ်၊ သူ့မျက်စိတွေအခန့်မသင့်ရင် ကွယ်သွားနိုင်တယ်တဲ့"

"ဘာ"

သူမစကားကြောင့် သူချောက်ချားစွာအော်လိုက်၏။

"ဟုတ်တယ်. . . ဒါကြောင့် သူ့အတွက်စိုးရိမ်ပြီး ကျွန်မခဏစောင့်ကြည့်နေတာပါ။

မင်းတို့လိုမိန်းမတွေကြောင့် သူအခုလိုဖြစ်ရတာ၊ မိန်းမတွေကသာ သကြိန်လည်ဖို့မခေါ်ခဲ့ရင် သူခုလိုဖြစ်မှာမဟုတ်ဘူး"

"ဒါတော့ ရှင်အယူသီးနေတာပါ၊ သူ့ဘာသာယောကျ်ားတွေချည်းပဲ လည်ရင်လဲဖြစ်ကောင်းဖြစ်မှာပေါ့၊ အခန့်မသင့်လို့ အခုလိုဖြစ်ရတာပဲ၊ ကျွန်မတို့ကိုပဲ အပြစ်တင်နေလို့တော့ ဘယ်ဖြစ်မလဲရှင်"

"သူ့မျက်စိတွေ ကွယ်သွားရင် ဘာယ်လိုလုပ်မလဲ"

မြားနတ်မောင်စာပေ



"အဲဒါသူနဲ့ပဲဆိုင်ပါတယ်၊ ကျွန်မတို့အနေနဲ့ကတော့ သူအကောင်းဆုံးဖြစ်ပါစေလို့ ဆုတောင်းတာကလွဲရင် ဘာမှမလုပ်နိုင်ပါဘူး"

သူမ၏ကြင်နာနူးညံ့သော အသံလေးကြောင့် သူ့ရင်ထဲမှာ လှုပ်ရှားသွားမိသည်။

အင်း. . . မိန်းမတွေထဲမှာလဲ ကြင်နာတတ်တဲ့ မိန်းမတွေ၊ အမှန်တရားကို တွေးမြင်တတ်တဲ့ မိန်းမမျိုးတွေ ရှိနေပါသေးလား. . .

ဆွေရှန်းရီဆိုတဲ့မိန်းကလေးဟာ သူ့သွေးနဲ့ ယောကျ်ားတစ်ယောက်ကို အသက်ဆက်ပေးခဲ့တဲ့သူပဲ. . . .

သူမအပေါ် အထင်ကြီးလေးစားစိတ်တွေဝင်လာမိပြီးမှ မျက်နှာကို တင်းပစ်လိုက်မိသည်။

ချက်ချင်းဆိုသလိုပင် သူ့ရင်ထဲသို့ အတွေးဆိုးများ ဝင်လာသည်။

မိန်းမဆိုတဲ့ ကြုတ္တိယတွေဟာ မာယာများတဲ့သူတွေပါပဲ. . ဟန်ဆောင်ကောင်းကြတယ်. . .

ကြုတ္တိဝက်၊ နဒီဝက်တဲ့ . . .

ရှေးစာဆိုတွေရေးခဲ့တာ အလကားမှမဟုတ်တာ။

မြားနတ်မောင်စာပေ

မိန်းမတွေဟာ မြစ်တွေလိုပဲ ကောက်ကွေ့တဲ့ သဘော ရှိကြလို့သာ သည်လိုရေးခဲ့ကြတာပေါ့. . . .

ဇွတ်တရွတ် မုန်းနိုင်ရန်ကြိုးစားနေမိသည်။

ညနေခြောက်နာရီထိုးတော့ သူမပြန်သွားသည်။

သူမပြန်သွားတော့ လှိုင်းသာဦးအနီးမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ရင်ထဲမှာဟာသွားမိသည်။

ဘာကြောင့်များပါလိမ့်. . . . .

* * * * * * * * * * * *

မြားနတ်မောင်စာစပေ

## အခန်း (၆)

နောက်တစ်နေ့နံနက်တွင် သူမသည်ခြံထဲမှ ခရာဝါပန်းများကိုခူးပြီး ပန်းစည်းလေးတစ်ခုပြုလုပ်လိုက်၏။

ခရာဝါပင်တန်းတွေအနီးမှာ လာစိုက်ထားသည့် ဆိတ်ဖလူးပင်အကိုင်းများကိုကြည့်ပြီး အံ့သြနေမိသည်။

"ဒီအပင်တွေ ဘယ်သူလာစိုက်ထားတာလဲ မိချို"

အိမ်ဖော်မလေးမိချိုအားလှမ်းမေးလိုက်သည်။

"ဟိုဘက်ခြံက အဘဦးဖိုးသီးလာစိုက်သွားတာပါ မမ"

တစ်ဖက်ခြံထဲရှိ ဆိတ်ဖလူးပင်ကြီးအား ခုတ်လိုက်ပြီဖြစ်ကြောင်း သူမနားလည်သဘောပေါက်သွားမိ၏။

မြားနတ်မောင်စာစပေ

ဒီလူကလည်း အငြိုးအမုန်းတွေများလိုက်တာ. . . .

ပန်းပင်တောင်မနေရဘူး ခုတ်ပစ်လိုက်သတဲ့. . .

ပန်းကြိုက်တဲ့မိန်းကလေးတွေ သူ့ခြံထဲထပ်ပြီးမလာအောင် အပင်ကိုခုတ်ပစ်လိုက်တာသေချာပါတယ်. . . . .

သူဟာ မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး အရမ်းမုန်းတီးနာကြည်းနေတဲ့ အချိန်မှာ သူ့ညီကကားမှောက်ခဲ့ရတယ်. . .

မှောက်သွားတဲ့ကားထဲမှာပါတဲ့ မိန်းမတွေအားလုံးပွန်းရုံပဲ့ရုံ ရောင်ရမ်းရုံကလွဲပြီး ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်ခဲ့ကြဘဲ သူ့ရဲ့ညီကခေါင်းနဲ့ခြေထောက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တယ်. . .

ခေါင်းမှာရတဲ့ဒဏ်ရာကြောင့် လှိုင်းသာဦးရဲ့မျက်လုံးတွေကွယ်သွားရင်. . .

အို. . . မတွေးရဲစရာပါလား. . .

တကယ်တော့ လှိုင်းသာဦးအား ရိုးဂိုးသကြန်သို့သွားရန် ခေါ်ခဲ့သူများမှာ သူမတို့ပင်ဖြစ်သည်။

သူမ ခရာဝါပန်းစည်းလေးကိုယူဆောင်ပြီး စက်ဘီးရှေ့ခြင်းထဲသို့ထည့်လိုက်၏။





ပြီးတော့ အိမ်ထဲပြန်ဝင်လာပြီး မျက်နှာသုတ်ပုဝါအသစ်တစ်ထည်နှင့် ကော်ဖီထည့်ထားသည့် ဓာတ်ဘူး၊ ပေါင်မုန့်ယိုသုတ်စသည့်တို့ကိုပါ ယူဆောင်လာခဲ့သည်။

ဆေးရုံသို့သူမ၏စက်ဘီးကလေးဖြင့် ထွက်လာခဲ့လေသည်။

ဆေးရုံရောက်တော့ လှိုင်းသာဦးအခန်းထဲသို့ ဝင်လာခဲ့၏။

အခန်းထဲကိုလှမ်းဝင်လိုက်သည်နှင့် လှိုင်းသာဦးခုတင်ဘေးတွင် ငိုင်တွေစွာထိုင်နေသည့် သူ့ကိုတွေ့လိုက်ရသည်။

သူကသူမကို မျက်လုံးစိမ်းများဖြင့် လှမ်းကြည့်နေသည်။

"ဘယ်လိုလဲ၊ သူသတိရပြီလား"

သူမအမေးကို သူကမဖြေပါ။

ဝရံတာသို့ထွက်သွားသည်။

"ကိုလှိုင်သာဦး သတိရပြီလားဟင်"

လှိုင်သာဦး ခုတင်ဘေးတွင်ရပ်ပြီး သူမ မေးလိုက်သည်၊

လှိုင်သာဦး မျက်လုံးတွေဖွင့်ကြည့်တော့ သူမဝမ်းသာပျော်ရွှင်သွားသည်။

"အို. . ရှင်သတိရနေပြီပဲ၊ မျက်လုံးတွေမြင်ရသလား"

"ဝေဝေဝါးဝါးဖြစ်နေတယ် ဆွေရှန်းရီ"

"ကျွန်မကို ရှင်သဲသဲကွဲကွဲမြင်ရတယ် မဟုတ်လား"

"မမြင်ရဘူးဗျ၊ ခင်ဗျားရဲ့အသံကိုမှတ်မိနေတာပါ"

"ရှင့်မျက်လုံးတွေ ဘယ်လိုဖြစ်တာလဲ၊ ကျွန်မသိပ်စိုးရိမ်နေမိတယ်"

"ကျွန်တော့်အစ်ကိုလဲ ခင်ဗျားလိုပဲ၊ အရမ်းစိုးရိမ်နေတယ်၊ မျက်နှာကိုအရှိန်နဲ့ရိုက်မိတယ်ထင်ပါရဲ့ဗျာ၊ မျက်ခွံတွေဖူးရောင်နေတာပဲမဟုတ်လား၊ ဆရာဝန်ကပြောတယ်၊ ပတ်တီးစည်းထား ရမယ်တဲ့"

"ကျွန်မတို့ကြောင့် ရှင်အခုလိုဖြစ်ရတာ"

"အခန့်မသင့်ရင် ကျွန်တော်မျက်စိတွေ ကွယ်သွားနိုင်တယ်လို့ ဆရာဝန်ကပြောတယ်"

သူမရင်တစ်ခုလုံး စိုးရိမ်ထိတ်လန့်မှုတွေ ဖုံးလွှမ်းသွားတော့၏။

သူမနောက်မှ ခြေသံသဲ့သဲ့ကြောင့် လှည့်ကြည့်လိုက်မိ၏။ လှိုင်းထိပ်ဦး အခန်းထဲသို့ဝင်လာခဲ့ခြင်းရယ်ပါ။

သူမနှင့်လှိုင်းသာဦးတို့နှစ်ယောက်ကို သူကအကဲခတ်ကြည့်နေသည်။

သူမက သူ့အတွက်ယူလာခဲ့သည့် ပန်းစည်းကလေးကို သူ့ခေါင်းအုံးဘေးရှိ မွေ့ယာခင်းပေါ်သို့တင်လိုက်ပြီး. . .





"ဒါရှင့်အတွက်ခူးလာတဲ့ ပန်းစည်းလေးပါ ကိုလှိုင်းသာဦး၊ ပြီးတော့ ရှင်သောက်ဖို့ကော်ဖီနဲ့ပေါင်မုန့် ယူလာခဲ့တယ်"

နာ့စ်မလေးတစ်ယောက်ဝင်လာပြီး လှိုင်းသာဦးအား ဆေးထိုးပေးပြီး သောက်ဆေးများသောက်ရန် ပေးလိုက်သည်။

"ဒီမှာ. . ကော်ဖီနဲ့မုန့်ယူလာခဲ့တယ်၊ သူ့ကိုကျွေးဖို့ နာ့စ်ကူညီပါဦး"

နာ့စ်က လှိုင်းသာဦးအား အနည်းငယ်ထူပေးလိုက်သည်။

ဆွေရှန်းရိက လှိုင်းသာဦးအား မုန့်နှင့်ကော်ဖီများ တိုက်ကျွေးနေသည်။

ပြီးတော့ ဆေးတွေတိုက်နေသည်။

ဆေးသောက်ပြီးသောအခါ လှိုင်းသာဦး အသာပြန်လှဲချလိုက်၏။

"ဒီမှာရှင့်အတွက် မျက်နှာသုတ်ပုဝါအသစ်၊ ကျွန်မယူလာခဲ့တယ်၊ ရှင်မျက်နှာသစ်ပြီးပြီလား၊ နာ့စ်ကူညီပါဦး"

နာ့စ်ကရယ်မောလိုက်ပြီး. . . .

ပေးရှန့်အတွက် စပါယ်ရှယ်နာ့စ်တစ်ယောက်ငှားထားရင် ကောင်းမယ်ထင်တယ်၊ လူနာကိုမျက်နှာသစ်ပေးဖို့အထိ ကျွန်မတို့ကအချိန်မရှိဘူးလေ"

"ဪ. . . ဆောရီး၊ ကျွန်မပဲမျက်နှာသစ်ပေး လိုက်ပါ့မယ်"

သူမက မျက်နှာသစ်ဘုံဘိုင်အနီးသို့လျှောက်သွားပြီး မျက်နှာသုတ်ပုဝါအစွန်းတစ်ဘက်ကို ရေဆွတ်၍ညှစ်လိုက်သည်။

ပြီးတော့ လူနာနားပြန်လျှောက်လာခဲ့ပြီး သူ့မျက်နှာကို မျက်နှာသုတ်ပုဝါဖြင့် အသာပွတ်သုတ်ပေးနေမိသည်။

ထိုအပြုအမူကို လှိုင်းထိပ်ဦး မရှုစိမ့်နိုင်သလို ကြည့်နေ ရာမှ. . . .

"ဒီမှာ. . မင်း၊ သူနာပြုနှစ်လုပ်ပါလား၊ ဘာဖြစ်လို့ လိုက်လျှားလိုက်လျှားအားနေတာလဲ"

"ရှင်ဘာပြောတာလဲ"

သူကသူမအမေးကိုမဖြေဘဲ သူ့ညီအားကြည့်၍. . .

"ဟေ့ကောင်. . . လှိုင်းသာဦး၊ မင်းကိုကြည့်ရတာ အတော်ဇိမ်ကျနေပါလားကွ၊ ငါတောင်လူနာဖြစ်ချင် လာသလိုပဲ . . . ဟား. . ဟား. . ဟား. ."

ရိသဲ့သဲ့သူ့စကားကြောင့် သူမမခံမရပ်နိုင်စွာ မျက်စောင်း ထိုးလိုက်သည်။



"ကိုကိုကလဲ. . . မဆွေရှန်းရီက စေတနာနဲ့ကူညီ နေတာကို အခုလိုရိသဲ့သဲ့ပြောတော့ ဘယ်ကောင်းပါ့မလဲဗျာ"

လှိုင်းသာဦး အားတုံ့အားနာပြောလိုက်သည်။

"မိန်းမတွေအတွက်နဲ့ မင်းအခုလိုဖြစ်ရတာ စိတ်မနာ ဘူးလား ဟေ့ကောင်"

"ဒါတော့ ကိုကိုအပြစ်ဖို့နေတာပဲ၊ ကံမကောင်းလို့ ကျွန်တော်အခုလိုဖြစ်ရတာလို့ပဲ ယူဆတယ်"

"မင်းခုလိုဖြစ်ရတာ မိန်းမတွေနဲ့မပတ်သက်ချင်ဘဲ ပတ်သက်နေရတာပေါ့ကွ"

"ဒါတော့ ရှင်ကတယူသန်နေတာပါ၊ မယုံရင်ရှင်ဆေးရုံ တက်ကြည့်ပါလား၊ ရှင့်ကိုမိန်းမသူနာပြုတွေပဲ ပြုစုကြမှာ"

"မင်းစကားကိုကြည့်ပြောပါ၊ နောက်ထပ်ငါ့ညီနား လာဖို့မလိုတော့ဘူး"

"ရှင်မလာ့စေချင်မှန်း နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မကတော့လာရဦးမှာပဲ"

သူမခပ်ပြတ်ပြတ်ပြောလိုက်သောကြောင့် သူအံ့အား သင့်သွားသည်၊ စိတ်လည်းဆိုးသွား၏။

"ကဲ. . . စကားရှည်မနေပါနဲ့တော့၊ ရှင့်ကိုကြည့်ရတာ တစ်ညလုံးလူနာနားမှာစောင့်နေရလို့ ပင်ပန်းနေပုံရတယ်၊ ကော်ဖီသောက်မလား၊ ဓါတ်ဘူးထဲမှာ ကော်ဖီတွေပိုနေတယ်၊ ကျွန်မငှဲ့ပေးမယ်လေ"

သူမအေးအေးဆေးဆေးပြောလိုက်သောကြောင့် သူ့မျက်နှာထားအနည်းငယ်လျော့သွားပြီး အခန်းထဲမှ ထွက်သွားသည်။

* * * * * * * * * * *

မြားနတ်မောင်စာပေ

## အခန်း (၇)

လှိုင်းသာဦး ဆေးရုံပေါ်တွင် တစ်လနီးပါးကြာအောင် ကုသနေရ၏။

သူ၏မျက်လုံးများ ရောင့်ရမ်းသည်ထက် ရောင်ရမ်းလာသောကြောင့် မျက်စိအထူးကုဆရာဝန်က ဆေးထည့်ပြီး ပတ်တီးစည်းထားစေ၏။

တော်ရုံနှင့်ပတ်တီးများ ဖြေခွင့်မရသေးပေ။

ထိုကိစ္စအား သူမ၏အဘွားဖြစ်သူက ကြားသိခဲ့ပြီး စိတ်မကောင်းအတော်ဖြစ်နေ၏။

မြားနတ်မောင်စာပေ

"ဆွေရှန်းရီ"

"ရှင် ဘွားဘွား"

"ဟိုဘက်ခြံကသူငယ်လေး မျက်လုံးနှစ်ဖက်ဒဏ်ရာပြင်းလို့တဲ့ ဆရာဝန်ကဆေးထည့်ပြီး ပတ်တီးစည်းပေးထားတယ်တဲ့"

"အဘွားကိုဘယ်သူပြောသလဲ"

"ဖိုးသီးပြောတာ၊ ဟုတ်သလားကွယ်"

"ဟုတ်တယ်အဘွား၊ ဆရာဝန်က အလင်းရောင်ကို မကြည့်ဘဲ တစ်လလောက်နေရမယ်လို့ပြောတယ်၊ ဒါကြောင့် ပတ်တီးစည်းထားရတာပါ ဘွားဘွား"

"လိုအပ်တဲ့အကူအညီရှိရင် ပေးလိုက်ကြပါကွယ်၊ သူတို့ အိမ်မှာက မိန်းကလေးတွေမရှိဘူးမဟုတ်လား၊ မော်လမြိုင် အလည်လာရင်း အခုလိုဖြစ်တာဆိုတော့ သနားစရာပါပဲ"

"သမီးအတတ်နိုင်ဆုံး ကူညီနေပါတယ်ဘွားဘွား၊ ဒါပေမယ့် သူ့အစ်ကိုက အပြစ်တင်ဝေဖန်နေတဲ့ မျက်လုံးတွေနဲ့ အမြဲတမ်းစောင့်ကြည့်နေတယ်လေ"

"အဲဒီလူရွယ်က စိတ်ကျန်းမာရေး မကောင်းရှာဘူးထင်တယ် ခွင့်လွှတ်ထားလိုက်ပါကွယ်"

သူမသက်ပြင်းရှိုက်နေမိသည်။

လှိုင်းသာဦးထံသို့ သူမနေ့စဉ်ရောက်ခဲ့၏။



လှိုင်းသာဦးက သူမအားကျေးဇူးတင်စကား ထပ်ခါတလဲလဲပြောခဲ့သော်လည်း သူကဖြင့် သူမကိုမြင်တိုင်းရန်လိုမုန်းထားစွာစောင့်ကြည့်နေတတ်သည်။

ထိုစဉ် တစ်ဖက်ခြံမှ မောင်အောင်ရောက်လာ၏။

"ဆရာက မမကိုတွေ့ချင်လို့တဲ့"

သူမအံ့ဩသွားသည်။

"ဆရာဧည့်ခန်းထဲမှာ စောင့်နေပါတယ်၊ အဲဒါမမလေး ကျွန်တော်နဲ့လိုက်ခဲ့ပါလား"

"ဘာကိစ္စရှိလို့တဲ့လဲ"

"ကျွန်တော်လဲမသိဘူး၊ ဒါပေမယ့် အရေးတကြီး တွေ့ချင်နေပုံရတယ်"

"ကျွန်မအခု သူ့ကိုသွားတွေ့ဖို့အချိန်မရဘူး"

"ဘာဖြစ်လို့လဲ မမ"

"ကိုလှိုင်းသာဦးဆီ ကျွန်မသွားရဦးမယ်၊ ဆေးရုံကို နေ့လယ်ထမင်းပို့ချိန်ရောက်ပြီလေ"

"ကျွန်တော် ဆရာ့ကိုပြန်ပြောလိုက်ပါ့မယ်"

လှိုင်းသာဦးထံသို့ သူမနေ့စဉ်ထမင်းပို့နေရ၏။

နံနက်စာ၊ နေ့လယ်စာ၊ ညစာ သုံးနပ်လုံးကို တာဝန်ယူပြီး ပို့ပေးခဲ့ခြင်းရယ်ပါ။

လှိုင်းထိပ်ဦးက ထိုကိစ္စနှင့်ပတ်သက်ပြီး ဘာမှမပြောခဲ့ပေ။

မောင်အောင်ပြန်သွားသောအခါ ထမင်းချိုင့်လေးယူပြီး ဆေးရုံသို့ သူမစက်ဘီးဖြင့်ထွက်လာခဲ့သည်။

ဆေးရုံရောက်တော့ သူမခြေသံကိုနားစွင့်နေသည့် လှိုင်းသာဦးကို တွေ့လိုက်ရသည်။

သူမ အသံမပေးဘဲ ခြေဖော့နင်းပြီး အခန်းထဲသို့ ဝင်လာခဲ့ရာ. . . .

"မဆွေရှန်းရီလားဟင်" ဟု ခပ်တိုးတိုးမေးလိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်မပါ၊ နေ့လယ်စာစားဖို့ အချိန်ရောက်ပြီလေ၊ ရှင်ဆာနေပြီလား"

"ကျွန်တော်မဆာပါဘူး၊ မနက်စောစောက မဆွေရှန်းရီ ရောက်မလာလို့ ကျွန်တော်မျှော်နေမိသေးတယ်"

"မနက်က ကျွန်မဘုရားသွားလို့ လာဖို့မအားဘူး၊ မောင်အောင်နဲ့ပဲရှင့်အတွက် နံနက်စာပို့ပေးလိုက်တယ်၊ ကျွန်မကြော်တဲ့ထမင်းကြော်က စားလို့ကောင်းတယ်မဟုတ်လား"

"ကျွန်တော် မစားဖြစ်ဘူးဗျာ"

သူ့စကားကြောင့် သူမအံ့ဩတွေဝေသွားသည်။

"ဆွေရှန်းရီအသံကို မကြားရရင် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ အဲဒါ သံယောဇဉ်တစ်ခုလားဟင်"





"ဒီမှာ. . ကိုလှိုင်းသာဦး၊ အကူအညီပေးနေတဲ့ လက်တွေကို မစော်ကားပါနဲ့ဆိုတဲ့ စကားကိုရှင် ကြားဖူးတယ် မဟုတ်လား၊ ရှင့်ကိုစေတနာသန့်သန့်နဲ့ အကူအညီပေးနေတဲ့ ကျွန်မရဲ့ စေတနာကို ရှင်နားလည်ရင် ကျေနပ်ပါပြီ"

"အကူအညီပေးနေတဲ့ လက်ကလေးတစ်စုံဟာ ဘယ်လောက်များနူးညံ့သလဲဆိုတာ ကျွန်တော့်ကိုဆုပ်ကိုင်ခွင့် ပေးပါလား ဆွေရှန်းရီရယ်"

သူကပြောပြောဆိုဆို ဆွေရှန်းရီ၏လက်ကလေး နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အသာဆုပ်ကိုင်ကြည့်လိုက်သည်။

သူမအသာရုန်းလိုက်ပြီး သူ့အတွက် နေ့လယ်စာကို ပြင်ဆင်ပေးလိုက်၏။

"ဆွေရှန်းရီဆိုတဲ့ မိန်းကလေးတစ်ယောက် ကျွန်တော့် အနားမှာ ထာဝရရှိနေမယ်ဆိုရင် ကျွန်တော်သိပ်ပျော်ရွှင် ကြည်နူးမိမှာပဲ"

သူ့အသံက စိတ်လှုပ်ရှားမှုကြောင့် အနည်းငယ် တုန်ယင် နေ၏။

"ကဲ. . . နေ့လယ်စာ စားတော့လေ၊ ကြက်သားလုံး ငါးဆုပ်လေးလုပ်လာခဲ့တယ်၊ အစိမ်းကြော်ကတစ်ပွဲ၊ ချဉ်ပေါင် ဟင်းချိုလေးနဲ့ဆိုတော့ ရှင်ထမင်းမြိန်မှာပါ"

သူက ထမင်းမစားဘဲကြည်နူးနှစ်ခြိုက်စွာပြုံးနေသည်။

"စားတော့လေ ကိုလှိုင်းသာဦး"

"မဆွေရှန်းရီကို ကျွန်တော်ချစ်နေမိပြီ"

"နိုးစပ်မှုဆိုတာ အချစ်မဟုတ်ဘူးနော် ကိုလှိုင်းသာဦး၊ တကယ်တော့ ရှင့်အနားမှာ ကျွန်မဂရုတစိုက်နဲ့ပြုစုနေခဲ့တာကို ရှင်ကအချစ်လို့ထင်မှတ်နေတယ်၊ တကယ်တော့ ဒါဟာ အချစ်မဟုတ်ဘူး၊ နိုးစပ်မှုပါ"

"ဆွေရှန်းရီမှားနေပြီ၊ ကျွန်တော့်နားမှာ ပြုစုယုယနေလို့ ချစ်မိခဲ့တာမဟုတ်ပါဘူး၊ သကြန်ရေကစားမဏ္ဍပ်မှာ မဆွေရှန်းရီကို မြင်တွေ့ခဲ့ရတဲ့နေ့ကစပြီး ကျွန်တော်ချစ်ခဲ့ မိတာပါ"

"သည်အကြောင်းတွေကို မေ့ထားလိုက်ပါလား ကိုလှိုင်းသာဦး၊ ရှင်ကျန်းမာလာတဲ့နေ့မှပဲပြောဖို့ ကျွန်မ တောင်းပန်ပါတယ်"

"ဘာဖြစ်လို့လဲ ဆွေရှန်းရီ"

"ရှင်ဆေးရုံကမဆင်းရသေးခင် ကျွန်မကဂရုစိုက် နေရဦးမှာမို့ ကျွန်မလိပ်ပြာသန့်အောင်ပါ"

"ကျွန်တော်နားလည်ပါပြီ ဆွေရှန်းရီရယ်"

စကားဆုံးသည်နှင့် သူဘာမှဆက်မပြောတော့ဘဲ ထမင်းနှင့်ဟင်းကိုစားနေသည်။





သူ့ကို ဆွေရှန်းရီထမင်းကျွေးနေစဉ် အခန်းထဲသို့ လှိုင်းထိပ်ဦးဝင်လာ၏။

သူ့မျက်နှာက ယခင်ရက်များကလို မတင်းမာတော့ဘဲ သာမန်အမူအရာမျက်နှာထားမျိုး ဖြစ်နေသည်။

လိမ်ညာလှည့်ဖျားသွားသော မိန်းမတစ်ယောက်ကြောင့် မိန်းမများကို အမုန်းကြီးမုန်းနေမိသော်လည်း ကြင်နာတတ်သည့် သူမ၏အပြုအမူလေးများကို နေ့စဉ်မြင်ရဖန်များလာတော့ မိန်းမတွေအားလုံးအဆိုးတွေချည်းပဲဟု သတ်မှတ်ရန် မဖြစ်နိုင်တော့ကြောင်း နားလည်လာမိသည်။

သူမသည် ကိုယ်ဟန်ကျော့ရှင်းလျက် လှပသပ်ရပ်စွာ နေ့စဉ်ဝတ်စားပြင်ဆင်ထားတတ်သည်။

သူမ၏ပါးပြင်နှစ်ဖက်ပေါ်မှာ ရှင်မတောင်သနပ်ခါး ရနံ့တွေ သင်းပျံ့နေတတ်ပြီး ဆံကေသာထက်တွင် မွှေးပျံ့သော ပန်းပွင့်လေးတစ်ပွင့်ကို အမြဲလိုလိုပန်ဆင်ထားတတ်သည်။

မိန်းမတွေအားလုံးကို မုန်းတီးနာကြည်းနေသည့် သူ့နှလုံးသားအား သူမ၏အကြင်နာမျက်ဝန်းများက ပြောင်းလွဲ ပစ်လိုက်လေပြီလား. . . သူနားမလည်နိုင်ပါ. . .

"ညီလေး. . . လှိုင်းသာဦး၊ သက်သာရဲ့လား မင်းရဲ့ မျက်လုံးတွေပတ်တီးဖြေဖို့ နှစ်ရက်သုံးရက်ပဲစောင့်ရတော့မယ်လို့ ဆရာဝန်ကပြောတယ်"

"ကျွန်တော်သိပြီးပါပြီကိုကို"

"မင်းကိုကြည့်ရတာ ရွှင်လန်းနေသလိုပဲ၊ ဆေးရုံက ဆင်းချင်ပြီလားကွ"

"ဖြစ်နိုင်ရင် အခုချက်ချင်းဆင်းချင်ပါတယ် ကိုကို"

"ဆင်းရမှာပေါ့ကွ၊ မေမေတောင်ညကဖုန်းဆက် သေးတယ်"

"မေမေ ဘာပြောသလဲကိုကို"

"မေမေက မော်လမြိုင်မှာ မင်းကြာနေလို့တဲ့၊ တစ်ခါမှလဲ ဖုန်းမဆက်ဘူးဆိုတော့ စိုးရိမ်စိတ်ဝင်နေတာပေါ့ကွာ"

မိခင်ဖြစ်သူအား လှိုင်းသာဦးကားမှောက်ပြီး ဆေးရုံ ရောက်နေသည့်အကြောင်းကို မပြောဘဲလျှို့ဝှက်ထားခဲ့သည်။

သူတို့မိခင်က နှလုံးနှင့်သွေးတိုးရောဂါရှိသောကြောင့် မပြောဝံ့ကြခြင်းရယ်ပါ။

ဆွေရှန်းရီက ထမင်းဟင်းချိုင့်များကိုသိမ်းလိုက်ပြီး ခြင်းတောင်းလေးထဲထည့်၍နှုတ်ဆက်လိုက်သည်။

ပြားနတ်မောင်စာပေ



"ကျွန်မပြန်တော့မယ် ကိုလှိုင်းသာဦး၊ ညနေကျရင် စိမ်းစိမ်းတို့ရှင့်ဆီလာကြမယ်တဲ့၊ ထုံးစံအတိုင်း ကီးမားပလာတာ ဝယ်ခဲ့ကြမယ်လို့ ဖုန်းဆက်တယ်"

ဆွေရှန်းရီနှုတ်ဆက်ပြီးထွက်သွားသည်။

လှိုင်းထိပ်ဦးက ရပ်ကြည့်နေရာမှ သူပါနှုတ်ဆက်လိုက်၏။

"ငါလဲသွားစရာကိစ္စတစ်ခုရှိလို့ အခုပဲပြန်တော့မယ်၊ ညနေမှစောစောလာခဲ့မယ်နော် ညီလေး"

သူဆေးရုံထဲမှ ပြေးထွက်လာခဲ့၏။

သူကားရှိရာရောက်တော့ သော့လှည့်ဖွင့်ပြီး ကားပေါ် တက်၍စက်နှိုးလိုက်သည်။

ဆွေရှန်းရီကိုလှမ်းကြည့်တော့ စက်ဘီးလေးနင်းပြီး ခပ်လှမ်းလှမ်းသို့ရောက်နေပြီဖြစ်သည်။

သူကားကိုခပ်မြန်မြန်မောင်းပြီး သူမစက်ဘီးဘေးမှ ဖြတ်တက်ကာ ကားပြတင်းမှနေ၍ အော်လိုက်သည်။

"ဟိတ်. . . ဆွေရှန်းရီ၊ မင်းနဲ့ကျုပ်ဆွေးနွေးစရာရှိတယ်၊ ခဏနေပါဦး"

"ခြံထဲပြန်ရောက်ရင် ဆွေးနွေးကြတာပေါ့"

"မရဘူး. . . ကိုယ်နဲ့ခဏလိုက်ခဲ့စမ်းပါ"

"ဘယ်ကိုလိုက်ရမှာလဲရှင့်"

ပြားနတ်မောင်စာပေ

"တောင်ပေါ်ဘုရားကိုလေ"

"အို. . . ဘာကိစ္စ ရှင်နဲ့တောင်ပေါ်ဘုရားကို လိုက်ရမှာလဲ"

သူက ကားကိုရုတ်တရက်ရပ်လိုက်သည်။

"မင်းကကိုယ့်ကို အထင်တသေးနဲ့ကြည့်နေတာ ဘာသဘောလဲ ဆွေရှန်းရီ"

"ရှင်ဘာဆွေးနွေးချင်လို့လဲ"

"ငါက တော်ရုံမိန်းမကိုစကားပြောတဲ့ကောင် မဟုတ်ဘူးနော်၊ ကိစ္စရှိလို့ ဆွေးနွေးစရာရှိလို့မင်းကိုခေါ်နေတာ"

"ရှင်ပြောချင်ရင် အခုဒီနေရာမှာပြောလဲရတာပဲ"

"ဒါလမ်းဘေးသစ်ပင်အောက်၊ ကျုပ်ရဲ့တန်ဖိုးရှိတဲ့ စကားတွေကို ဒီသစ်ပင်အောက်မှာပြောရမှာလား"

"ရှင်နဲ့တောင်ပေါ်ဘုရားလိုက်ခဲ့ဖို့တော့ မဖြစ်နိုင်ဘူး၊ ကျွန်မသွားတော့မယ်"

"မင်းကဘာမို့လို့ ဒီလောက်ကြီးကျယ်နေရတာလဲ"

"ကျွန်မက မိန်းမတစ်ယောက်လေ၊ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးတော့ရှိသင့်တာပေါ့"

"တောက်. . . ကြီးကျယ်လိုက်တဲ့မိန်းမ၊ ဆဒ္ဒန်ဆင်မင်းနဲ့ ဘာတော်ခဲ့ဖူးသလဲမသိဘူး"

မြားနတ်မောင်စာပေ



သူ မကျေမနပ်ပြောလိုက်ပြီး ကားစက်နှိုး၍မောင်းထွက် လာခဲ့သည်။

သူ့ကားကရှေ့မှ၊ ဆွေရှန်းရီ၏စက်ဘီးကနောက်မှ အသီးသီးပြန်လာခဲ့ကြသည်။

သို့သော် အိမ်ပြန်ရောက်တော့ တစ်ယောက်ကို တစ်ယောက် မျက်မုန်းကျိုးစွာ မထိမဲ့မြင်ကြည့်လိုက်ကြပြီး ဘာတစ်ခွန်းမှမဆွေးနွေးဖြစ်ကြပေ။

* * * * * * * * * *

မြားနတ်မောင်စာပေ

## အခန်း (၈)

နောက်တစ်နေ့နံနက်တွင် ဆွေရှုန်းရီထံ မောင်အောင်ကို လွှတ်ပြီးခေါ်ခိုင်းလိုက်သည်။

ဆွေရှုန်းရီက ဆွေးနွေးစရာရှိလျှင် သူမခြံထဲသို့လာရန် ပြန်ပြောလိုက်၏။

"ဆွေးနွေးစရာကိစ္စရှိရင် ဆရာသူတို့ခြံထဲလာပြီး ဆွေးနွေးပါလို့ ဆွေရှုန်းရီကပြောလိုက်တယ်"

မောင်အောင်လာပြန်ပြောသောစကားကြောင့် သူအတော်စိတ်ဆိုးသွားပြီး. . .

"ဒီမိန်းမအတော်ကြီးကျယ်နေပါလား. . . ဘာဖြစ်လို့ သူကဒီခြံထဲကိုမလာနိုင်ရတာလဲ"

"ဆရာ့ခြံထဲကို မိန်းမတွေလာတာမကြိုက်လို့ဆရာက ဆိတ်ဖလူးပန်းပင်ကြီးကိုတောင် ခုတ်ပစ်လိုက်ပြီပဲ၊ ဒါကြောင့်မို့ သူမလာတော့တာနေမှာပေါ့"

"မင်းက သူ့ရဲ့ရှေ့နေလား"

"မဟုတ်ပါဘူး. . . ဆရာ"

"မဟုတ်ရင်လျှာရှည်မနေနဲ့"

"သူခြံထဲမှာ စောင့်နေမယ်တဲ့ဆရာ၊ အဲဒါသူ့ဆီကို ဆရာသွားလိုက်ပါလား"

"ငါကဘာကြောင့် သူ့ဆီသွားရမှာလဲကွ"

"ဆရာပဲဆွေးနွေးစရာရှိတယ်ဆို"

"သြော်. . . ဒီလိုလား၊ ငါစိတ်ဆိုးပြီးဆွေးနွေးရမယ့် ကိစ္စကိုတောင် မေ့သွားမိတယ်"

"သူခြံထဲမှာထိုင်နေတုန်း ဆရာမြန်မြန်သွားလေ၊ တော်ကြာဆေးရုံထွက်သွားရင်လွဲနေဦးမယ်"

"ကောင်းပြီ. . . ငါအခုပဲသွားမယ်"

သူအဝတ်လဲပြီး တစ်ဖက်ခြံသို့ထွက်လာခဲ့သည်။

မြားနတ်မောင်စာပေ



သူမ၏ခြံက သူ့ခြံလောက်မကျယ်ဝန်းသော်လည်း ပန်းပင်အတော်များများ စိုက်ပျိုးထားတာကိုတွေ့ရလေသည်။

သူမသည် ခရာဝါပန်းပင်များဘေးရှိ ရေကန်အနီးမှ ကျောက်ခုံလေးတစ်ခုံပေါ်မှာထိုင်နေသည်။

သူ့ကိုမြင်တော့. . .

"လူကြီးမင်းရောက်လာပြီကိုး၊ ထိုင်ပါရှင်. . ထိုင်ပါ"

သူမရှေ့ရှိ ကျောက်ခုံတစ်ခုံပေါ်ထိုင်ရန် ညွှန်ပြပြီး ပြောလိုက်သည်။

သူကမျက်နှာထားတင်းတင်းဖြင့် သူမနှင့်မျက်နှာချင်းဆိုင် ကျောက်ခုံပေါ်တွင်ထိုင်လိုက်သည်။

"ဟဲလို. . . ပြောပါ. . လူကြီးမင်း"

"လှိုင်းသာဦးနဲ့မင်းရဲ့ကိစ္စကို ကိုယ်ဆွေးနွေးချင်လို့ပါ"

"ဈာန်မနဲ့သူ့ရဲ့ကိစ္စ. . ဟုတ်လား"

"ဟုတ်တယ် မင်းတို့နှစ်ယောက်ရဲ့ကိစ္စပဲ"

"ဆိုပါဦး"

သူကရုတ်တရက်ပြောရမှာခက်နေသလို သူမမျက်နှာကို အကဲခတ်ကြည့်နေသောကြောင့် သူအံ့သြနားမလည်နိုင်စွာ ပြန်ကြည့်နေမိသည်။

မြားနတ်မောင်စာပေ

"တကယ်လို့များ ကျုပ်ရဲ့ညီ လှိုင်းသာဦး မျက်လုံးတွေ ကွယ်သွားမယ်ဆိုရင် မင်းဘယ်လိုလုပ်မလဲ"

"ကျွန်မဘာလုပ်ရမှာလဲ"

"မင်းတစ်ခုခုလုပ်ပေးရမှာပေါ့"

"တကယ်လို့များ သူဟာမျက်လုံးတွေကွယ်သွားမယ်ဆိုရင် ဒါဟာသူ့ရဲ့ကံတရားပေါ့ ကျွန်မက ဘာတတ်နိုင်မှာလဲ"

သူမစကားကြောင့် သူမချိုပြုံးပြုံးလိုက်သည်။

"ရှင်ဘာပြုံးတာလဲ"

"ဟား. . ဟား. . ဟား. . မင်းကိုငါနားလည်သွားပြီ၊ တကယ်တော့ မင်းဟာမိန်းမထဲက မိန်းမတစ်ယောက်ပဲ၊ မိန်းမတွေဟာ တစ်ကိုယ်ကောင်းဆန်တဲ့ သတ္တဝါတွေပဲ မဟုတ်လား"

"ရှင်ရိုင်းလှချည်လား. . . ဘာတွေပြောနေတာလဲ"

"အတ္တဆန်တဲ့မိန်းမတွေအကြောင်းကို ပြောနေတာလေ၊ အတ္တဆန်လို့လဲ မိန်းမတစ်ယောက်ဟာ ကိုယ့်ဆီကငွေကြေး မြောက်များစွာကို လိမ်ပြေးသွားတာပေါ့၊ ဒါကြောင့် မိန်းမတွေကို ကိုယ်အထင်မကြီးနိုင်တော့ဘူး"

သူမနားထောင်ရင်း ဒေါသဖြစ်နေမိသည်။





"ဒီမှာ. . . ရှင့်ကိုလိမ်ညာလှည့်ဖျားသွားတဲ့ မိန်းမ တစ်ယောက်အတွက်နဲ့ပတ်သက်ပြီး တခြားမိန်းမတွေကို မစော်ကားပါနဲ့ ရှင်ပြောစရာကုန်ပြီဆိုရင်ပြန်ပါတော့"

"ကျုပ်ပြောစရာ မကုန်သေးဘူး"

"ဒါဖြင့် စကားကိုယဉ်ယဉ်ကျေးကျေးပြောဖို့ သတိပေး ချင်တယ်"

"မင်းကဆတ်ဆတ်ကြဲပါလား"

"ကျွန်မကိုဝေဖန်နေမယ့်အစား ရှင်ပြောစရာရှိတဲ့စကားကို အမြန်ဆုံးပြောပါ"

"ကောင်းပြီ. . . ကိုယ်ပြောမယ်၊ လှိုင်းသာဦးမျက်လုံးတွေ ကွယ်သွားရင် သူ့ကိုမင်းလက်ထပ်ရမယ်"

"ဘာ. . ."

သူမထိတ်လန့်အံ့ဩစွာအော်ဟစ်လိုက်မိသည်။

"ဘယ်လိုလဲ. . . မင်းထိတ်လန့်ကြောက်ရွံ့သွားပြီ မဟုတ်လား"

"ဒါတော့ ရှင်ကိုယ်ချင်းမစာမနာပြောတာကိုး၊ ကျွန်မက သူ့ကိုဘာဖြစ်လို့လက်ထပ်ရမှာလဲ"

"သကြံန်တွင်းလည်ဖို့ မင်းတို့ခေါ်သွားကြတာမဟုတ်လား၊ ဒါကြောင့် သူ့ကိုမင်းလက်ထပ်ရမယ်"

"ဪ. ကျွန်မသဘောပေါက်ပြီ၊ ရှင်က ကျွန်မပယောဂ မကင်းဆိုပြီး ရှင့်ညီကိုလက်ထပ်ခိုင်းတာလား"

"ဟုတ်တယ် မင်းတို့မိန်းမတွေကြောင့် ငါ့ညီအခုလို ဖြစ်ရတာ မင်းတို့ရဲ့ပယောဂမကင်းဘူး၊ သူ့ကိုမင်းလက်ထပ် နိုင်သလား၊ သူဟာငါ့ရဲ့တစ်ဦးတည်းသောညီပဲ၊ ငါ့ရဲ့စည်းစိမ်ဥစ္စာ တစ်ဝက်ကိုခွဲပေးမယ်"

"ရှင်က ကျွန်မကိုစည်းစိမ်ဥစ္စာနဲ့ မျှားနေတာလား၊ ရှင့်စည်းစိမ်ဥစ္စာတွေကို ကျွန်မအထင်မကြီးဘူး. . နားလည်လား"

"ဘာပဲဖြစ်ဖြစ် လှိုင်းသာဦးကို မင်းလက်ထပ်မယ်ဆိုရင် ကိုယ်ကျေနပ်ဝမ်းသာမိမှာပါ"

"ကောင်းပြီလေ. . . ကျွန်မစဉ်းစားမယ်၊ ကျွန်မတို့ မိန်းကလေးတွေကြောင့် သူမျက်စိကွယ်သွားတာဆိုရင် အားလုံးရဲ့ပယောဂမကင်းဘူး၊ သူ့ကိုလက်ထပ်ဖို့ မဲစနစ်နဲ့ ခွဲရမှာပဲ"

"သူခိုးသားရေပေါ်ညှိဆိုသလို မင်းကသူများတွေပါ ဆွဲထည့်ဦးမှာလား၊ မင်းသူငယ်ချင်းတွေကရော ငါ့ရဲ့ တောင်းဆိုချက်ကိုလက်ခံနိုင်ကြပါ့မလား"

"ဒါက ကျွန်မကိစ္စပဲလေ"





"မင်းရဲ့သဘောထားကို ဘယ်တော့သိရမလဲ"

"ရှင့်ညီတောင် ဆေးရုံကမဆင်းသေးဘူး၊ ကျွန်မက ဘာပြောရမှာလဲ၊ ဒီကိစ္စကိုအေးအေးဆေးဆေး စဉ်းစားကြ တာပေါ့"

"အိုကေ. . . ဒါဖြင့်ကိုယ်ပြန်တော့မယ်၊ ဒါနဲ့ဆေးရုံ သွားတော့မလား"

"ခဏကြာရင်သွားမယ်"

သူထိုင်ရာမှထရပ်လိုက်ပြီး ထွက်လာခဲ့သည်။

သူခြံထဲပြန်ရောက်တော့ ကားပေါ်တက်ပြီးမောင်းထွက် လာခဲ့သည်။

ဆေးရုံသို့ သူမ မသွားမီသူကြိုပြီးထွက်လာခဲ့ခြင်းပါ။

လမ်းတစ်နေရာရှိ ပိတောက်ပင်ကြီးအောက်တွင် သူကားကိုရပ်လိုက်ပြီး သူမစက်ဘီးလေးအလာကို စောင့်ကြည့် နေမိသည်။

နေ့စဉ်နေ့တိုင်း သူမကိုတစ်နေ့မပြတ် မြင်တွေ့ခွင့် ရခဲ့ပြီးနောက် လှိုင်းသာဦးကို ဂရုတစိုက်ပြုစုကျွေးမွေးနေသည့် သူမ၏မိန်းကလေးပီသမှု၊ မိခင်စိတ်ရှိသော မိန်းမတစ်ယောက်၏ သဘာဝတရား၊ အကြင်နာတရား စသည်တို့ကို သူသိမြင် နားလည်ခွင့်ရခဲ့သည် မဟုတ်ပါလား. . . .

သူမမျက်ဝန်းတွေထဲမှ ကြင်နာမှုနှင့်နူးညံ့မှုများကို မေ့မရနိုင်လောက်အောင် စွဲစွဲလမ်းလမ်းဖြစ်နေမိသည်။

သူမ၏ရိုးသားကြင်လင်သောအပြုံးများ၊ တည်ငြိမ်သောအလှ၊ ကြင်နာစွာပြောတတ်သောစကားသံများနှင့် သန့်ရှင်းလှပသောပုံစံလေးက သူ့နှလုံးသားထဲသို့ တစ်နေ့တစ်ခြား ဝင်ရောက်ခဲ့လေပြီ။

မိန်းမတစ်ယောက်ကြောင့် မိန်းမတွေအားလုံးကို အမုန်းကြီးမုန်းခဲ့သည့်သူသည် အခုတော့ဆွေရှန်းရီဆိုသည့် မိန်းကလေးကိုအသည်းနင့်အောင် စွဲစွဲလမ်းလမ်း ချစ်နေမိပြီဆိုတာကို သူမှလွဲ၍မည်သူမှမသိနိုင်ကြပေ။

သူ့ရင်ထဲမှတိတ်တခိုးခံစားချက်များအား နားလည်ခွင့်ရကြမည်ဆိုပါလျှင် ဘယ်လောက်များ ဟားတိုက်ရယ်မောကြမှာပါလိမ့်. . .

ဆွေရှန်းရီ. . .

ဆွေရှန်းရီ. . .

မင်းကို ကိုယ်တိတ်တခိုးချစ်ခင်စွဲလမ်းနေမိပြီ၊ ဒါပေမယ့် ကိုယ့်မာနကို ကိုယ်ဘယ်လိုချရမလဲ. . .

မိန်းမတွေကို အမုန်းကြီးမုန်းနေတဲ့အကြောင်း ကိုယ့်ပတ်ဝန်းကျင်ကလူတွေအားလုံးသိနေကြတယ်. .

မြားနတ်မောင်စာပေ



ဒါကြောင့် မင်းကိုချစ်တဲ့အကြောင်း ကိုယ်မဖွင့်ဟဝံ့ဘူး. .

ပြီးတော့ လှိုင်းသာဦးကိုလက်ထပ်ဖို့ ဘာကြောင့်များ ပြောခဲ့မိပါလိမ့်. . .

သူတစ်ယောက်တည်းတွေးနေမိစဉ် ဆွေရှန်းရီ၏ စက်ဘီးလေး ဖြတ်နင်းသွားတာကိုမြင်လိုက်ရသည်။

သူဆေးရုံသို့လိုက်မသွားတော့ဘဲ ထိုပိတောက်ပင်ကြီးအောက်တွင် ကားကိုရပ်လျက် ဆွေရှန်းရီပြန်အလာကိုစောင့်မျှော်နေမိသည်မဟုတ်ပါလား. . . . . . . . .။

စာဖတ်ပရိတ်သတ်များအား

လေးစားချစ်ခင်ကျေးဇူးတင်ပါသည်။

စာရေးတဲ့

စုလှဖြူ

မြားနတ်မောင်စာပေ